

www.burmeseclassic.com
အံ့ဖွယ်ဂမ္ဘီရဖြစ်စဉ်ရုပ်ဆန်
ကပ္ပတိန်ကောလင်း
နှင့်
တစ္ဆေလှေ
BURMESE CLASSIC
ကြိုစက္က လင်းရောင်တင်
နန်းကြော့သျှင် အိုယွန်းယုဉ်
ရီရီမွှေး ဖိုးကျော့
ဝေယံလင်းခေါင်
www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | လှိုင်းမျက်နှာပြင်လမ်း | တြိစက္က |
| ၂။ | ဣစ္စာသယဆရာဟိန်းနှင့် ကျောက်စုန်းအန္တရာယ် | လင်းရောင်တင် |
| ၃။ | အိမ်ပေါ်မှိုရောက်ခြအုံရောက်၍ | ဝေယံလင်းခေါင် |
| ၄။ | တောင်ပုဇွန်သားကြွပ်ကြွပ်ဝါး | ဖိုးကျော့ |
| ၅။ | ကပ္ပတိန်တောလင်းနှင့်တစ္ဆေလှေ | ရိုရိုဌေး |
| ၆။ | ရတနာသေတ္တာရှင် ကျောက်မီကျောင်းကြီး | ရိုရိုဌေး |
| ၇။ | ပြဒါးပြာ | အိုယွန်းယုဉ် |
| ၈။ | ဂမ္ဘီရကုန်းမှရွှေစေတီ ငွေစေတီ | အိုယွန်းယုဉ် |
| ၉။ | အမှောင်ထဲက ခေါင်းပြတ်တစ္ဆေ | နန်းကြွေချို |
| ၁၀။ | ဆရာဆူး | အိုယွန်းယုဉ် |


# လှိုင်းမျက်နှာပြင်လမ်း

## တြိစက္က

(၁)

ရေစီးအားအရှိန်ပြင်းပြင်းနှင့် မျောပါသွားသော သူ၏လှေကလေးမှာ တစ်စတစ်စနှင့် ပင်လယ်ဝဖြစ်သော ပိတ်စွယ်ဝဲခွဆိုင်ဘက်သို့ ရောက်လာသည်။

ထိုနေရာသည် ကမ်းခြေနှင့် အလှမ်းဝေးလှပြီး ပင်လယ်ရေစီးကြောင်းနှင့်နီးသောကြောင့် အန္တရာယ်များလှသည်။ တော်ရုံရေလုပ်သားတို့ စွန့်စွန့်စားစား မလာဝံ့သော နေရာဖြစ်သည်။ ရေစီးကကြမ်း၊ လှိုင်းကလည်း ထန်သည်။ မှန်တိုင်းအရိပ်အငွေ့ရှိနေသောကြောင့် မိုးမှုံမိုးဖွဲများ ကျဆင်းနေရာ ဝတ်ဝန်းကျင်ကို လှမ်းမမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်တွင် လူတစ်ယောက်ပါလာသည်။ သူ့နာမည်က နီမောင်။

ကြက်ပြေးကျွန်းရွာတွင်နေသော ရေလုပ်သားတစ်ဦးဖြစ်သည်။ နီမောင်သည် အသက် ၃၀ အရွယ်ဝန်းကျင်ရှိ လူရွယ်တစ်ယောက်ဖြစ်ပြီး ကြံ့ခိုင်သန်စွမ်းမှုလည်းရှိသည်။ ရေကြောင်းလေကြောင်း ကျွမ်းကျင်ရုံမက ရေလုပ်ငန်းလုပ်သက်ရင့်သဖြင့် သူထွက်လာလျှင် ငါးမရဘဲ ပြန်ရသည်မရှိပေ။

နီမောင် လှေပေါ်မှာ ပက်လက်လှန်နေရင်း မှုန်မှိုင်းလျက်ရှိသော မိုးကောင်းကင်ကို မော့ကြည့်နေသည်။ သူ့မျက်နှာပေါ်သို့ မိုးမှုန်မိုးစက်များ တဖွဲဖွဲကျဆင်းလျက်ရှိရာ စပ်ဖျဉ်းဖျဉ်းဖြစ်နေတော့သည်။ မျက်စိထဲသို့ မိုးစက်များဝင်နေသောကြောင့် ပါးပေါ်သို့ မျက်ရည်စီးကြောင်းများသဖွယ် စီးဆင်းသွားသည်။

ကောင်းကင်ပြင်၌ လေနှင့်အတူ တိမ်မည်းများက ရွေ့လျားနေကြသည်။ ယိုကဲ့သို့ပင် နီမောင်၏ စိတ်အလျင်မှာလည်း ပျံ့လွင့်နေတော့သည်။ လှေထွက်မလာခင်က ရွာ၌ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုကို မမေ့နိုင်အောင် တဝဲဝဲ တလယ်လယ် သတိရနေမိသည်။





ထိုအကြောင်း၏ အစိကမှာ 'ကျော့မေ'ပင်ဖြစ်တော့သည်။ ကျော့မေသည် ကြက်ပြေးကျွန်းရွာတွင် ကွမ်းတောင်ကိုင်တစ်ဦးဖြစ်ရုံမက မိဘများကလည်း လယ်ပိုင်၊ ချောင်းပိုင်၊ ခနိုပိုင်၊ အုန်းခြံများပိုင်ဆိုင်ကာ ချောင်လည်ကြသည်။ ကျော့မေက ရုပ်ရည်ကလည်းချောမော လှပသူဖြစ်သဖြင့် ကြက်ပြေးကျွန်းရွာမှ ကာလသားများသာမက အခြားရွာများက ကာလသားများကပင် လာရောက်ပိုးပန်းခံရသူဖြစ်သည်။

ကြက်ပြေးကျွန်းရွာမှ ကျော့မေကို စိတ်ဝင်စားကြသော ကာလသားများအနက် နီမောင်နှင့် ထွန်းအောင်တို့မှာ ထိပ်ဆုံးမှ ပါဝင်ကြသည်။

၄င်းတို့နှစ်ဦးမှာ ငွေကြေးဥစ္စာမပြည့်စုံကြသော်လည်း ကျော့မေနှင့် ကျောင်းနေဖက် ငယ်သူငယ်ချင်းများဖြစ်သောကြောင့် ကျော့မေ၏ မျက်နှာသာပေးမှုကို ခံကြရသူများလည်း ဖြစ်ကြသည်။

နှစ်ယောက်စလုံး ရေလုပ်ငန်းကျွမ်းကျင်ကြသဖြင့် ရှာရသမျှ သားငါးများကို ကျော့မေတို့၏ ငါးဒိုင်တွင် သွင်းကြသည်။ ယခုတလော ထွန်းအောင် ကံကောင်းသည်ဟု ဆို၍



www.burmeseclassic.com

www.burmeseclassic.com



မည်။ ထွက်ရှာသမျှ ငါးကြီးများအထိ အမိများပြီး နီမောင်က တော့ ထွက်ရှာတိုင်း ငါးမရပေ။

နှစ်ယောက်စလုံး ကျော့မေကို အပြိုင်ပိုးပန်းနေသဖြင့် ထွန်းအောင်မှာ ကျော့မေ၏ မျက်နှာသာပေးခြင်းကို ခံနေရသည်။

"နီမောင် … နင် လှေတစ်စီးနဲ့ မြစ်ထဲမှာဘာတွေ လျှောက်လုပ်နေတာလဲ၊ ငါးလည်းမရပါလား"

"ရေထဲကငါး ကိုယ်မြင်ရတာမှ မဟုတ်တာ၊ သူလာဟပ်မှ ရမှာပေါ့ဟ"

"ပြောလိုက်ရင် ဆင်ခြေချည်းပဲ၊ ကြိုးစားချင်စိတ်ကို မရှိဘူး"

"ငါက ဘာကိုကြိုးစားရမှာလဲ"

"အကုန်လုံးပေါ့၊ နင် ကြိုးစားရင် ရနိုင်တာပဲ"

ကျော့မေစကားက ကိုယ်လိုရာဆွဲတွေးလျှင် အဓိပ္ပာယ် အများကြီးပါသော စကားမျိုးဖြစ်သည်။

"အခြေအနေ မတူတာတွေ၊ မရနိုင် မဖြစ်နိုင်တာတွေ ကြိုးစားနေတော့ရော ကိုယ်လိုချင်တိုင်း ရမှာမှမဟုတ်တာ"





"နင့်ယောကျ်ားမဟုတ်ဘူးလား၊ မလုပ်ခင်က မဖြစ်ပါဘူးလို့ ညည်းနေတာ ယောကျ်ားကောင်း မဟုတ်ဘူး၊ လိုချင်တာကိုရအောင်လုပ်ယူနိုင်မှ ယောကျ်ားကောင်းလို့ခေါ်တယ် မှတ်ထား"

နီမောင် ကျော့မေကို ဖျပ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်သည်။ အကြည့်ချင်း ခဏဆုံခိုက် ကျော့မေ၏ မျက်ဝန်းထဲတွင် အဓိပ္ပာယ်ပါသော လျှို့ဝှက်ချက်တစ်ခုကို သူသတိပြုမိသွားသည်။

"ဘာပဲဖြစ်ဖြစ် နင်ကျေနပ်အောင် ငါကြိုးစားပြရမှာပေါ့ ကျော့မေရာ"

နီမောင် စိတ်ထဲမှာ ကျိတ်၍ ကြုံးဝါးလိုက်ပြီးနောက် လှေပေါ်သို့ လက်နက်ကိရိယာများ တင်ဆောင်ကာ ပင်လယ်ဝဘက်သို့ ထွက်လာခဲ့သည်။

နီမောင် အတွေးစရပ်ပြီး မြစ်ရေပြင်ပေါ်သို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ သူချထားသော ဖော့လုံးကလေးများမှာ လှိုင်းများကြားဝယ် မြုပ်တစ်ခါပေါ်တစ်လှည့်ဖြင့် ရေစီးအတိုင်း မျောပါနေကြသည်။ လှိုင်းနှင့်အတူ လှုပ်ရှားနေပုံမှာ အမူးလွန်နေသူများပမာ ယိမ်းထိုးလျက်ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဖော့ချထားတာ ကြာပြီ။

ယခုအထိ ငါးတစ်ကောင်မှ မဟပ်သေးပေ။ အမှန်တော့ သည်ရာသီဥတု အခြေအနေနှင့် သူရောက်နေသော နေရာလောက်ဆိုလျှင် ဖော့သိမ်းပြီး ပြန်ရန်သင့်နေပြီ။ ဒါပေမဲ့ သူမပြန်ချင်သေး။

ငါးမရမချင်း ရွာသို့မပြန်ဟု ဆုံးဖြတ်ထားသည်။

အခုလို မှန်တိုင်းအရိပ်အငွေ့သန်းကာ ရေပြင်မငြိမ်မသက်ဖြစ်နေသော အချိန်မျိုးတွင် ငါးရနိုင်ရန် ခဲယဉ်းလှပေသည်။

ထိုအချိန်တွင် လေပြင်းများ တစ်စတစ်စ တိုက်ခတ်လာပြီး မြစ်ပြင်ပေါ်တွင် လှိုင်းများထလာသည်။

ဆက်နေလို့ မရနိုင်တော့။

နီမောင် ကဗျာကရာထပြီး ဖော့လုံးကြီးများကို ပြန်သိမ်းစဉ် ရေပြင်ပေါ်တွင် ဖော့လုံးတစ်လုံး ပျောက်ဆုံးနေသဖြင့် လှိုင်းကြားတွင် အလောတကြီးလိုက်ရှာသည်။ ထိုအချိန်တွင် သူနှင့်မလှမ်းမကမ်း လှိုင်းကြားထဲတွင် မြုပ်နေသော ဖော့လုံး ပြန်ပေါ်လာ၏။ နီမောင် ထိုနေရာသို့ လှေကိုလှော်သွားစဉ်





အနီးရောက်သောအခါ ဖော့လုံးက ပြန်မြုပ်သွားပြန်၏။ ဤသို့ဖြင့် မြုပ်လိုက်ပေါ်လိုက်နှင့် လှိုင်းကြားထဲတွင် လိုက်မဆုံးအောင်ရှိနေပြီး တစ်စတစ်စနှင့် ကမ်းခြေနှင့် ဝေးသထက်ဝေးလာကာ ကမ်းမမြင် လမ်းမမြင် ပင်လယ်တွင်းသို့ ရောက်မှန်းမသိ ရောက်ခဲ့ပြီ။

"ငါးကြီးကြီးတစ်ကောင်ကတော့ မိနေတာ သေချာပြီ၊ ငါ့အတွက် ကံကောင်းတာလား၊ ကံဆိုးချင်တာလား မသိတော့ဘူး၊ ဒါ ငါ့ရဲ့ ဖွဲနဲ့သတ္တိကို စမ်းတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ဒီငါးကို ရအောင်ဖမ်းပြီးမှ ငါပြန်တော့မယ်"

ထိုသို့ ဆုံးဖြတ်ပြီး နီမောင် ဖော့လုံးရှိရာသို့ တရကြမ်းလှော်သွားသည်။ မကြာမီ ရေပြင့်ပေါ်တွင် မြုပ်လိုက်ပေါ်လိုက်ဖြစ်နေသော ဖော့လုံးကို သူဆယ်မိသွားသည်။ ဖော့လုံးကိုကိုင်လိုက်မိသည်နှင့် လက်တွင်း၌ တင်းနေသော အတွေ့အထိကြောင့် ရေအောက်မှာမိနေသော ငါးမှာ အတော်ကြီးကြောင်း အတွေ့အကြုံအရသိလိုက်ပြီး လက်ရှိရင်ဆိုင်နေရသော သဘာဝအန္တရာယ်များကို မေ့လျော့ကာ နီမောင် ဝမ်းသာသွားသည်။ ဖော့ကြိုးကို ကိုင်မိသည်နှင့် နိုင်လွန်ကြိုးစကို လှေဦးရှိ



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းဆွဲချည်လိုက်ရာ လှေမှာ ရေအောက်မှ ငါးဆွဲရာနောက်သို့ ပါလေတော့သည်။

ငါး၏ဆွဲအားအရှိန်မှာ အတော်ပင်မြန်ရာ လှေမှာ လှိုင်းလုံးများကြားတွင် စက်တပ်ယာဉ်ပမာ လျင်မြန်စွာ ပါသွားလေတော့သည်။ လှေဦးမှ ဖြာထွက်လာသော ရေပန်းဖွားများမှာ ဖွေးထဲရောက်အောင်ပင် လာရောက်စင်လေသည်။

'ဆွဲစမ်း... မင်းကြိုက်သလောက် ဆွဲစမ်း၊ မောပြီးအရှိန်ကုန်ရင် ရပ်သွားလိမ့်မယ်၊ ငါ့ရဲ့နိုင်လွန်ကြိုးတွေကတော့ ဝေလငါးတိုးရင်တောင် ပြတ်မထွက်နိုင်ဘူးဟေ့'

ဤသို့ဖြင့် ဆွဲပြေးလိုက် ရပ်သွားလိုက်ဖြင့် ရေအောက်မှ ငါးလည်း အတော်မောကာ နီမောင်လည်း ပင်လယ်တွင်းရောက်ခဲ့ပေတော့သည်။

ငါးမော၍ ဆွဲပြေးတာ ရပ်သွားသောအခါ နီမောင်ကြိုးမှ တဖြည်းဖြည်း ဆွဲတင်လိုက်သည်။ ရေအောက်မှ အလွန်လေးသော အရာကြီးတစ်ခု ပါလာမှန်းသိရလျှင် လှေဝမ်းအတွင်းမှ စလွတ်ကို ဘေးနားတွင် အသင့်ယူထားပြီးမှ ဆက်၍ဆွဲတင်သည်။





မကြာမီ ရေအောက်မှ ငါးကြီး လှိုင်းမျက်နှာပြင်ပေါ်ပေါ်လာတော့သည်။

'ဟိုက်... နည်းတဲ့ငါးကြီး မဟုတ်ပါလား'

ရေထဲမှပေါ်လာသော ငါးကြီးမှာ ငါးရွှေငါးဖြစ်ပြီး လှေနှင့် ယှဉ်ပြီးပေါ်လာခြင်းဖြစ်ရာ ၁၂ တောင်ခန့် အလျားရှည်သော သူ့လှေထက်ပင် အလျားပိုရှည်နေ၏။

'ဟင်... ငါးကြီးရဲ့ကိုယ်ပေါ်မှာ စာတွေပါလား'

ငါးကြီးကျောပေါ်မှ စားများကို သဲသဲကွဲကွဲ မမြင်ရသော်လည်း ခေါင်းပေါ်တွင် (စ) ဘေးနှစ်ဖက်တွင် (ခ) (ဗ) နှင့် အမြီးတွင် (ဝ) အက္ခရာကြီးများကို သဲသဲကွဲကွဲမြင်လိုက်ရသည်။

'စ·ခ·ဗ·ဝ' ဆိုတာ ဘုရားစာတွေပဲ၊ ဒီလိုဆိုရင် ဘုရားငါးများ ဖြစ်နေမလား'

နီမောင့်နားထဲတွင် အဘိုးမသေခင်က ဆုံးမသွားသော စကားများကို ပြန်လည်ကြားယောင်လာသည်။

'ကိုယ့်မရှိလို့ ရေပိုးရေမွှားရှာစားရတယ်ဆိုပေမယ့် မလုပ်သင့်တာ ဘယ်တော့မှမလုပ်နဲ့ ငါ့မြေး၊ အသက်မွေးဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအလုပ်နဲ့ စိတ်ထားနဲ့က တခြားစီပဲ၊ တံငါဆိုပေမယ့် စိတ်ကောင်းကောင်းမွေးရင် ဘယ်တော့မှ ဒုက္ခမရောက်ဘူး၊ ဒုက္ခရောက်ရင်တောင် ကယ်မယ့်သူပေါ်တယ် မှတ်ထား၊ ငါ့မြေးတစ်သက်မှာ ကိုယ့်ဘဝတူချင်းတွေအပေါ်မှာ သစ္စာမမဲ့နဲ့၊ သတ္တဝါတွေပေါ်မှာ စည်းကမ်းမမဲ့နဲ့၊ ရေထဲကငါးဆိုတာ လူနဲ့ မနီးစပ်လှပါဘူး၊ ဒါပေမဲ့ မိတ်လိုက်တဲ့အချိန်၊ သားပေါက်တဲ့အချိန်၊ ဘုရားကျောင်းလာတဲ့အချိန်၊ ဘုရားငါး ကျောင်းငါးတွေ ဖမ်းမိရင်တောင် ပြန်လွှတ်ပေးရတယ်၊ ဒါ သစ္စာလို့ခေါ်တယ်၊ အဲဒါကို ချိုးဖောက်မိရင် ဘေးဒုက္ခတွေ့တတ်တယ်၊ အဘိုးပြောတာ မြဲမြဲမှတ်ထား ကြားလား'

နီမောင် စလွတ်ကိုကိုင်ပြီး ချီတုံချတုံဖြစ်နေသည်။ ငါးကြီးကလည်း လှေဘေးမှာ မလှုပ်မယှက် ငြိမ်လျက်သား ပေါ်နေသည်။

'ယောကျာ်းဆိုတာ ကိုယ်လိုချင်တာ ရအောင်ယူနိုင်မှ ယောကျာ်းကောင်းလို့ခေါ်တယ်'

ကျော့မေစကားသံများကို သတိရတော့ စလွတ်ကို တင်းနေအောင် ဆုပ်ကိုင်လိုက်သည်။





'ဒီလောက်ကြီးတဲ့ငါးကြီးသာရသွားရင် ကျော့မေတို့ ရှေ့မှာ ငါ အတော်မျက်နှာပန်းလှမှာ၊ ဘာပဲဖြစ်ဖြစ်ရအောင် ဖမ်းသွားရင် ကောင်းမယ်'

'ဘုရားငါး၊ ကျောင်းငါးမှန်း သိလျက်နဲ့ ဖမ်းဆီးသတ်ဖြတ်မိရင် ဘေးဒုက္ခရောက်တတ်တယ်'

အဘိုးရဲ့စကားသံ။

နီမောင် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်သည်။

'ဟယ်… ကျော့မေရဲ့ အချစ်ကို မရရင်လည်း ရှိစေတော့၊ နောင်ဘဝအထိတော့ ဝဋ်ကြွေးအပါမခံနိုင်ဘူး၊ ကဲ… မင်းသွားပေတော့ ငါးကြီးရေ'

နီမောင် ငါးမျှားကြိုးကို ဓားဖြင့် ခုတ်ဖြတ်ပစ်လိုက်သည်။ ငါးမျှားကြိုး လွတ်သွားသော်လည်း ငါးရွှေကြီးမှာ ရေအောက်သို့ ပြန်ငုပ်မသွားဘဲ အတန်ကြာအောင် ရှိနေပြီးမှ တဖြည်းဖြည်း ပြန်ငုပ်သွားတော့သည်။

ငါးကြီးကို ပြန်လွှတ်လိုက်ပြီးနောက် နီမောင်ခမျာ ခြေကုန်လက်ပန်းကျသွားကာ ဖြစ်လိုရာဖြစ်စေတော့ဟု သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားကာ လှေဝမ်းထဲ ပစ်လှဲချလိုက်သည်။

လှိုင်းကလူးလူး၊ လှေကမူးမူးနှင့် သူ အိပ်ပျော်သွားတော့သည်။

(၂)

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ သူအိပ်ရာက နိုးလာတော့ ရာသီဥတု ကြည်လင်လျက်ရှိပြီး ပင်လယ်ပြင်ပေါ်တွင် လှိုင်းလေကင်းစင်နေပြီ။ နီမောင် ထကြည့်တော့ ကမ်းမမြင် လမ်းမမြင် ပင်လယ်တွင်းသို့ ရောက်ရှိနေမှန်းလောက်သာ သိရပြီး ဘယ်နေရာရောက်နေပြီကို မသိနိုင်တော့။ အခုအချိန်ရောက်မှ မိမိစွမ်းအားဖြင့် လှော်ခတ်ပြန်လို့ကတော့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့မှန်းသိကာ စိတ်လျှော့ထားလိုက်သည်။ ထိုအချိန်တွင် ပင်လယ်ရေပြင်ပေါ်တွင်မျောလာသော အရာဝတ္ထုတစ်ခုကို လှမ်းမြင်ရသဖြင့် လှေတက်ဖြင့် ရေဆန်ခတ်တက်လိုက်စဉ် မျောပါလာသောအရာမှာ မကြာခင် သူနှင့်နီးရာသို့ ရောက်လာတော့သည်။

မလှမ်းမကမ်းသို့ ရောက်လာသောအခါ...





"ဟာ... ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးတော်ပါလား၊ ဖူးထိုက်လို့ ဖူးရတာပဲ"

နီမောင် လှော်တက်ကိုချကာ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး ရုပ်တုတော်ကို ဦးချကန်တော့လိုက်သည်။

ထိုအခိုက်အတန့်ဝယ် သူ့စိတ်ထဲတွင် ဘေးဥပဒ်အန္တရာယ်များကို မေ့လျော့သွားပြီး တဒင်္ဂမျှ ကြည်နူးချမ်းမြေ့မှုရလိုက်သည်။ ခဏအကြာ စက်လှေသုံးစီးမောင်းလာသည်ကို မြင်ရသည်။ စက်လှေများပေါ်တွင် သံဃာတော်အချို့နှင့် လူများကို လှမ်းမြင်ရသည်။ သူ့လှေကို မြင်သောအခါ စက်လှေများက စက်လျှော့ပြီး ကြိုးပစ်ပေးကြသည်။ နီမောင်က ထိုကြိုးဖြင့် လှေကို ခိုင်အောင်ချည်ပြီး စက်လှေပေါ်တက်လိုက်သည်။ စက်လှေပေါ်တွင် သူ့ရွာမှလူများရော၊ အခြားရွာများမှ လူများကိုတွေ့ရတော့မှ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော ပင်လယ်တွင်းသို့ ရှင်ဥပဂုတ္တဖောင်တော် မျှောချပူဇော်ကြခြင်းဖြစ်ကြောင်း သိရတော့သည်။

ရွာမှလူများကြားတွင် ကျော့မေကိုလည်း တွေ့ရသည်။ ကျော့မေက ပင်လယ်ထဲမှာ လှေတစ်စီးဖြင့် သူ့ကိုတွေ့ရသဖြင့် အလွန်အံ့သြနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝိုင်းမေးသောအခါ နီမောင်က အကြောင်းစုံ ပြန်ပြောပြလိုက်သည်။ ထိုအခါ သူ၏စွန့်လွှတ်နိုင်မှုအတွက် ချီးကျူးကြသည်။

‘မင်း အဲဒီလို စိတ်ထားကောင်းလို့ တို့အဖွဲ့တွေနဲ့ တိုက်တိုက်ဆိုင်ဆိုင်ကြုံတာပဲ၊ အင်း… စေတနာအကျိုးပေးပုံများ ချက်ချင်းပါလား’

စက်လှေပဲ့ပိုင်းတွင် နီမောင်ထိုင်နေစဉ် ကျော့မေ အနားရောက်လာသည်။

နီမောင်က အားနည်းစွာပြုံးရင်း…

‘နင် ဖော်တော်မျှောပွဲ လိုက်လာတာလား’

‘အေးလေ… ငါက နှစ်တိုင်းလိုက်တယ်လေ၊ ဒါထက် နင့်စွန့်စားလှချည်လား နီမောင်၊ ရှေ့မှာ ပင်လယ်ရေစီးကြောင်းပဲရှိတော့တာ၊ ပင်လယ်ရေစီးကြောင်းထဲ ဝင်သွားရင် နင် ဘယ်လိုပြန်လို့ရတော့မလဲ’

‘မရတော့လည်း ရွာမှာ မျက်စိနောက်သက်သာသွားတာပေါ့ ကျော့မေရယ်၊ ငါ ဒီလောက်သာ စွန့်စားပြီးလုပ်တာတောင် ဘာမှမရပါဘူးဟာ’





‘နင်လုပ်ခဲ့တဲ့ ကုသိုလ်ရဲ့အကျိုးက နည်းသလား’

‘လိုချင်တာကို ရအောင်မလုပ်နိုင်တော့ နင်ပြောသလိုဆို ငါ ယောကျ်ားကောင်းမဟုတ်တော့ဘူး’

‘မိုးပေါ်တက်ပြတဲ့သူကို ယောကျ်ားကောင်းလို့ မသတ်မှတ်နိုင်ပါဘူး၊ စိတ်ထားကောင်းခြင်းဟာလည်း မြင့်မြတ်ခြင်းတစ်မျိုး မဟုတ်ဘူးလား’

‘ငါ့အတွက် သာသာထိုးထိုးစဉ်းစားပေးတဲ့ နင့်ကို ကျေးဇူးတင်ပါတယ် ကျော့မေ’

‘အခုမှ သိရသလား’

ကျော့မေက အပြုံးဖြင့် မျက်စောင်းတစ်ချက်ထိုးကာ အဖော်များရှိရာ စက်လှေဦးပိုင်းသို့ ပြန်သွားတော့သည်။

ကျော့မေ၏ ကျောပြင်ကိုကြည့်ရင်း နီမောင့်ရင်ထဲမှ–

‘အင်း… ငါ့အဖြစ်ကလည်း ငါးမရလို့ ရေချိုးပြန်ရသလို စေတနာကောင်းလေးတစ်ချက်ထားမိတာနဲ့ မမျှော်လင့်ဘဲနဲ့ ကျော့မေရဲ့အချစ်ကို ရလိုက်ပါပကောလား’

ဟု တစ်ယောက်တည်းတွေးကာ ပြုံးလိုက်မိလေသည်။

ပင်လယ်ပြင်ပေါ်၌ မျှောချလိုက်သော ရှင်ဥပဂုတ္တဖောင်



www.burmeseclassic.com

www.burmeseclassic.com



တော်မှာ တဖြည်းဖြည်းနှင့် ဝေးကွာပျောက်ကွယ်သွားတော့မှ စက်လှေများမှာ ကမ်းမခြဘက်သို့ ပြန်လည်မောင်းခဲ့ကြလေတော့သည်။

**ကြိုစက္က**

*(မှတ်ချက်။ ။ ၁၉၉၆-၉၇ခုနှစ်များတွင် ဆရာတော်ဦးဝါသေဋ္ဌ ဦးဆောင်သည့် ရှင်ဥပဂုတ္တဖောင်တော် မျှောချပူဇော်ကြသော အဖွဲ့သားများနှင့် ပင်လယ်မှတ်တမ်းများကို အကူအညီပေးခဲ့ကြသည့် ကဒုံကနီရွာမှ မိတ်ဆွေများအား အထူးကျေးဇူးတင်စွာဖြင့် ရေးသားပါသည်။)*

စာရေးသူ

✡ ✡ ✡



# ကုဋ္ဌာသယဆရာဟိန်းနှင့် ကျောက်စုန်းအန္တရာယ်

## လင်းရောင်တင်

တစ်နေ့သ၌ ကျွန်ုပ်သည် ကုဋ္ဌာသယဆရာဟိန်းနေထိုင်ရာ ခြောက်မိုင်၊ မာလကာခြံ (ယခု ဓမ္မာရုံ (၁)လမ်း) သို့ အလည်အပတ်ရောက်ရှိခဲ့လေ၏။ ကုဋ္ဌာသယဆရာဟိန်း၏ အသက်မှာ အတော်အတန်ကြီးပြီဖြစ်သော်လည်း လွန်စွာအရွယ်တင်သောကြောင့် အသက်ငါးဆယ်အရွယ်ခန့်ဟူ၍သာ အစဉ်အမြဲ ထင်ရလေ၏။ ကျွန်ုပ်နှင့် ဆရာဟိန်းတို့ သိကျွမ်းခင်မင်ခဲ့ကြသည်မှာ အနှစ်သုံးဆယ်ခန့်ရှိပြီ ဖြစ်သော်လည်း ကုဋ္ဌာသယဆရာဟိန်းကို ကြည့်ရသည်မှာ လွန်ခဲ့သည့် အနှစ်သုံးဆယ်ခန့်က ပုံစံအနေအထားအတိုင်းပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်ကား ဣစ္ဆာသယဆရာဟိန်းသည် ပိန်သွားခြင်း၊ ဝသွားခြင်းမရှိ၊ ဆံပင်ဖြူ သွားကြွေခြင်းမရှိ၊ အသားအရေ တွန့်လိပ်ခြင်းမရှိဘဲ သူသူငါငါ အရွယ်ကောင်းများကဲ့သို့ အမြဲနုပျိုနေခြင်းပင်ဖြစ်၏။ ဣစ္ဆာသယဆရာဟိန်းသည် အမြဲပြုံးရွှင်နေသော မျက်နှာထားပိုင်ရှင်မျိုးဖြစ်ပြီး သူ စိတ်ညစ်ညူးမှိုင်တွေနေသည်ကို မည်သည့်အခါမျှ မတွေ့ဖူးခဲ့ချေ။

'လူ့ဘဝသက်တမ်းဆိုတာ တကယ်တော့ ဘာမှမဟုတ်ဘဲ တိုတိုလေးပါ ဆရာလင်းရယ်၊ ဒါပေမဲ့ လူတွေက အသက်သွေးခဲ အမြဲရှိတယ်ထင်ပြီး ငါ့သမီး၊ ငါ့သား၊ ငါ့ဥစ္စာ၊ ငါ့အိမ်၊ ငါ့မြေဆိုပြီး အမြဲတမ်း လောဘ၊ မောဟတွေ ဖုံးလွှမ်းနေတတ်ကြပြီး လူတွေနဲ့ အဆင်ပြေအောင် မနေတတ်ကြတော့ အချိန်မတန်သေးဘဲ ရုပ်ခန္ဓာတွေ အိုစာလာကြတာပဲဗျ။ လောဘ၊ ဒေါသတွေ လျှော့ပါးအောင်ထားပြီး ပတ်ဝန်းကျင်နဲ့ သင့်တင့်လျောက်ပတ်စွာနေ၊ မေတ္တာစိတ်အမြဲမားရင် ရှိရင်းစွဲအသက်ထက် အများကြီးပိုပြီး နုပျိုနေမှာ သေချာတယ်'

အထက်ပါစကားမှာ ဣစ္ဆာသယဆရာဟိန်း အမြဲပြောလေ့ရှိသော လက်သုံးစကားပင် ဖြစ်၏။ သူသည် ပြောသည့်





အတိုင်း လောဘ၊ ဒေါသနည်းအောင် နေတတ်သူဖြစ်၏။ စာပေဝရိယတ်လည်း အဘက်ဘက်က တတ်ကျွမ်းကာ လောကီပညာကို နှံ့နှံ့စပ်စပ် လေ့လာထားသူဖြစ်၏။

ဆရာဟိန်း၏ရုပ်လက္ခဏာကို အကြမ်းအားဖြင့် တင်ပြရသော် တစ်ချိန်က မြန်မာနိုင်ငံတွင် ဟိုးလေးတကျော်ကျော် နာမည်ကြီးခဲ့သည့် ရုပ်ရှင်မင်းသား ခင်မောင်ရင်ကဲ့သို့ ဆင်ဆင်တူပြီး ခင်မောင်ရင် တပ်ဆင်သည့် ရွှေကိုင်းမျက်မှန်ဝိုင်းကလေးကိုပင် အမြဲတပ်ဆင်လေ့ရှိ၏။ ဆောင်းတွင်းကာလကဲ့သို့ အေးချမ်းသည့် ရာသီများတွင် မာဖလာကို လည်မှာပတ်ထားလေ့ရှိပြီး နွေရာသီမှာမူ ပါးလွှာဖြူဖွေးသော ရုပ်အင်္ကျီနှင့် ပလေကတ်လုံချည်များကို ဝတ်ဆင်လေ့ရှိ၏။ ရွှေရောင်လက်ပတ်နာရီနှင့် မဟူရာရွှေလက်စွပ်ကို အမြဲလို ဝတ်ဆင်ထား၏။

ကျွန်ုပ် အိမ်ပေါ်ရောက်သည်နှင့် ကျွန်ုပ်အရင်ရောက်နှင့်နေသော ဧည့်သည်နှစ်ယောက်ကို တွေ့ရလေ၏။

'ဟော... လာ... ထိုင်၊ စာရေးဆရာကြီး၊ ကျုပ်ဆီ ပေါ်မလာတာ အတော်ကြာပုံထောက်တော့ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ၊ လုံးချင်းတွေ လက်မလည်အောင် ရေးနေပြီနဲ့တူတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဣစ္ဆာသယဆရာဟိန်းက ရောက်မဆိုက်ပင် ပဋိသန္ဓာရ ပြုလျက် ကျွန်ုပ်အား နေရာထိုင်ခင်းပေးလေ၏။ ကျွန်ုပ်လည်း မလှမ်းမကမ်းရှိ ဖျာပေါ်တွင် အသာအယာထိုင်လျက်…

'ဆရာကြီးပြောတဲ့အတိုင်းပါပဲ။ ရေးစရာတွေက ဗုံစီ ပလုံစီဖြစ်နေတာနဲ့ ဆရာကြီးဆီ မလှည့်အားဘဲ ဖြစ်နေတာ'

ဟု ပြန်၍ပြောလိုက်၏။ ဆရာဟိန်း၏ စကားသံမှာ တစ်ဖက်သားကို ဆွဲဆောင်နိုင်စွမ်းရှိသည့် မဂ္ဂနက်တစ်ဖို့စ်(ခေါ်) သံလိုက်ဓာတ်အား ပါဝင်သည့် ထူးခြားသည့် အသံပိုင်ရှင်ဖြစ်၏။ ရင်ခေါင်းသံပါသော ခံ့ခံ့ညားညား လေသံမျိုးဖြစ်၍ တစ်ခါ ကြားဖူးထားခဲ့သော် 'နောက်ထပ်မံ ကြားရသည့်အခါတွင် ချက်ချင်းမှတ်မိနိုင်သည့် အသံမျိုးလည်းဖြစ်၏။

'ခဏလေးနေဦးနော် ဆရာလင်း၊ ဟောဒီက လူနာ တစ်ယောက်ကို ကျုပ် ကူညီလိုက်ဦးမယ်'

'ဆရာကြီး လုပ်စရာရှိတာသာ လုပ်ပါ၊ အားမနာပါနဲ့၊ ကျွန်တော်က ဆရာကြီးဆီလာတာ အဲဒီလို အတွေ့အကြုံမျိုး တွေ့ရအောင်လို့ပါပဲ'

ဤသို့ဖြင့် ဣစ္ဆာသယဆရာဟိန်းသည် သူ့ရှေ့တွင်





မှဆစ်တုပ်ထိုင်နေကြသူနှစ်ဦးထံသို့ အာရုံကို ပြောင်းရွှေ့လိုက်၏။ ဆရာဟိန်းရှေ့တွင် ရောက်နေကြသူနှစ်ဦးမှာ အသက်သုံးဆယ်ခန့်အရွယ် မတိမ်းမယိမ်း မိန်းမတစ်ဦးနှင့် ယောကျ်ား တစ်ဦးတို့ ဖြစ်ကြ၏။ ကြည့်ရသည်မှာ အကြင်လင်မယား ဖြစ်ပုံရလေ၏။

မိန်းမလုပ်သူသည် များစွာပိန်လှီလျက်ရှိပြီး ယောကျ်ား ဖြစ်သူကမူ အနေတော်ကိုယ်နေဟန်ထားဖြစ်၏။

'မနှင်းဆွေ ခုလိုပိန်လှီသွားတာ ဘယ်လောက်ကြာပြီ လဲ မောင်ထွန်းထွန်း'

'သိပ်မကြာသေးဘူး ဆရာကြီး၊ ကျွန်တော့်စိတ်ထင်က တော့ ဒီနှစ်ထဲမှာ ခုလို ပိန်ပိန်လာတာပဲ၊ အလွန်ဆုံး ရှစ်လ၊ ကိုးလလောက်ပဲ ရှိဦးမယ်ထင်တယ်'

ဣစ္ဆာသယဆရာဟိန်းက မောင်ထွန်းထွန်း၏စကားကို ခေါင်းတညိတ်ညိတ်လုပ်နေလိုက်ပြီး မနှင်းဆွေဆိုသူ မိန်းကလေး ကို ဆံစမှ ခြေဖျားအထိ၊ ခြေဖျားမှ ဆံစအထိ စုန်ချည်ဆန်ချည် လှေ့လာကြည့်ရှုနေလေ၏။ မိန်းကလေးသည် ပိန်လှီသော်လည်း မျက်လုံး၊ မျက်ဖန်၊ နှာတံများ ပေါ်လွင်လှပလျက် နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



လေးမှာလည်း နှင်းဆီငုံကဲ့သို့ ကြည့်ကောင်းလေ၏။ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်များနှင့် လက်စွပ်များ ဝတ်ဆင်ထားသည်ကို ဆရာကြီးက စေ့စေ့ငုံငုံကြည့်နေခြင်း ဖြစ်၏။

"သူ ခုလို ပိန်ပိန်လာတာနဲ့ ကျွန်တော်လည်း အစိုးရိမ်ကြီးပြီး အိပ်ချ်အိုင်ဗွီပိုးရှိမရှိ ဆေးခန်းမှာ သွားစစ်ဆေးကြည့်ပါသေးတယ် ဆရာကြီး၊ ဒါပေမဲ့ အဲဒါလည်း မဟုတ်ပါဘူး"

"ဘာလဲ... မောင်ထွန်းထွန်းက ကိုယ့်ကိုယ်ကို မယုံကြည်လို့လားကွယ်"

"ဒီလိုတော့လည်း မဟုတ်ပါဘူး ဆရာကြီးရယ်၊ ခုခေတ်က သိပ်ပြီးပြောလို့ရတာ မဟုတ်ဘူး မဟုတ်လား၊ ကျွန်တော်လည်း စိတ်ချသွားရအောင် စစ်ကြည့်လိုက်တာပါ"

"အင်းပေါ့လေ... သံသယရှင်းသွားတာ ကောင်းတာပေါ့၊ ဒါပေမဲ့ မောင်ထွန်းထွန်းထင်သလို ရောဂါပိုးတွေ ဘာတွေကြောင့် မင်းရဲ့ဇနီးက ပေါင်ချိန်ကျလာတာ ပိန်လာတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ ဆရာကြီး"

မောင်ထွန်းထွန်းနှင့်အတူ ကျွန်ုပ်သည်လည်း သိချင်





စိတ်များ တဖွားဖွားပေါ်လာလေတော့၏။ ဣစ္ဆာသယဆရာဟိန်းသည် ခေါင်းတဆတ်ဆတ်ညိတ်လျက်...

"ကိုင်း... ကလေးမ၊ မင်းရဲ့ ညာဘက်လက်သူကြွယ်မှာ ဝတ်ထားတဲ့ လက်စွပ်ကလေးကို ချွတ်လိုက်စမ်းပါကွယ်၊ ပြီးရင် ကျုပ်ကို ပြစမ်းပါ"

မနှင်းဆွေဟုခေါ်သည့် မိန်းကလေးမှာ ဣစ္ဆာသယဆရာဟိန်း ခိုင်းသည့်အတိုင်း ညာဘက်လက်သူကြွယ်တွင် ဝတ်ဆင်ထားသော ပတ္တမြားလက်စွပ် ဖြစ်ဟန်တူသည့် အနီရောင်လက်စွပ်ကလေးကို အသာအယာချွတ်လျက် ဆရာဟိန်းထံသို့ ရိုရိုသေသေ ကမ်း၍ပေးလိုက်လေ၏။

ဣစ္ဆာသယဆရာဟိန်းသည် လက်စွပ်ကလေးကို နေရောင်တွင် ထောင်ကြည့်ကာ သေသေချာချာ လေ့လာနေလေတော့၏။ အတန်ကြာသောအခါကျမှ...

"ကျုပ်ထင်တဲ့အတိုင်း ဟုတ်ပါပြီ၊ ဒီကျောက်နီလက်စွပ်ကို သာမန်ပတ္တမြားမျိုးပဲထင်ပြီး ဝတ်ထားတာ မဟုတ်လား မနှင်းဆွေ"

ဟု ဒက်ခနဲ မေးလိုက်လေ၏။ မနှင်းဆွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး တခြားပတ္တမြားအစစ်အမှန် ကျောက်တစ်လုံးဝယ်ပြီး ကွင်းဝတ်ပေတော့၊ ဒီလက်စွပ်ဟာ မနှင်းဆွေကို ဒုက္ခပေးနေတာပဲ၊ မနှင်းဆွေ တစ်နေ့တခြား ပိန်လှီလာတာ လုံးပါးပါးသွားမှာသေချာတယ်"

"ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်၊ ဆရာကြီးသာ ပြောမပြရင် ကျွန်တော့်မိန်းမတော့ ဒုက္ခပဲ၊ ဆရာကြီးဆီက ပြန်တာနဲ့ ပန်းထိမ်ဆိုင်ဝင်ပြီး ဒီကျောက်ကို ထုတ်ပစ်လိုက်ပါ့မယ်"

"ကျောက်စုန်းကို ထုတ်ပစ်ပြီးရင် ပတ္တမြားအစစ်တစ်လုံးကို လက်စွပ်ပြန်ကွင်းပေးလိုက်ပါ မောင်ထွန်းထွန်းရယ်၊ ပတ္တမြားမှန်ရင်တော့ နှလုံးရောဂါကို သက်သာပျောက်ကင်းစေနိုင်တဲ့ သတ္တိထူးတွေ ရှိကြတယ်ကွယ့်"

ဤသို့ဖြင့် မောင်ထွန်းထွန်းနှင့် မနှင်းဆွေတို့ဇနီးမောင်နှံသည် ဂူဏ္ဍာသယဆရာဟိန်းအား လှူဖွယ်ဝတ္ထုများလှူဒါန်းကာ ကန်တော့ကြလျက် နှုတ်ဆက်ပြန်သွားကြလေတော့၏။ ထိုအခါကျမှပင် ကျွန်ုပ်လည်း ဆရာဟိန်းနှင့် စကားစမြည်ပြောခွင့်ရလေတော့၏။





"ဆရာကြီးပြောမှပဲ ကျောက်စုန်းရဲ့အန္တရာယ်ကို သိရတော့တယ်၊ ဘာမှမဟုတ်တဲ့ ကျောက်လေးတစ်လုံးက လူ့ခန္ဓာကိုယ်ကို ဒုက္ခတော်တော်ပေးပါလား ဆရာကြီးရယ်"

"မှန်တယ် ဆရာလင်း၊ ကျောက်စုန်းက ဒုက္ခပေးသလိုကျောက်မျက်ရတနာ တော်တော်များများဟာလည်း လူကိုအကျိုးပြုပါတယ်ဗျ၊ ဥပမာဗျာ "နီလာကျောက်"ဟာ လူတွေမှာဖြစ်လေ့ရှိတဲ့ ဝါတလို့ခေါ်တဲ့ လေရောဂါကို ကာကွယ်ကုသနိုင်တယ်၊ ထိုင်းမှိုင်းပြီး အမြဲအိပ်ချင်နေတဲ့ရောဂါ၊ ဖျားနာတဲ့ ရောဂါတွေကိုကျတော့ "ကြောင်မျက်လုံး"က ကုသနိုင်တယ်၊ ပန်းနာရင်ကျပ်၊ အဆုတ်နာ၊ ချောင်းဆိုးရောဂါတွေကိုကျတော့ "ပုလဲဖြူ"က နိုင်တယ်။ အာရုံကြောချို့ယွင်း ရောင်ရမ်းတာကို "မြကျောက်"နဲ့ ကုသပေးရတယ်ဗျ၊ အရေပြားနူနာကျတော့ "ဂေါမိတ်"က စွမ်းတယ်။ နား၊ နှာခေါင်းနဲ့ လည်ချောင်းရောဂါတွေအတွက် "နီလာ"နဲ့ "သန္တာဖြူ"ကျောက်တွေက စွမ်းပြန်ရောဗျ၊ ဝမ်းသိပ်ချုပ်တတ်တဲ့ သူမျိုးကျတော့ "သန္တာနီ"ကို ဆောင်ရတယ်"

ဤသို့ဖြင့် ကျွန်ုပ်သည် ဗဟုသုတ ဟင်းလေးအိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



သဖွယ်ဖြစ်သော ဣန္ဒာသယဆရာဟိန်း၏ ကျောက်များ အကြောင်း သိကောင်းစရာများကို ထိုနေ့အဖို့ တမေ့တမောကြီး နားထောင်မှတ်သားခဲ့ရလေတော့၏။

ဓေယျတု သမ္ဗမင်္ဂလံ
**လင်းရောင်တင်**

✡ ✡ ✡

ဒိုယွန်းယှဉ် စာပေတိုက်မှ
အံ့ဖွယ်ဂမ္ဘီရဖြစ်ရပ်ဆန်း နှင့် ထိပ်တန်းသည်းဖို
တို့တွင်ပါဝင်သော စာပေအနုပညာရှင်များမှာ -

| | | | |
|---|---|---|---|
| ၁။ | မောင်သိန်းဆိုင် | ၉။ | မင်းမဟော်ညွန့် |
| ၂။ | လှမိုး (ပညာရေး) | ၁၀။ | မင်းသုည |
| ၃။ | ဘသက်ဆွေ | ၁၁။ | မင်းရိုးမ |
| ၄။ | အောင်ကျော်စွာ | ၁၂။ | ဘနှင်း |
| ၅။ | အောင်မြတ်ဦး | ၁၃။ | လှမျှမ်းထက် |
| ၆။ | အောင်ခင်စိုး | ၁၄။ | ညီညီနိုင် |
| ၇။ | ရီရီဌေး | ၁၅။ | ဒိုယွန်းယှဉ် |
| ၈။ | ကျော်မင်းနိုင် | ၁၆။ | ဂမ္ဘီရလူမျိုး |

၁၇။ ဝင်းနိုင်ဦး (ရေနံ) တို့ ပါဝင်ကြသည်။ အားဖြည့်ထားပါသည်။

# အိမ်ပေါ်မှုပေါက် ခြအုံရောက်၍

**ဝေယံလင်းခေါင်**

အိမ်ပေါ်မှုပေါက် ခြအုံရောက်၍ နာရီပိုင်းအတွင်းတွင် သိန်းပေါင်းများစွာ ချမ်းသာသွားကြသော ဖနီးမောင်နှံမှာ ဓာတ်ပုံ နှင့် ဖော်ပြထားသော ဖနီးမောင်နှံတို့ ဖြစ်သည်။

ထိုခေတ်က နိုင်ငံတော်အစိုးရ၏ အောင်ဘာလေသိန်းထီ မှာ တစ်သိန်းဆုသာဖြစ်၏။ သူတို့ကမူ နာရီပိုင်းအတွင်းတွင် သိန်းပေါင်းများစွာသော ပစ္စည်းကို ရရှိခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာလည်း သူတို့သည် ဘဝတစ်ခုခု၌ သီလဝန္တ ဖြစ်ကြကုန်သော ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတစ်ပါးပါးအား ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ ပရစေတနာဟူသော စေတနာသုံးတန်ဖြင့် လှူဒါန်းခဲ့ကြသော ကုသိုလ်ကောင်းမှု တစ်ခုခုတို့ကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

ထိုဇနီးမောင်နှံမှာ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ် ချောင်းဝကျေးရွာက ဖြစ်သည်။

ချောင်းဝရွာ၌ သူတို့မှာ အများနည်းတူပင် လယ်ယာလုပ်ကိုင်ကြသော ဦးဘရှိန်နှင့် ဒေါ်ပြည့်ဝန်းမတို့ ဖြစ်သည်။

မှုပြင်းခြောက်သွေ့သော ကဆုန်လ၏ တစ်နေ့တွင် လယ်ယာလုပ်ငန်းခွင်မှ ပြန်လာသည့် ဒေါ်ပြည့်ဝန်းမက မိမိအိမ်တွင်းထဲ ဝင်လာသည်။ ယခင်နေ့ရက်တွေကမူ အခန်းထဲကို ဝင်ဝင်ထွက်ထွက် တစ်နေ့လျှင် အကြိမ်များစွာ သွားလာနေသော်လည်း သတိမပြုမိ။





ယနေ့မှ သူ သတိပြုမိသည်မှာ သူတို့အိမ်ထဲဝင်သော တံခါးပေါက်ထိပ်အလယ်တည့်တည့်တွင် မှိုတစ်ပွင့် ပွင့်နေသည်ကို တွေ့ရသည်။

မှိုပွင့်၏အဝန်းအဝိုင်းမှာ ရေနွေးကြမ်းပန်းကန်ဝန်းထက်ပင် ကြီးသည်။

မှိုပွင့်ကိုမြင်ရ၍ ဒေါ်ပြည့်ဝန်းမမှာ ရုတ်တရက် အံ့သြမိသည်။ မိုးတွင်းဖြစ်၍ ခေါင်မိုးက ရေတွေစီးကျကာ သစ်သားဆွေးနေ၍ သစ်သားဆွေးထဲက မှိုပွင့်သည်ဆိုလျှင်တော့ အံ့သြစရာမဟုတ်။ ယခုမူ သစ်သားလည်းမဆွေး။ ပြီး မှုပြင်းခြောက်သွေ့သည့် ကဆုန်လကြီး။

သို့သော် ကြာကြာတော့ မအံ့သြနေမိ။ တောရွာတွေမှာ မှိုပွင့်ဆိုသည်မှာလည်း အဆန်းတကြယ်ကိစ္စ မဟုတ်။

သူ့ယောကျ်ား ဦးဘရှိန်ကို ပြောပြမိရာ သူ့ယောကျ်ားကလည်း မည်သို့အံ့သြမှုမှ ကြီးကြီးကျယ်ကျယ်မဖြစ်ဘဲ...



www.burmeseclassic.com

www.burmeseclassic.com



'အေးဟ… များများဆိုလည်း ကောင်းသား၊ ချက်စားရမယ်။ ခုကတော့ တစ်ပွင့်တည်း'

ဟု ပေါ့ပြက်ပြက်ပင် ပြောမိသည်။

ဒီလိုနှင့် မိုးဦးကျအချိန် ရောက်လာသည်။ ထုံးစံနှစ်တိုင်းလိုလိုပင် မိုးဦးကျမှာ လယ်ထွန်ရသည်။ သူတို့လယ်မှာ ဘင်္ဂလားပင်လယ်အော် အရှေ့ဘက်ကမ်းခြေနှင့် ကပ်လျက်ဖြစ်သည်။

ညက မိုးရွာပြီး လေပြင်းကျသဖြင့် လယ်ကွက်ထဲရေတွေ အတော်ပြည့်နေသည်။ ရေတင်နေသော လယ်ကွက်ထဲခါတိုင်း နေ့တွေလို လယ်ထွန်၍ ခရီးမတွင်။ ထို့ကြောင့် သူ့မိန်းမထမင်းလာပို့မည့်အချိန်ကိုသာ ဦးဘရှိန်က မျှော်နေသည်။

ပင်လယ်နားဖွဲ့ လယ်ထွန်နေသော ခင်ပွန်းသည် ဦးဘရှိန်အား ထမင်းပို့ခါနီးကျမှ ဒေါ်ပြည့်ဝန်းမ အံ့ဩမှုတစ်ခု ဖြစ်ရသည်။ မနက်ကလည်း ဘာမှမရှိဘဲ ယခု သူ့ယောက်ျားကို





ထမင်းသွားပို့ခါနီးမှပင် နောက်ဘက်က အိမ်တိုင်တွင် ခြအံ့တစ်ခုကို စမြင်၏။ ခြအံ့မှာ လက်သီးဆုပ်သာသာ ရှိ၏။ အိမ်တိုင်နားတွင်ထားသော တံစဉ်ဖျားတစ်ခုနှင့် သံတူရွင်းအစဖျားတစ်ခုသည်ပင် ခြအံ့ထဲဝင်နေသည်။

ဒီခြ ဘယ်ကစတက်တာပါလိမ့်ဟု တိုင်ခြေရင်းကိုကြည့်ရာ အောက်ကတက်လာသော ခြကြောင်းကိုလည်း မတွေ့ရ။ ခြအံ့ရှိရာနှင့် မြေပြင်မှာ တစ်တောင်လောက် ကွာနေသည်။

ခြတက်လာသော အောက်ခြေ ခြလမ်းကြောင်းကို မမြင်၍ ဟိုဟိုဒီဒီ ကြည့်ပြန်ရာ ထိုခြအံ့မှ ခြကြောင်းတစ်ခုသည် အပေါ်ကိုတက်သွားပြီး ခြေတံရှည်အိမ်၏ လူတစ်ရပ်နီးပါးတွင် အိုးပုတ်လောက်ရှိသော ခြအံ့တစ်ခု စွဲထားသည်ကို မြင်ရပြန်သည်။

ထူးခြားနေသည်မှာ ခြတို့မည်သည့် အဝတ်အထည်တို့ကိုသာ အလိုက်များရာ ထိုတိုင်နားနှင့် ကြိုးတန်းပြီး လှန်းထားသော



www.burmeseclassic.com

www.burmeseclassic.com



ထဘီများကိုမှ လုံးဝမတက်ဘဲ ပထမခြအံ့ကလေးမှ အပေါ်သို့သာ ခြကြောင်းတက်သွားပြီး အုံဖွဲ့နေသည်ကို မြင်ရသည်။

ဤခြအံ့နှစ်အုံကို ဖယ်ရှားလိုက်မည်ဆိုလျှင် ခြကောင်များပြန့်ကြဲသွား၍ တစ်အိမ်လုံးအနှံ့ ပွကုန်မှာစိုးရသည်။ သူ့ခင်ပွန်း လယ်ထွန်နေသူကလည်း ထမင်းဆာလှရော့မည်။ ခြအံ့ကို သူ ရှင်းလင်းနေပါလျှင် ထမင်းပို့ နောက်ကျနေမည်။ ထို့ကြောင့် ထမင်းပို့ပြီး ပြန်လာမှ အေးအေးဆေးဆေး ရှင်းမည်ဟူသော အတွေးနှင့် ဒီအတိုင်းထားပစ်ခဲ့ပြီး ပင်နယ်နားရှိ ခင်ပွန်းသည်ကို ထမင်းပို့ရန် ထွက်လာသည်။

လယ်ကွင်းတွင် ရေပြည့်သော ထွန်ယက်၍ခရီးမတွင် ဖြစ်နေသော ဦးဘရှိန်သည် သူ့ဇနီး ထမင်းပို့ရောက်လာချိန်မှာ နွားလံ ထွန်ဖြုတ်ထားပြီ။

ထို့ကြောင့် ဇနီးသည်လာပို့သော ထမင်းကိုစားပြီး ဇ တစ်လက်နှင့် ပင်လယ်ကမ်းခြေ သဲသောင်ဘက် ဆင်းလာသည်





သူ့လယ်နှင့် မနီးမဝေးရှိ အခြားကုန်းဘက်က လယ်ကွင်းတွေ ထဲမှာတော့ ကောက်စိုက်သမအချို့ ရှိနေကြသည်။

ဓားတစ်စင်းနှင့် သူ ပင်လယ်ကမ်းခြေ သဲသောင်ဆီသို့ ဆင်းလာခြင်းမှာ ညက လေပြင်းကျထားသဖြင့် ပင်လယ်ကမ်း ခြေနားတွင် တစ်ခုခုများ ရလေမလားဟူသော အတွေးနှင့် ဆင်း လာခြင်းဖြစ်သည်။

သူတို့လို ကမ်းခြေတစ်လျှောက်ရှိ ရွာသားများနှင့် ကလေးသူငယ်များသည် ညက ရေပြင်းကျလျှင် ဤကဲ့သို့ပင် ကမ်းခြေတစ်လျှောက်၌ ပစ္စည်းများ လျှောက်ရှာလေ့ရှိကြသည်။ ဘင်္ဂလားပင်လယ်အော်ကြီးကို ဖြတ်ကူးကြသော သင်္ဘောကြီး ငယ်များသည် မုန်တိုင်းမိလျှင် သင်္ဘောမမြုပ်မနစ်လေအောင် သင်္ဘောပေါ်ပါသော ကုန်လေးပစ္စည်းအချို့ကို ကန်ချပစ်ခဲ့ကြ သဖြင့် တစ်ခါတစ်ခါ ဆီပီပါတွေကိုလည်း ရတတ်ကြသလို ပလတ်စတစ်ပုံးအခွံ၊ ပလတ်စတစ်ကြိုး၊ ပိုက်မှပြတ်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သော ပိုက်နှင့် နိုင်လွန်ကြိုး၊ ထမင်းရှုပုံးမှစ၍ ပုလင်းခွံ၊ ဘူးခွံများထိ ပင်လယ်ကမ်းခြေ၌ ရတတ်ကြရာ ကလေးတွေသာ မဟုတ်။

လူကြီးများလည်း လေပြင်းကျပြီးနောက်မှာ ပင်လယ်ကမ်းခြေကိုလျှောက်၍ ဤသို့ပင် ပစ္စည်းရှာတတ်ကြလေသည်။

ယနေ့ မွန်းစောင်းကြီးလောက်၌ ဦးဘရှိန်သည်လည်း နွားလံရန် နိုင်လွန်ကြိုး အပိုင်းအစများပဲဖြစ်ဖြစ် ရလိုရငြား ပင်လယ်ကမ်းခြေ သဲပြင်နားအတိုင်း ဂေါ်ဒူရွာဘက်ကို လျှောက်လာသည်။ သူတို့အရပ်အခေါ် သစ်စိမ်းပင်အောက်သို့ ရောက်လာသောအခါ သင်ဖျာတစ်ချပ်ပမာဏရှိ မည်းမည်းညစ်ညစ် အရာဝတ္ထုကြီးတစ်ခုကို သဲစပ်လှိုင်းစတွင် တွေ့ရသည်။

ဘာမှန်းမသိသဖြင့် သူက သေချာကြည့်ရာ ထိုအရာဝတ္ထုပေါ်တွင် စာနှင့်မွန်းထားသော ခုတ်ရာထစ်ရာနှင့် အပိုင်းအစအပွဲ အလုံးငယ်များကိုလည်း ထိုအရာဝတ္ထုနားတွင် တွေ့ရသည်။





အချို့မှာ လှိုင်းပုတ်သဖြင့် ကမ်းစပ်တွင် ရွေ့လျားနေသည်ကိုလည်း မြင်ရသည်။

အမှန်က မောင်သန်းမောင်နှင့် အဖော်တစ်စုသည်လည်း သူ့လိုပင် ပစ္စည်းတစ်ခုခု ရလိုရငြား ပင်လယ်ကမ်းခြေနား လျှောက်ရှာကြရင်း ဦးဆုံး ထိုအရာဝတ္ထုကို တွေ့ခဲ့ကြပြီးပြီ။

သို့သော် ထိုကျောင်းသားကြီးများမှာ ထိုအရာဝတ္ထုကို ဘာမှန်းမသိ၍ စာနှင့်မွန်းသူမွန်း၊ လှီးဖြတ်၍ ပင်လယ်ထဲ ခဲပစ်သလိုပစ်နှင့် ဆော့ထားခဲ့ကြပြီး သူတို့လည်း ဂေါ်ဒူအောက်နတ်ချောင်းဘက်ကို ပစ္စည်းရှာရန် ဆက်လက်ထွက်သွားကြသည်။

ကလေးများ ဆော့ထားခဲ့ကြသော အရာဝတ္ထုကို ဦးဘရှိန်လည်း ဘာမှန်းမသိ။

သို့သော် လူကြီးပီပီ သူက တစ်ဖွဲ့ကောက် နမ်းကြည့်သည်။

ရေငန်ထဲဖြစ်သဖြင့် ညှီစို့စို့အနံ့ရသည်။ သူက ဆင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ အင်တွဲပြားကြီးဟုသာ။ ကလေးတွေ ဓားနှင့်မွှန်း ဖုံရှိ လှီးဖြတ်ထားခဲ့ကြသော ထိုအင်တွဲပြားကြီးကို အလိုရှိက လှေဖာ ရအောင် ဦးဘရှိန်က ဆွဲတင်ထမ်းကြည့်သည်။

ရေထဲ ဘယ်အချိန် ဘယ်ကာလကပင် ရောက်နေခဲ့သည် ကို မသိသော ထိုအပြားကြီးကို ဦးဘရှိန်က တစ်ယောက်တည်း ထမ်း၍မနိုင်။

ထိုအခါ နှစ်ပိုင်းဖြတ်၍ တစ်ပိုင်းကို နောင် အသုံးလိုက ယူနိုင်ရန် စံပန်းချုံထဲ သွင်းထားခဲ့သည်။

ကျန်တစ်ပိုင်းကို သူ့လယ်နား ထမ်းယူလာပြီး သဝင်ပင်ခွ ကြား တင်ထားလိုက်သည်။

အင်းတွဲသာဖြစ်ပါလျှင် လှေဖာ၍ရသည် မဟုတ်ပါ လား။

ဒီလိုနှင့် ဦးဘရှိန်သည် သူ့လယ်နားတွင် တောက်တိုမည် ရလုပ်နေစဉ် သူတို့ရွာက ကျောင်းသားကြီး ကာလသားပေါက်



မောင်သန်းမောင်တို့ သူ့အနား ရောက်လာကြသည်။ ထိုအခါ ဦးဘရှိန်က မောင်သန်းမောင်တို့ ကလေးများကို နောက်ပြောင် ပြီး…

'ဟေ့ကောင်တွေ… မင်းတို့ ပင်လယ်နားက ဘာရခဲ့ကြ လဲ၊ ငါတော့ ဒီနေ့ ငါးကြီးအန်ဖတ် တစ်တုံးကြီးရထားတယ်'

ဟု နောက်ပြီးပြောသည်။

ထိုအခါ မောင်သန်းမောင်တို့က…

'သိပါတယ်နော်၊ ဦး ရလာတဲ့ ငါးကြီးအန်ဖတ်က သစ်စိမ်းပင်အောက်ဘက်က မဟုတ်လား၊ အဲဒီ ငါးကြီးအန်ဖတ် တုံးကြီးကို ကျွန်တော်တို့ မလိုချင်လို့ ခုတ်ဖြတ်လွှင့်ပစ်ခဲ့တာ၊ ဦး ကောက်လာတယ်၊ အံ့ရော'

ဟု ပြန်နောက်သည်။

မောင်သန်းမောင်တို့လိုပင် မင်းပြင်ရွာက ပင်လယ်နား ပစ္စည်းရှာကောက်ရန် လာသူအချို့ကလည်း ဦးဘရှိန် ယူသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းမောင်တို့ လိုးဖြတ်လျှင့်ပစ်ခဲ့ကြသော အပိုင်းအစအချို့ကို ရရှိကြလေရာ သူတို့ကတော့ ငါးကြီးအန်ဖတ်ဆိုသည့်ကို ကြားဖူးနားဝ ရှိထားကြသည်။

ထို့ကြောင့် ထိုအပိုင်းအစအချို့ကို ကောက်ပြီး မင်းပြင်ရွာက ယခင် ငါးကြီးအန်ဖတ်ရဖူးသော လူကြီးတစ်ယောက်ကို ပြကြရာ ငါးကြီးအန်ဖတ်အစစ်မှန်း သိသွားကြသည်။

ထိုအခါ အပိုင်းအစသာ ကောက်ယူလာကြသူတွေက သူတို့ရလာခဲ့ကြသောနေရာမှ နောက်ထပ် ငါးကြီးအန်ဖတ် အပိုင်းအစအများကြီး ကျန်နေသေးပေရာ စကားပင် ဆက်၍မပြောနိုင်ကြတော့ဘဲ ချောင်းဝအောက် သစ်စိမ်းပင်ဘက်ကို တစ်ချိုးတည်း ပြေးကြတော့သည်။

ငါးကြီးအန်ဖတ် အပိုင်းအစကို ကောက်လာပြီး လာပြသူတွေက ပြန်ပြေးကြသောအခါ နောက်လူတွေကလည်း သူတို့နောက်ထပ်ကျန်နေသေးသည်ကိုယူရန် ပြေးမှန်းသိကြသည်နှင့်





ငါးကြီးအန်ဖတ်ယူရန် အလုအယက် သူတို့နောက် ပြေးလိုက်ကြတော့သည်။

တစ်ရွာလုံးအုတ်အော်သောင်တင်းဖြစ်ပြီး ငါးကြီးအန်ဖတ်ယူရန်၊ လုရန်လိုက်လာကြတော့မှ ဦးဘရှိန်မှာလည်း သူက အင်းတွဲတုံးကြီးထင်၍ လှေဖာရန် သဝင်ပင်တွင်ထည့်ထားသော ငါးကြီးအန်ဖတ်တစ်ပြားကို ပုဆိုးနှင့် ကမန်းကတန်းထုပ်ကာ မိမိရွာသို့ ပြေးလာသည်။

မင်းပြင်ရွာက လိုက်လာကြသူများက လှိုင်းစပ်၊ ရေစပ် သဲသောင်ပြင်ပေါ်ရှိ မောင်သန်းမောင်တို့ ခုတ်ဖြတ်လျှင့်ပစ်ခဲ့ကြသော လက်သန်း၊ လက်မအရွယ် အဖွဲ့အစပါမကျန် လုယက်ကောက်ကြပြီး အုတ်အောင်သောင်းတင်း ဖြစ်ကုန်ကြသည်။

ငါးကြီးအန်ဖတ် အတုံးအခဲကြီးကို ထမ်းယူလာခဲ့သော ဦးဘရှိန်မှာ ငါးကြီးအန်ဖတ်ထုပ်ကို အိမ်ထဲသွင်းပြီး နောက်ထပ် သူ စံပန်းချုံထဲ ဝှက်ထားခဲ့သော အတုံးကိုယူရန် သူယောက်ဖ

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ကြည်ကိုခေါ်၍ ပင်လယ်နားသို့ ပြေးကြပြန်၏။

ထိုအခါ ဦးဘရှိန် ငါးကြီးအန်ဖတ်ရလာသည်ကို ချောင်းဝရွာသားများကလည်း သိသွားကြပြန်ရာ သိသူ၊ ကြားသူ အားလုံးက ပင်လယ်နားဆီသို့ ငါးကြီးအန်ဖတ်ကောက်ရန်၊ ယူရန် တပ်ချီ၍ လိုက်လာကြပြန်၏။

ဦးဘရှိန်နှင့် ခင်မောင်ကြည်တို့က စံပန်းချုံထဲက ငါးကြီးအန်ဖတ်ကို ပုဆိုးနှင့်ထုပ်ပြီး မိမိရွာသို့ ပြေးလာကြသည်။ သို့သော် ဦးဘရှိန်နှင့် ခင်မောင်ကြည်တို့ ထမ်းပြေးသွားကြသော အတုံးကြီးထဲက မောင်သန်းမောင်တို့ ဓားနှင့်မွှန်းထားခဲ့ကြသဖြင့် ပွဲကျကျန်ရစ်ခဲ့သော လက်သန်း၊ လက်မ အပိုင်းအစများကိုလည်း စံပန်းချုံထဲ တောနင်းရှာကြကာ အလုအယက် ကောက်ယူကြပြန်သည်။

အဘယ်ကြောင့်ဆိုသော် ငါးကြီးအန်ဖတ်ဆိုသည်မှာ တစ်ပိဿာလျှင် လေးငါးသိန်းဈေးရှိရာ တစ်ဖွဲ့တစ်စရသည်နှင့်





ရာနှင့် ထောင်နှင့်ချီပြီး တန်ဖိုးရှိသဖြင့် ဖြစ်ပေသည်။

ဤသည်ကစ၍ ဦးဘရှိန်နှင့် ဒေါ်ပြည့်ဝန်းမတို့မှာ နေ့ချင်းညချင်း ချမ်းသာ၍ ကျောက်ဖြူမြို့သို့ ပြောင်းရွှေ့သွားကြသည်။

သူတို့သည် ယခုထိ ကျောက်ဖြူမြို့တွင် အသက်ထင်ရှားရှိနေကြတုန်းပင်။

ဖော်ပြထားသော ဓာတ်ပုံမှာ စာရေးသူ ကျောက်ဖြူမြို့ရောက်ခဲ့စဉ်က ရိုက်ယူခဲ့သော ဦးဘရှိန်နှင့် ဒေါ်ပြည့်ဝန်းမတို့ပုံ ဖြစ်ပါသည်။

ဝေယံလင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# တောင်ပုစွန်သား ကြွပ်ကြွပ်ဝါး

**ဖိုးကျော့**

တောမျောက်က ကြိုးခွေ၊ စိမ့်ကြီးမြိုင်ချောင်က ရွှေဖိုး ခေါင် သံချိုညောင်းတယ် ဒေါင်းကအိုးဝေ။

တောအစကပင် ဒေါင်းတွန်သံကို ကြားရသည်။ အရှေ့ ဘက် တောင်တန်းမြင့်ဖျားဆီမှ နေရောင်ခြည်ကို မြင်ရ၍ မြဒေါင်းညိုတို့ တွန်သံပေးလာကြသလို မျောက်လွဲကျော်များက လည်း ကွိကွိကွကွနှင့် အော်မြည်ကြ၏။





တပေါင်းသာခေါင် လမျှားနောင်တွင် တောတောင်မြိုင် သံထဲ၌ ကြင်ဖော်ကွဲ ဥဩနှင့် ငှက်ဖိုးခေါင်တို့၏ လွမ်းယောင်၊ ဆွေးယောင် တေးဖွဲ့သံတို့ကလည်း တစ်တောလုံးညံနေလေ သည်။

ထိုအချိန်တွင် ကဒူးကဏန်း အမျိုးသားများဖြစ်ကြသော ဘအုံထယ်နှင့် သာမှတ်၊ ကြာမှိုင်းတို့သည် နံနက် ဝေလီဝေလင်း အချိန်ကပင် သူတို့၏ရွာမှ အနောက်သစ်တောထဲသို့ ထွက်လာခဲ့ ကြသည်။

သူတို့ရွာမှ စထွက်လာချိန်ကမူ နံနက်ဝေလီဝေလင်း အချိန်သာ ရှိသေး၏။

မိုးစင်စင် မလင်းသေး။

ယခု နေလုံးနီနီတို့ အရှေ့ဘက်တောင်တန်း မြင့်ဖျားဆီ တွင် မြင်ရချိန်၌ သူတို့မှာ အနောက်ကသာခရိုင် သစ်တောအစသို့ ရောက်လာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့၏ ခြေလှမ်းများကာ ရပ်တန့်၍မသွားကြသေး။ တရွေ့ရွေ့နှင့် တောနက်ထဲဘက်သို့သာ လှမ်းချီလျက်ရှိကြလေ၏။

သူတို့အားလုံးသည် ယခုလို မြူခိုးယှက်ဝေ ရွက်ဟောင်းကြွေ၍ တောင်လေဝေ့ဝိုက် နွေစရိုက်၊ နွေသမယကိုရောက်တိုင်း အနောက် ကသာခရိုင်သစ်တောထဲသို့ ဤသို့ပင် အင်တွဲပွဲ့လျက်ရှာရန် ရောက်လာလေ့ရှိကြသည်။

ထို့ကြောင့်လည်း သူတို့၏ ကိုယ်ပေါ်တွင် ဓား၊ ဒူးလေးမြား၊ ချွန်း၊ သံချိတ်၊ လွ၊ တင်းပုတ်၊ စို့နှင့် စားအိုးစားခွက်များကို တနင့်တပိုး ထမ်းပိုးသယ်ဆောင်လာကြသည်။

သူတို့သုံးယောက်မှာ အဖွဲ့ဖွဲ့၍ အင်တွဲပွဲ့လျက် ရှာကြသူများဖြစ်ကြရာ တောနက်ထဲတွင် နွေခရီးရှည်တစ်လျှောက်လုံးဟိုမှ သည်မှ စခန်းထောက်၍ အင်တွဲပွဲ့လျက် ရှာကြရမည့်သူများဖြစ်လေသည်။





သူတို့၏ အနောက်ကသာခရိုင် သစ်တောသည် မြန်မာနိုင်ငံ၌ သစ်တောထွက် ရတနာများထဲတွင် အင်တွဲပွဲ့လျက်အထွက်ဆုံးခရိုင် ဖြစ်လေသည်။

အနောက် ကသာခရိုင် သစ်တောထဲမှ တစ်နှစ်တစ်နှစ်လျှင် အင်တွဲပွဲ့လျက် ပိဿာချိန် နှစ်သိန်းကျော်၊ သုံးသိန်းနီးပါးထွက်၏။

ထို့ကြောင့်လည်း ယခုအခါ အနောက်ကသာ သစ်တောခရိုင်ဝန်းကျင်ရှိ ဒေသခံ ကဒူးကဏန်း တိုင်းရင်းသားများမှာနွေဦးသို့ရောက်ပြီ။

လယ်ယာလုပ်ငန်းကိုင်ငန်း သိမ်းပြီးပြီဆိုလျှင် အပိုစင်ငွေရရေးအတွက် အင်တွဲပွဲ့လျက်များကို မိန်းမ၊ ယောကျ်ားမရွေးရွာနီးချုပ်စပ်ရှိ တောတောင်များထဲတွင် ရှာဖွေလျက်ရှိကြသည်။

လွယ်လွယ်နှင့် ယခင်ကလို ရှာမရတော့ပေ။

ထို့ကြောင့်လည်း ဘအုံ့ထယ်နှင့်တကွ သာမှတ်၊ ကြာမှိုင်း



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ တောနက်ကျရာ အင်တိုင်းတောထဲသို့သာ တရွေ့ရွေ့ လှမ်းဝင်လာကြခြင်း ဖြစ်၏။

* * *

**ပျားနှင့် ဂနိုင်၊ မြိုင်နှင့် ရဂုံ**
**စုံနှင့် ဟောဝန်၊ ဟောမန်ဟောမာ**
**ရိပ်သာဆိုင်းဆိုင်း၊ အင်တိုင်းစေးပျစ်**
**တောချည်းဖြစ်၏။**

တောပရိယာယ် ဆယ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်သော အင်တိုင်းတောထဲသို့ ဘအံ့ထယ်တို့ ရောက်လာကြသောအခါ နေမှာ မွန်းဒတည့်မတ်နေလေပြီ။ ထို့ကြောင့် သာမှတ်နှင့် ကြာမှိုင်းတို့အား…

'တို့ ဒီနေရာ စခန်းချကြမယ်ကွာ၊ အင်ပင်ကြီးတွေပေါ





ဆော့ အင်တွဲတွေ စောစောရနိုင်တယ်'

'ဟုတ်ကဲ့… ကောင်းပါတယ် အဘ'

အဖွဲ့ခေါင်းဆောင်ဖြစ်သော ဘအံ့ထယ်၏ စကားကို သာမှတ်နှင့် ကြာမှိုင်းတို့က အာမဘာန္တေခံလိုက်ကြသည်။

တနင့်တပိုးထမ်းလာကြသော စားအိုးစားခွက်နှင့် လက်နက်ကိရိယာ တန်ဆာပလာများကိုလည်း အင်ပင်ရင်းတွင် ပုံထားလိုက်ကြသည်။

ဘအံ့ထယ်သည် အင်ပင်တောထဲရှိ လေးကွက်ဆိုင် ဆောက်နေကြသော အင်ပင်လေးပင်ကြားထဲ မတ်တတ်ရပ်ပြီး အပေါ်သို့ မော့ကြည့်လိုက်၏။

ဘအံ့ထယ် မော့ကြည့်နေသော အင်ပင်လေးပင်မှာ တစ်ပင်နှင့်တစ်ပင် နှစ်လံလောက်သာဝေး၏။

အပေါ်တွင် အခက်အလက် ကိုင်းချင်းယှက်ကာ အရွက်သည်းစိပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် သူတို့အတွက် စခန်းလင့်စင်ဆောက်လုပ်ရန် အသင့်တော်ဆုံးနေရာပင်ဖြစ်သည်ကို ဘအွဲ့ထယ်နှင့်တကွ သာမှတ်၊ ကြာမှိုင်းတို့ကလည်း တောအတွေ့အကြုံအရ အလိုလို သိသွားကြလေသည်။

လေးကွက်ဆိုင် ပေါက်နေကြသော အင်ပင်ကြီးလေးပင်နှင့် မနီးမဝေးရှိ တောတောင်ထဲတွင် ဘအွဲ့ထယ်နှင့် ကြာမှိုင်း၊ သာမှတ်တို့က လင့်စင်တဲဆောက်လုပ်ရန် ထုတ်၊ လျှောက်၊ ဒိုင်း၊ မြား၊ ခင်တန်းသားတို့ကို ချက်ချင်းခုတ်ဖြတ်ကြသည်။ သူတို့ ဤသို့ အလောသုံးဆယ် လင့်စင်ဆောက်နေကြရခြင်းမှာ တောနက်ကျသဖြင့် နေမဝင်မီ နေလင့်စင်ပြီးရန် လိုအပ်သည်။

ညမိုးမချုပ်ခင် လင့်စင်ပြီးမှ သည်ည လင့်စင်ပေါ် တက်အိပ်ကြရမည်။

ကျား၊ ဝံ၊ သစ်၊ အောင်း စသည့် လူကို အန္တရာယ်ပြုနိုင်သော တောတိရစ္ဆာန်တွေ ပေါများရာဒေသ ဖြစ်သဖြင့်





မြေပြင်တွင် တစ်ညတလေမှ အိပ်နေ၍မရပေ။

ထို့ကြောင့်လည်း ဘအွဲ့ထယ်တို့အဖွဲ့သည် လင့်စင်ကို နေမဝင်မီ အပြီးဆောက်ကြ၏။ သစ်ဝါးပေါသော အရပ်ဖြစ်သဖြင့် အခက်အခဲတော့ လုံးဝမရှိ။

ဖြောင့်ဖြူးသော မျောက်ချောတန်းများပေါ် ဝါးပိုးဝါးတွေခင်းကာ ကြိမ်နွယ်အကွပ်တို့ဖြင့် စခန်းကို လက်စသတ်လိုက်ကြသည်။

မီးဖိုအတွက်ကမူ ကြမ်းခင်းပေါ် အင်ဖက်ခင်း၍ အင်ဖက်ပေါ် စမ်းချောင်းမှ ရွံ့များကို တင်လိုက်ရုံနှင့် ပြီးသွား၏။ ထိုနေ့ ညနေစာကိုလည်း စခန်းလင့်စင်ပေါ်၌သာ ချက်စားကြရသည်။

ဘအွဲ့ထယ်နှင့် ကြာမှိုင်း၊ သာမှတ်တို့ ထမင်းစားပြီးကြချိန်မှာ အင်တိုင်းတောထဲ၌ မိုးစုံးစုံးချုပ်လေပြီ။

တောကောင်ကြီးများဖြစ်ကြသော ကျား၊ ဆင်၊ ဝံ၊ သစ်



www.burmeseclassic.com

www.burmeseclassic.com



တို့၏ အသံဗလံများကို ပတ်ဝန်းကျင်၌ မကြားကြရသော်လည်း ချော၊ ခဘတ်၊ ဒရယ်၊ ရှဉ့် စသည့် တောတိရစ္ဆာန်များနှင့် ပိုးကောင် မွှားကောင်များ၏ အော်မြည်သံများကမူ ပတ်ဝန်းကျင်၌ အော် မြည်သံများကမူ ပတ်ဝန်းကျင်၌ ညံစီလျက် ရှိလေသည်။

လမိုက်ညဖြစ်သဖြင့် ကြည့်၍အလှဆုံးအကောင်များမှာ ပိုးစုန်းကောင်များပင်။

သစ်ပင် အကြိုအကြားများထဲ ဖြတ်သန်းနေကြသော ပိုးစုန်းကောင်များကို ကြည့်ရသည်မှာ မီးကျည်မီးပန်းများ လွှတ ထားသလို တဝင်းဝင်း တလက်လက် ရှပ်ယှက်ခတ် ပျံသန်းနေ ကြ၏။

သို့သော် ဘအုံထယ်နှင့် ကြာမှိုင်း၊ သာမှတ်တို့မှာ သစ် တောထဲ လူးလားခေါက်ပြန် နိမ့်တုံမြင့်တုံ ပျံသန်းသွားလာနေကြ သော ပိုးစုန်းကောင်များကို ကြာကြာမကြည့်အားကြ။ မနက်ဖြန် ဝေလီဝေလင်းတွင် စောစောထ၍ နံနက်စာထမင်းဟင်းချက်ကာ





အင်တွဲပွဲလျက် အရှာထွက်ကြရမည် ဖြစ်သဖြင့် စောစောအိပ်ကြ ရလေသည်။

* * *

သူတို့၏ လင့်စင်အောက်မှ ရှီရှီ ရှီရှီ မြည်သံများကြောင့် ကြာမှိုင်း လန့်နိုးလာ၏။ အစမူ သစ်တောထဲသို့ လေတိုးသံလားဟု ထင်မိ၏။

သို့သော် လေတိုးသံမဟုတ်။ လေကလည်း ငြိမ်နေ သည်။

တရှီရှီမြည်သံမှာ ပို၍ကျယ်လောင်လာသဖြင့် ထိတ် ထိတ်လန့်လန့် ဖြစ်လာ၏။

တောခြောက်တာလားဟုလည်း တွေးပြန်သည်။ တော ခြောက်သံကို သူ အကြိမ်ပေါင်းများစွာ ကြားဖူး၏။

တောခြောက်သံမှာ ဤလို နီးနီးကပ်ကပ်မှ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်း ခပ်ဝေးဝေးကသာ ကြားရတတ်၏။

ယခု ကြားနေရသော တရှုံရှုံမြည်သံမှာ သူတို့ လင့်စင်အောက်နားတဝိုက်မှ ဖြစ်သည်။

ကြာမှိုင်း အိပ်မရတော့။

တစ္ဆေခြောက်တာများလားဟူသော အတွေးက ဝင်လာသောအခါ ခေါင်းနားပန်းကြီးသွား၏။ ထိတ်ထိတ်လန့်လန့်နှင့် လင့်စင်အောက် ငုံ့ကြည့်မိသည်။

'ဟာ…'

ဟု ကြောက်လန့်တကြား အသံထွက်သွား၏။

လက်သန်းနီးပါးခန့်ရှိ မျက်လုံးနီနီရဲရဲများနှင့် ဘာကောင်တွေမှန်း မသိသော တောကောင်များသည် သူတို့ လင့်စင်အောက်ရှိ ရွက်ကြွေတောထဲတွင် တဝေါဝေါ တသောသောမြည်ကာ သွားလာလှုပ်ရှားနေကြသည်။

အကောင်ကိုမူ အမှောင်ထဲတွင် မမြင်ရသဖြင့် အကြီး





အသေး မခန့်မှန်းတတ်သော်လည်း သူတို့၏ မျက်လုံးနီနီရဲရဲများကမူ ကြောက်စရာ။

သစ်ရွက်ကြွေများပေါ် ကျော်နင်းဖြတ်သွားနေကျ သံတွေကလည်း တရှုံရှုံ တညံညံ။

မြွေဆိုးတွေများလားဟုလည်း တစ်ယောက်တည်း တွေးမိပြန်။

တောအတွေ့အကြုံအရ ညအမှောင်ထဲတွင် လူသားများအား အန္တရာယ်ပြုတတ်သော တောတိရစ္ဆာန်တို့၏ မျက်လုံးများမှာ နီနီရဲရဲဟု ဘအံ့ထယ်က ပြောထားဖူးရာ ယခု သူမြင်နေရသော တောတိရစ္ဆာန်တွေမှာ မုချ လူကို အန္တရာယ်ပြုမည့် တိရစ္ဆာန်တွေပင်။

လူကို အန္တရာယ်မပြုတတ်သော တိရစ္ဆာန်တို့၏ မျက်လုံးများမှာ ညဦးက မြင်ခဲ့ရသော ပိုးစုန်းကောင်များ၏ အရောင်လို စိမ်းစိမ်းပြာပြာပင်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ နီနီရဲသည်မှ မီးခဲ မီးကျည်းများပမာ ရဲရဲ

တောက်နေသည်။

ရွက်ကြွေခြောက်များပေါ် ကျော်နင်းတက်သွားနေကြသံ

တွေကလည်း တရှီရှီ တရှီရှီ။

ကြာမှိုင်းသည် ပို၍ထိတ်လန့်လာကာ သာမှတ်ကို လက်

ကုတ်၍နိုးရ၏။

သာမှတ် နိုးလာသည်။

ဘအုံ့ထယ်ကမူ တခူးခူးဟောက်၍ အိပ်တုန်း။

'ဟင်… သာမှတ်၊ ကြည့်စမ်းပါဦးကွ၊ ဘာကောင်တွေ

လဲဟင်'

'အေး… ငါလည်း မသိဘူးကွ၊ မျက်လုံးတွေကို ကြည့်

ရတာတော့ အဆိပ်ရှိတဲ့ တိရစ္ဆာန်တွေပဲ၊ လူကို အန္တရာယ်ပြုနိုင်

တဲ့ အကောင်တွေပဲ၊ ညမှာ မျက်လုံးနီနီရဲရဲနဲ့ အကောင်တွေဆို

အဆိပ်ရှိတဲ့ တိရစ္ဆာန်တွေ၊ လူကို အန္တရာယ်ပြုနိုင်တဲ့ အကောင်





တွေပဲလို့ လူကြီးတွေကပြော'

သာမှတ်၏ စကားပင် မဆုံးလိုက်။ အကြောက်လွန်နေ

သူ ကြာမှိုင်းက 'အဘ… အဘ' ဟု ဘအုံ့ထယ်ကို အသံတီးတိုး

နှင့် ခေါ်နိုးတော့၏။

'ဟင်… ဘာလဲကွ'

'ဟို… ဟိုမှာ ကြည့်စမ်းပါဦး အဘ၊ ဘာကောင်တွေ

လဲ မသိဘူး'

ဘအုံ့ထယ်က ကြာမှိုင်း လက်ညှိုးထိုးပြရာ အောက်ကို

ငုံ့ကြည့်သည်။

ခဏတော့ ဘအုံ့ထယ်လည်း တွေဝေသွား၏။

သို့သော် မကြာပါချေ။

'အိမ်း… ရုတ်တရက်ဆိုတော့ ငါတောင် လန့်သွားမိ

တယ်၊ တောင်ပုစွန်တွေပါကွ'

'ဟင်… ဘယ်လိုတောင်ပုစွန်လဲ အဘ၊ ကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနီနီရဲရဲတွေနဲ့ဆိုတော့ လူကို အန္တရာယ်ပြု…'

'တောက်တီး တောက်တဲ့ကွာ… မဟုတ်တာ၊ ကဲ… အိပ်ကြ၊ အိပ်ကြ၊ ဘာမှမကြောက်ကြနဲ့၊ မနက်ဖြန်ကျရင် ဒီတောင်ပုစွန်ကောင်တွေကို တို့ထောင်ပြီးစားရမယ်၊ တောင်ပုစွန်သားက သိပ်ကောင်းတာကွ၊ မင်းတို့ တစ်ခါမှ မစားဖူးကြဘူးထင်တယ်'

'ဟုတ်… ဟုတ်ကဲ့… စားဖူးဖို့မပြောနဲ့၊ တောင်ပုစွန်ဆိုတာ ကျွန်တော်တို့ မြင်တောင် မမြင်ဖူးကြပါဘူး အဘာရယ်၊ ဘယ်လိုနေလဲ… အကောင်တော်တော်ကြီးလား'

'သြော်… နောက်တော့ မြင်ရ စားရမှာပေါ့ကွာ၊ ကဲ… အိပ်ကြ၊ အိပ်ကြ၊ မနက်လည်း တို့ စောစောထပြီး အင်တွဲလက်တံတွေ ချူကြရဦးမယ်'

ဘအံ့ထယ်က အိပ်ကြဟုဆိုသော်လည်း ကြာမှိုင်းနှင့် သာမှတ်တို့မှာ တော်တော်နှင့် အိပ်မပျော်ကြ။





ဘအံ့ထယ်ပြောသော တောင်ပုစွန်များကလည်း သူတို့လင့်စင်အောက်တွင် တရှီရှီ တဝေါဝေါ သွားလာလှုပ်ရှားနေကြသည်။ မိုးလင်းပိုင်း ရောက်လာမှ တောင်ပုစွန်ကောင်တွေ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်တော့၏။

* * *

ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်
အိုယွန်းယုဥ်စာပေ (၅၈)၊ ဓမ္မိကဝတီလမ်း၊ စမ်းချောင်း၊
ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၆၆၁၄၀



www.burmeseclassic.com

www.burmeseclassic.com



အင်ပင်များပေါ်မှ တစ်တောင်တစ်ထွာ ကွဲကျနေသော အင်တွဲလက်တံများကို ကြာမှိုင်းနှင့် သာမှတ်တို့က ရိုက်ချ ချူ နေချိန်တွင် ဘအုံ့ထယ်မှာ ညကျလျှင် တောင်ပုစွန်ထောင်ရ ဝါးပိုးကြီးတစ်လုံးကို အဆစ်ဖြတ်နေ၏။

လက်မောင်းတစ်ဆုံးနီးနီး ရှည်သော ဝါးပိုးဝါးဆစ် တစ်ဆစ်၏ဘေးတွင် လက်သုံးလုံးခန့် အလျားအရှည်နှင့် အန လက်တစ်လုံးခန့် အပေါက်တစ်ပေါက် ဖောက်သည်။ လျှာအရှင် တစ်ခုကို အပေါက်ထဲ ဆို့တပ်၍သွင်း၏။ လျှာအရှင်ကို လက်နှင့် အဝင်အထွက် ထိုးကြည့်သည်။ အပြင်က ထိုးလိုက်လျှင် လျှာ တံခါးပွင့်သွားပြီး လက်ပြန်နုတ်လိုက်သည်နှင့် တစ်ပြိုင်နက် လျှာတံခါးက ပြန်ပိတ်သွားသည်။





'ဟုတ်ပြီ... တောင်ပုစွန်မြှုံးတော့ ပြီးသွားပြီ၊ ညကျ ဆောင်ရုံပဲ'ဟု ဘအုံ့ထယ်က ပြောသည်။

ဘအုံ့ထယ်ကသာ သူလုပ်ထားသော ဝါးပိုးဝါးဆစ် မြှုံး ကိုကြည့်ပြီး ပီတိဖြစ်နေသော်လည်း ကြာမှိုင်းနှင့် သာမှတ်တို့မှာ ခု ယခုအထိ ဘအုံ့ထယ် မည်သို့မည်ပုံ ထောင်မည်ကို မသိကြ သေး။

တောင်ပုစွန်ဆိုသည်ကိုလည်း မမြင်ဖူးကြရသေး။ ဘအုံ့ ထယ်ကိုမေးတိုင်းလည်း နောက်တော့ 'မင်းတို့ မြင်ဖူးရုံတင် တာပါဘူး၊ စားတောင် စားရမှာ၊ အသာနေစမ်းပါ'ဟုသာ တွင် တွင်ပြောနေသဖြင့် ဆက်မမေးရဲကြတော့ပေ။

သည်လိုနှင့် ညမိုးချုပ်စသို့ ရောက်သောအခါ ဘအုံ့ထယ် သည် ရွာက ရိက္ခာအဖြစ် ယူလာသော ငါးခြောက်တစ်မြှောင်းကို ီးထဲထည့်ဖုတ်၏။ တူးခြစ်နေသော ငါးခြောက်ပြားကိုတောင် ုစွန်မြှုံးလုပ်ထားသော ဝါးပိုးဝါးဆစ်ထဲ ထည့်သွင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ခု ငါလုပ်တာ မင်းတို့မြင်ကြတယ် မဟုတ်လား၊ တောင်ပုစွန်ထောင်တယ်ဆိုတာ အဲဒီလို ထောင်ရတယ်ကွ၊ ငါးခြောက်ညှော်နံ့ရတဲ့ တောင်ပုစွန်ကောင်တွေဟာ ညကျရင် ဒီဝါးဆစ်မြှုံးထဲ အားလုံးဝင်လာကြမှာ၊ ဒီအကောင်တွေက သိပ်အညှော်ကြိုက်ကြတယ်၊ ပြီးတော့ သူတို့မျက်လုံးတွေက အလင်းကို ကြောက်တယ်၊ အလင်းရောင်ကို မကြည့်နိုင်ကြဘူး၊ အဲဒါကြောင့်လည်း နေ့ခင်းနေ့လယ်ဆို သစ်ရွက်ကြား ဝါးကြားနဲ့ ကျင်းပေါက် ကျင်းခေါင်းတွေထဲ ဝင်ပုန်းနေကြပြီး ညမှ ထွက်ကြတာ၊ ကဲ… မိုးလည်းချုပ်တော့မယ်၊ မင်းတို့ လင့်စင်ပေါ်တက်ကြတော့၊ မနက်ဖြန်တော့ တို့ တောင်ပုစွန်သား ကြွပ်ကြွပ်ဝါးရပြီပေါ့ကွာ' ဟု ပြောပြီး ဝါးဆစ်မြှုံးကို လင့်စင်အောက်ရှိ ရွက်ကြွေတောထဲ ပစ်ချထားခဲ့၏။ ပြီး သူ လင့်စင်ပေါ်တက်လာလေသည်။

* * *





ဘအုံ့ထယ်ကမူ တခေါခေါနှင့် အိပ်မောကျနေသော်လည်း ကြာမှိုင်းနှင့် သာမှတ်တို့မှာကား လင့်စင်အောက်ကိုသာ လည်တဆန့်ဆန့်နှင့် ငုံ့ကြည့်နေကြ၏။

ဘအုံ့ထယ်ပြောသလို ညှော်နံ့ရသော တောင်ပုစွန်ကောင်များသည် မိုးပင်မချုပ်တတ်သေး။ သစ်ရွက်ကြို၊ သစ်ရွက်ကြားနှင့် သစ်ခေါင်း ကျင်းပေါက်များမှ အလျှိုအလျှို ထွက်လာကြ၏။ ပြီး ငါးခြောက်မီးဖုတ် ထည့်ထားသော ဝါးမြှုံးထဲ တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့၍ သူဦး ငါဦး လုယက်ဝင်နေကြ၏။

ထိုအခါကျမှ ကြာမှိုင်းနှင့် သာမှတ်တို့မှာ ဘအုံ့ထယ်ပြောသော တောင်ပုစွန်ဆိုသည်ကို သိသွားကြ၏။ အမှန်မှာ ဘအုံ့ထယ်



www.burmeseclassic.com

www.burmeseclassic.com



ကသာ တောင်ပုစွန်ဟု ပြောသော်လည်း သူတို့ မြင်နေကြရသည်မှာ အင်ကင်းကြီးများသာ။

အင်ရွက်မှဖြစ်သော အင်ကင်းများသည် တခြား ကင်းခြေများလို အရောင်နီနီ ညိုညိုမဟုတ်ဘဲ အင်ရွက်ကဲ့သို့ပင် စိမ်းဖန့်နေကြသည်။ အရှည်မှာ လူကြီးတစ်ထွာကျော်ခန့်ရှိပြီး ဖြက်ထုမှာ လက်နှစ်လုံး၊ သုံးလုံးခန့်ရှိ၏။ အရွယ်အစားအလိုက် အကြီးအသေး ရောနေ၏။ ညအမှောင်ထဲတွင် သူတို့၏ မျက်လုံးများက လက်သန်းနီးပါးခန့် တောက်စားနေကြသော်လည်း အလင်းထဲမှာမူ မီးခြစ်ဆံခေါင်းသာသာ သာရှိ၏။

အားလုံးမှာ သစ်ရွက်ရောင်ဖြစ်ပြီး ဝါးဆစ်မြှုးထဲ ဝင်သွားကြသော အကောင်မှန်သမျှမှာလည်း တစ်ကောင်မှ အပြင်သို့ ပြန်မထွက်လာနိုင်ကြတော့ပေ။

တစ်ညလုံး ဝါးဆစ်မြှုးထဲ တိုးဝင်နေကြ၍ မြှုးပြည့်သွားသောအခါ ကျန်အကောင်များသည် နေရောင်လာသည်နှင့်





တစ်ပြိုင်နက် သစ်ရွက်ကြို၊ သစ်ရွက်ကြားနှင့် သစ်ခေါင်း၊ ကျင်းပေါက်များထဲ ဝင်ပုန်းကြသည်။

ဘအံ့ထယ်နှင့်တကွ သာမှတ်၊ ကြာမှိုင်းတို့ကလည်း နေရောင်ခြည်နှင့်အတူ လင့်စင်ပေါ်က ဆင်းလာကြပြီး ဝါးဆစ်မြှုးထဲအပြည့် သဲသဲလှုပ်နေကြသော အင်ကင်းမြှုးကို မီးဖိုထဲ ထည့်ဖုတ်လိုက်ကြ၏။

မြှုးဝါးဆစ်ကို မီးဖိုမှထုတ်ပြီး ခွဲလိုက်ကြသောအခါ အင်ကင်းများမှာ အားလုံးဖုတ်ပြီးသား ဖြစ်သွားကြလေသည်။

ဘအံ့ထယ်သည် မီးဖုတ်ပြီးသား ဖြစ်နေသော အင်ကင်းအသေကောင်များကိုကြည့်ကာ 'ကဲ... မင်းတို့ မစားဖူးသေးတဲ့ တောင်ပုစွန်သား၊ ကြွပ်ကြွပ်သာ ဝါးကြပေတော့'ဟု ပြောလိုက်လေသည်။

ဖိုးကျော့



www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရစာရေးဆရာမကြီး ရီရီငွေး

**ဆက်လက်လုံးချင်းဝတ္ထုများ**

၁။ ရေခဲတောင်ဝန်းကျင်နှင့် လူစွန့်စားရဲခေါင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၀၄၁၁၀၇

၂။ ပန်းဒါလီရှုရှု၏ချစ်သူ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၂၀၁၁၀၇

၃။ လူးရတနာသိုက်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၇၈၁၁၀၇

၄။ မြွေဖြူနန်းရှင်သခင်မ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၂၈၁၁၀၇

* *မကြာမီ ထွက်ရှိမည်။*





## အိုယွန်းယုဉ်စာပေတိုက်မှ ထွက်ရှိသော

၁။ အံ့ဖွယ်ဂမ္ဘီရဖြစ်ရပ်ဆန်း

၂။ ထိပ်တန်းသည်းဖို

**၁။ အံ့ဖွယ်ဂမ္ဘီရဖြစ်ရပ်ဆန်း**

တစ္ဆေ… မဆန်း

*စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၄၅၁၁၀၇*

**၂။ အံ့ဖွယ်ဂမ္ဘီရဖြစ်ရပ်ဆန်း**

သေမင်းတမာန် မိစ္ဆာရန်စွယ်

*စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၈၆၁၁၀၇*

**၃။ ထိပ်တန်းသည်းဖို**

စိတ်စွဲတစ္ဆေ

*စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၈၉၁၂၀၇*

**၄။ ထိပ်တန်းသည်းဖို**

ရှင်ခွဲခဲ့ရုံအဒေအေးတိုက်ထဲက အံဆွဲနံပါတ်(၁၃)

*စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၅၄၁၁၀၇*



www.burmeseclassic.com

www.burmeseclassic.com

# ကပ္ပတိန်ကောလင်းနှင့် တစ္ဆေလေ့

## ရီရီဌေး

ငယ်စဉ်က တစ္ဆေလေ့နှင့်ပတ်သက်သည့် အကြောင်းအရာများကို ကြားဖူးနားဝရှိသော်လည်း သေချာတိကျစွာ ဂဃနဏ မသိခဲ့ချေ။ အဘစိန်နှင့်စကားစပ်ရာမှ တစ္ဆေလေ့ အကြောင်းကို သေချာစွာ သိလာခဲ့ရသည်။ တစ္ဆေလေ့သည်လည်း ကျွန်မသိချင်လှသော လောကကြီး၏ လျှို့ဝှက်ချက်တစ်ခုပင်ဖြစ်ပါသည်။ ကျွန်မသည် ထူးခြားဆန်းကြယ်လောကကြီး၏ လျှို့ဝှက်ချက်ကို လေ့လာသူတစ်ဦးဖြစ်ပြီး ကျွန်မ တွေ့ရှိသော လျှို့ဝှက်ဆန်းကြယ်သောဖြစ်ရပ်မှန်များကို စာဖတ်သူ





ထံမှောက်သို့ အရောက်ပို့သူဖြစ်ပါသည်။ ယခုဖတ်ရှုရမည့် တစ္ဆေလေ့သည် ကျွန်မတို့ ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော နွေမိုးဆောင်းဟူသော ရာသီဥတုသုံးမျိုးအနက်တွင် မိုးရာသီ၏ လျှို့ဝှက်နက်နဲလှသော ဖြစ်ရပ်နှင့် လူသားများ၏ ကံကြမ္မာတို့ ဆက်စပ်နေခြင်းပင် ဖြစ်ပါသည်။

သဘာဝတရားနှင့် လူသားတို့၏ကံကြမ္မာတို့ ဆက်နွယ်နေပါသည်ဆိုသည့်အကြောင်းကို သိပ္ပံနည်းဖြင့် မယုံကြည်ပါဟူ၍ ကျွန်မ အကြောက်အကန် ငြင်းဆိုခဲ့ဖူးပါသည်။ ကျွန်မတို့ အငြင်းအခုံဖြစ်သည့်အကြောင်း မှာ 'တစ္ဆေလေ့' ကြောင့်ပင် ဖြစ်ပါသည်။

ကျွန်မသည် ဧရာဝတီ မြစ်ဝကျွန်းပေါ်ရှိ မြို့ကလေးတစ်မြို့ဖြစ်သည့် ဒေးဒရဲမြို့ဇာတိဖြစ်ပါသည်။ ကျွန်မ၏ အစ်ကို ဝမ်းကွဲတော်သူမှာ ဒေးဒရဲမြို့အပိုင် 'အကယ်ရွာ' ဟုခေါ်သော ပင်လယ်အနီးအနားရှိ ရွာကြီးတစ်ရွာတွင် တာဝန်ကျပါသည်။

ကျွန်မနှင့် ကျွန်မအမေသည် ကျောင်းပိတ်ရက်တွင် ကျွန်မအစ်ကိုရှိရာ 'အကယ်ရွာ' သို့သွားလည်ကြပါသည်။ နွေရာသီကျောင်းပိတ်ချိန်တွင် အကယ်ရွာတွင် တစ်လ နှစ်လ



www.burmeseclassic.com

www.burmeseclassic.com



နေကြပါသည်။ ထိုရွာမှာ ငါးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းသူ အများအပြားရှိပါသည်။ ထိုရွာသို့ မကြာခဏသွားသောအခါ ထိုရွာမှလူများနှင့် ခင်မင်နေပါသည်။

ငါးလှေသူကြီးနှင့် ကျွန်မ၏အမေ၊ အစ်ကိုတို့နှင့်လည်း များစွာခင်မင်ကြပါသည်။ ငါးလှေသူကြီးများသည် ငါးဖမ်းသမ္ဗာန်ထွက်ခါနီးရက်များ၌ ညနေခင်းတွင်လည်းကောင်း၊ ညဘက်တွင်လည်းကောင်း ကောင်းကင်ကိုကြည့်လေ့ရှိပါသည်။

ကျွန်မအစ်ကို၏ အိမ်ကလေးသည် ပင်လယ်ကမ်းနဖူးတွင်ရှိပြီး အိမ်ရှေ့ကွက်လပ်ကလည်း ကျယ်ပါသည်။ ကျွန်မအစ်ကိုသည် ကျောင်းအုပ်ဆရာကြီးတစ်ဦးလည်းဖြစ်သည့်အတွက် ရွာသူရွာသားများကလည်း အားထားကြပါသည်။ အားလပ်ချိန်ဖြစ်သည့် ညနေပိုင်း၊ ညပိုင်းအချိန်တွင် အစ်ကိုဖြစ်သူ 'ဦးချစ်ခိုင်' အိမ်၌သာစုရုံးရောက်ရှိလာကြသည်။

မရီးဖြစ်သူ 'ဒေါ်လှပို' သဘောကောင်းစွာဖြင့် ရေနွေးအိုးတစ်အိုးပြီးတစ်အိုးကျိုကာ ဧည့်ခံလေ့ရှိပါသည်။ ငါးခြောက်ပေါသည့် အရပ်ဖြစ်သဖြင့် ဆီဆမ်းထားသည့် ငါးခြောက်ဖုတ်ပန်းကန်ကလေးများကလည်း ဝိုင်းအလယ်တွင် နေရာယူထား





ပါသည်။ ထိုအုပ်စုများထဲတွင် ငါးလှေသူကြီးတွင် ဝါအရင့်ဆုံးပုဂ္ဂိုလ်ဖြစ်သည့် 'အဘစိန်'၏စကားကို အရေးအထားဆုံးပင်ဖြစ်ပါသည်။ ထိုနေ့ညက ကောင်းကင်ပြင်ကြီးကိုကြည့်ရာ ကောင်းကင်တစ်ခုလုံး နီရဲနေပါသည်။

အဘစိန်ပြောသည်ကို မယုံသဖြင့် လှေထွက်ကြသော လှေသမားများသည် ငါးမရဘဲ လှေမှောက်ကာ လေနီကြမ်းနှင့်တိုးသဖြင့် အသက်ပျောက်ကြပါသည်။ ကောင်းကင်ပြင်ကြီးသည် ကြည်လင်၍ တိမ်များမကန်းကွက်နေလျှင် ရာသီဥတု သာယာမည်။ လှေထွက်ကြရမည်ကို ကြိုသိနေပါသည်။ မည်သည့်လေတိုက်လျှင် မည်သည့်အရပ်၌ ငါးကိုဖမ်းရမည်ကိုပါ ပြောသည်။ ငါးများများရပါသည်။

ထိုစဉ်က ကျွန်မသည် ဆယ်ကျော်သက်အရွယ်ဖြစ်သဖြင့် အဘစိန်စကားများကို အရေးလည်းမထား နားလည်းမလည်ပေ။ ကျွန်မသည် လူကြီးများကို ရေနွေးအိုးယူပေးမည်။ ငါးခြောက်ဖုတ်စားမည်။ လက်ဖက်နှင့် ပုစွန်ခြောက်များများအသည့်စားမည်။ အရေးထားသည်မှာ ကျွန်မ များများစားရဖို့ပင်။ ကြောက်ကွဲဖွယ်ဖြစ်ရပ်တစ်ခု မျက်မြင်တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေ (၄)နာရီလောက်တွင် မိုးသည်းထန်စွာ ရွာသည်။ နာရီဝက်ခန့်ကြာသော် မိုးတိတ်သွားပြီး နေထွက်လာပါသည်။

ညနေငါးနာရီလောက်တွင် အဘစိန်သည် ကျွန်မ အစ်ကိုအိမ်ကို အပြေးအလွှားနှင့်ရောက်လာပါသည်။

'သမီး မဌေး… သမီး အစ်ကိုရောက်ပြီလား'

'ရောက်ပြီ အဘစိန်၊ ဘာဖြစ်လို့လဲ'

'အဘကို ဆရာကြီးတပ်တဲ့မျက်မှန် ခဏလောက်ပေးစမ်း'

'အဘစိန် ဘာဖြစ်လို့အမောတကောဖြစ်နေတာလဲ'

'အရေးကြီးတယ် မိန်းကလေး၊ အဘကိုသာ မျက်မှန် ခဏလောက်ပေးပါ'

ကျွန်မသည် ကျွန်မအစ်ကို၏ မျက်မှန်အဟောင်းကလေးကို ပေးလိုက်ပါသည်။ အစ်ကိုသည် အဝေးမှုန်ဖြစ်သဖြင့် မျက်မှန်ဒီဂရီ (၄၀၀)တပ်ရသူဖြစ်ပါသည်။ တောရွာ၌နေရပြီး မျက်မှန်မရှိလျှင် မဖြစ်သည့်အတွက် မျက်မှန်သုံးလက်ခန့်ရှိပါသည်။ အိမ်မှာနေလျှင် မျက်မှန်အဟောင်းကလေးကိုတပ်၍





ကျောင်းသွားလျှင် မျက်မှန်အသစ်တပ်လေ့ ရှိပါသည်။ အဘစိန်သည် အသက်ကြီးသူဖြစ်၍ မျက်စိမှုန်နေသဖြင့် အစ်ကို့မျက်မှန်နှင့် အတော်ဖြစ်နေသည်။

အစ်ကိုက အဘစိန်အား သူ၏မျက်မှန်အဟောင်းကလေးကိုပေးသော်လည်းမယူပေ။ အကြောင်းရှိမှသာ မျက်မှန်ခဏတောင်းတပ်လေ့ရှိပါသည်။ ယခုလည်း သူအကြောင်းတစ်စုံတစ်ရာရှိ၍ တောင်းသည်ဟု ပေါ့ပေါ့တန်တန် ထင်မိပါသည်။ အဘစိန်သည် ထိုမျက်မှန်ကလေးကိုတပ်ကာ ကောင်းကင်ပြင်သို့ကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေပါသည်။

'သမီးမဌေး ဆရာကြီးကို ခေါ်ပေးစမ်းပါ'

ကျွန်မသည် အိမ်နောက်ဖေးတွင် သီးပင်များကိုရေလောင်းနေသော အစ်ကိုအား လှမ်းခေါ်ရာ မအားသေးကြောင်း ပြောပါသည်။

'အဘစိန်… အစ်ကိုက ရေလောင်းနေလို့ မအားသေးဘူးတဲ့'

'ဟာ… မအားလို့မဖြစ်ဘူး၊ အရေးကြီးတယ်၊ ဆရာကြီးကို အမြန်လာဖို့ ခေါ်ပေးပါ၊ ပြစရာရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးအား အရေးကြီးကြောင်းပြောကာ ခေါ်လိုက်သဖြင့် ကျွန်မအစ်ကိုသည် အူယားဖားယားအပြေးရောက်လာပါသည်။

"အဘစိန် ဘာတွေအရေးကြီးလို့လဲ"

"ဆရာကြီး ကောင်းကင်ကိုကြည့်လိုက်စမ်းပါ၊ တစ္ဆေလှေကြီးကို တွေ့နေလို့"

"ဟာ… အဘစိန်ကလည်း ဘာတွေပြောနေမှန်းမသိဘူး၊ ဘာ တစ္ဆေလှေလဲ"

"ကောင်းကင်မှာလေ သက်တံကြီးကို တွေ့တယ်မဟုတ်လား"

"တွေ့တယ်လေ၊ သက်တံကြီးရဲ့ဘေးမှာ အရိပ်ကြီးကျနေတယ်၊ လှေပုံသဏ္ဌာန်လေ ဆရာကြီးတွေ့လား"

"အင်း ဟုတ်ပါရဲ့၊ လှေပုံသဏ္ဌာန်အရိပ်ကြီးတွေ့တယ်၊ နေပါဦး၊ လှေကြီးကလည်း စောင်းနေတယ်၊ လှိုင်းတွေကြီးမှာမှောက်ခါနီးဖြစ်နေတဲ့ပုံပဲ"

"အဲဒါ တစ္ဆေလှေပေါ့ ဆရာကြီးရဲ့"

"အဘစိန်ကလည်း မဦးမချွတ်ပြောရော့မယ်"





"ဆရာကြီးက မယုံတာ ခက်တာပေါ့"

အဘစိန်နှင့် အစ်ကိုတို့ပြောကြ၊ ငြင်းခုံကြဖြစ်နေသဖြင့် တစ်ယောက်စကားတစ်ယောက်ဆိုလို ရွာသူရွာသားများရောက်ရှိလာပြီး မိုးကောင်းကင်တွင် ထင်နေသော လှေကြီးစောင်းနေသောပုံသဏ္ဌာန်ကို ကြည့်ရှုကြပါသည်။ တစ်ယောက်တစ်မျိုးလည်း အမျိုးမျိုးထင်ကြေး ပေးကြပါသည်။ ထိုစဉ် အဘစိန်က တစ္ဆေလှေနှင့်ပတ်သက်သော အကြောင်းများကို ဆက်ပြောပါသည်။

"ဒီလိုမိုးရွာပြီးစမှာ ကောင်းကင်မှာ တိမ်မဟုတ်ဘဲ ပုံသဏ္ဌာန်အမျိုးမျိုး အရိပ်ထင်တယ်၊ မိုးသားနဲ့မတူတဲ့အချက်ကတော့ အရိပ်ဖြစ်နေတဲ့အတွက် ပုံရိပ်မည်းတွေ တွေ့ရတယ်၊ ပုံသဏ္ဌာန်အမျိုးမျိုးပေါ်ပြီး ရှေးပညာရှင်များက နိမိတ်အမျိုးမျိုးကောက်ကြတယ်။ အဘစိန်တို့ ရေလုပ်သားတွေအတွက်ကတော့ ဒီလိုလှေပုံသဏ္ဌာန် အရိပ်ထင်လာရင် မကောင်းသောအတိတ်နိမိတ်လို့ ယူဆတယ်၊

အဲဒီလှေပုံသဏ္ဌာန်ပေါ်ရင် ကံကြမ္မာဆိုးတွေနဲ့ ဖတွေ့ရလို့ အဲဒီလှေကို ရှေးလူကြီးတွေက တစ္ဆေလှေလို့ခေါ်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လှေပုံသဏ္ဍာန်တွေပေါ်လာရင် လှေမထွက်ရဘူး၊ လှေ မှောက်ပြီး အသက်ဆုံးရှုံးတတ်ကြတယ်။ ဒီလိုမျိုး အရိပ်မည်း တွေ လှေပုံသဏ္ဍာန် တစ္ဆေလှေပေါ်ပုံကလည်း အမြဲတမ်းမဖြစ် ဘူး၊ ဆယ်နှစ်မှတစ်ခါ၊ ငါးနှစ်မှတစ်ခါဆိုသလိုပေါ်တတ်တယ် ပေါ်ရင်တော့ သတိထားရမယ်၊ ဒီအရိပ်မည်းဟာလည်း အကြာ ကြီးမပေါ်ဘူး၊ တစ်နာရီလောက်ပဲ ပေါ်တယ်၊ နောက်ကျ တဖြည်းဖြည်းနဲ့ မှိန်ပြီးပျောက်သွားတယ်"

ရှာသားများကလည်း တဖြည်းဖြည်းနှင့်များလာပါ သည်။ ကျွန်မလည်း ထိပ်ဆုံးက တစ္ဆေလှေခေါ်သည့် အရိပ်မည်း လှေပုံသဏ္ဍာန်ကို ကြည့်မိပါသည်။ တစ်နာရီခန့်ကြာသော် အဘစိန်ပြောသလိုပဲ တဖြည်းဖြည်းမှိန်လာကာ ပျောက်ကွယ် သွားပါတော့သည်။

အရိပ်မည်းလှေကြီးပေါ်တာက တစ်နာရီ၊ ဝိုင်းဝန်း ဆွေးနွေးကြသည်မှာ နှစ်နာရီနှင့်လည်း မပြီး၊ သုံးနာရီလည်း မပြီး။

နောက်ဆုံး ညရောက်သည့်တိုင် ငြင်းခုံဆွေးနွေးနေဆဲ အဘစိန် တို့လူကြီးအုပ်စုကတစ်ဖက်၊ ကျွန်မအစ်ကိုအပါအဝင်





ကျွန်မတို့လူငယ် အုပ်စုကတစ်ဖက် ဖြစ်သွားကြပါသည်။ ကျွန်မအစ်ကိုက သိပ္ပံနည်းကျ ဆွေးနွေးပါသည်။

"ကျွန်တော်ကတော့ သိပ္ပံနည်းကျပဲ ပြောမယ်နော်၊ မိုးရွာပြီးစ ကောင်းကင်မှာ သက်တံပေါ်တာမကြာခဏ ကျွန်တော် တို့ မြင်ကြရတယ်၊ ဒါဟာမစမ်းပါဘူး၊ ဒါပေမဲ့ အရိပ်ပေါ်တာ ကတော့ ဖြစ်တောင့်ဖြစ်ခဲပါ၊ ဖြစ်တတ်တဲ့သဘာဝလည်း ရှိပါတယ်၊ ဘာဖြစ်လို့ သက်တံပေါ်တာလဲ၊ အရိပ်ပေါ်တာလဲ ဆိုတာ ကျွန်တော် ရှင်းပြမယ်၊

ကောင်းကင်မှာ မိုးစက်ရေမှုန်ကလေးတွေ အေးတဲ့ အခါမှာ စုပေါင်းသွားပြီး မိုးရွာတယ်၊ မိုးရွာပြီးပေမယ့် မိုးစက် မိုးမှုန်ကလေးတွေ ကောင်းကင်မှာကျန်သေးတယ်၊ နေရောင် ခြည်နဲ့ လေးဆယ့်ငါးဒီဂရီစောင်းပြီး တွေ့တဲ့အခါ ရေစက်ရေမှုန် ကလေးမှာရှိတဲ့ ရောင်စဉ်ခုနစ်မျိုးကြောင့် ရောင်စဉ်ခုနစ်မျိုးပါတဲ့ သက်တံကြီး ကောင်းကင်မှာ ပေါ်လာတယ်။

ဒီလိုပဲ မိုးစက်အစုကလေးတစ်စုအပေါ် နေရောင်ခြည် ဖြတ်သန်းတဲ့အခါ ဒီမိုးစက်ရေမှုန်အစုကလေးရဲ့ ပုံသဏ္ဍာန်ကို လိုက်ပြီး ပုံရိပ်အမျိုးမျိုး ကောင်းကင်မှာ ထင်တယ်၊ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



လှေပုံသဏ္ဍာန်ထင်တာကို ရှေးလူကြီးတွေကတစ္ဆေလှေလို့ ပြောတာဖြစ်မယ်၊ အမှန်ကတော့ မိုးစက်ရေမှုန်အစုကလေးအပေါ် နေရောင်ခြည်ဖြတ်သန်းသွားပြီး ကောင်းကင်ပြင်မှာ ပေါ်တဲ့ အရိပ်ပဲ"

"ဒါဆို မနက်ဖြန် ငါးဖမ်းထွက်မယ်၊ တစ်ရက်ဆိုဆိုသလောက် ငါးတွေရတယ်"

ထိုအုပ်စုကတစ်မျိုး…

"တို့တော့ တစ်ရက်နှစ်ရက် နားလိုက်ဦးမယ်၊ နားလို့လဲ ဘာမှ မဖြစ်ဘူး"

ထိုအုပ်စုကတစ်ဖက်။

ကျွန်မအစ်ကိုကျောင်းအုပ်ဆရာကြီး ဦးဆောင်သော လူငယ်များနှင့် လူကြီးများ စကားရည်လုခန်းသည် ညဉ့်နက်လာသဖြင့် ပြီးဆုံးခြင်းသို့ ရောက်သွားပြီး အသီးသီးပြန်ကာ အိပ်ကြပါတော့သည်။ နံနက်လင်းသော် ငါးဖမ်းထွက်သည့်လှေကလည်း ထွက်သည်။ နားသည့်လှေကလည်း နားသည်။

အမှန်မှာမူ "အကယ်၍သာ" ကြီးတွင် ရေလုပ်ငန်း လုပ်ကိုင်သူ များပြားသည့်အလျောက် နေ့စဉ်ငါးဖမ်းထွက်သည်မှာ





ပုံမှန် အလုပ်တစ်ခုကို လုပ်နေချိန်ဖြစ်သဖြင့် ထူးဆန်းသော အလုပ် မဟုတ်ပါချေ။ တချို့ငါးဖမ်းလှေများကလည်း မနက်ငါးဖမ်းကာ ညနေပြန်လာကြသည်။ အချို့ လှေသမ္ဗာန်အကြီးများမှာ တစ်ပတ်မှ တစ်လခန့် ကြာတတ်ပါသည်။ လှေပေါ်မှာတင် ငါးများကို ခွဲကာဆားပက်၍ ငါးခြောက်လှန်းခြင်း၊ ငါးပိလုပ်ခြင်း စသည်တို့ပါ လုပ်ကိုင်ကာပြန်လာတတ်ကြသည်။

ထိုသို့ လှေပုံသဏ္ဍာန်ပုံရိပ်ပေါ်ပြီး နောက်တစ်ရက်အကြာတွင် လေပြင်းတိုက်ကာ လှေဆယ်စင်းခန့် ပျောက်သွားပါသည်။ လူပေါင်း ၅၀ ကျော် ပျောက်ဆုံးနေပါသည်။ ထိုနေ့က တစ်နေ့လုံး လေပြင်းတိုက်ခိုက်သဖြင့် ကမ်းပေါ်ရှိ သစ်ပင်များ ကြိုးပျက်ခြင်း၊ အိမ်ခေါင်မိုးများ ပါသွားခြင်းတို့ဖြစ်ခဲ့ပါသည်။

ထို့ကြောင့် လှေလုပ်သားများ၏ အိမ်သူသက်ထားဇနီးမယားနှင့် မိသားစုတို့မှာ လှေထွက်သူများအတွက် စိတ်ပူနေကြပါသည်။ ပင်လယ်ပြင်တွင် ငါးဖမ်းထွက်သွားသည့် ရေလုပ်သားများ၏ ဆွေမျိုးများမှာ စိတ်ပူပင်သောကရောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ထို့ကြောင့် အသက်ကယ်လှေ ၂၀ ကျော် ပင်လယ်ပြင်သို့ ထပ်မံလိုက်သွားကြပါသည်။

လေဒဏ်ကြောင့် လှေဆယ်စီးမှောက်သွားပြီး အချို့ရေလုပ်သားများ ပင်လယ်ပြင်၌ ကူးခတ်နေကြပါသည်။ ထိုကူးခတ်နေသော ရေလုပ်သားများကို အသက်ကယ်လှေများက ဆယ်ယူရရှိခဲ့ပါသည်။ အချို့ရေလုပ်သားများ ရေနစ်သေဆုံးခဲ့ပါသည်။

ထိုနေ့က ရေလုပ်သား နှစ်ဆယ်ကျော် အသက်ဆုံးရှုံးခဲ့ပါသည်။ ပင်လယ်ပြင်၌ မျောနေသော ရေလုပ်သားများကို ဆယ်ယူပြီး ပြန်လာသောလှေများကို ကမ်းလုံးကျွတ် ရွာသူရွာသားများ ကြိုဆိုနေကြပါသည်။

သေကံမရောက် သက်မပျောက်ဘဲ ပြန်လာသော ရေလုပ်သားတို့၏မိသားစုများမှာ ပျော်ရွှင်ဝမ်းသာနေသလောက် ပါမလာသော ရေလုပ်သားများ၏ မိသားစုများမှာ ငိုယိုကြသည်မှာ အလွန်ပင် ကြေကွဲဖွယ်ရာ တွေ့လိုက်ရပါသည်။ ကျွန်မနှင့် ကျွန်မအစ်ကိုမှာ ဤသို့ကြေကွဲ ဖွယ်ရာဖြစ်ရပ်များကို တွေ့ရသောအခါ အပြစ်ရှိသူမှာကိုယ်ပင် ဖြစ်နေသလားဟူသော





အတွေးဖြင့် နှစ်ယောက်စလုံး စိတ်ထိခိုက်ရပါသည်။ ထို့ကြောင့် သူကြီးဖြစ်သူ ဦးနှစ်ကိုယ်တိုင် လာရောက်၍ အားပေးစကားပြောပါသည်။

'ဆရာကြီးရယ် စိတ်မကောင်းမဖြစ်ပါနဲ့၊ ဒါဟာ တိုက်ဆိုင်မှုတွေပါ၊ ဒီလို မိုးဦးကျလေဦးကျမှာ လေပြင်းတိုက်တာ၊ လှေမှောက်တာ သဘာဝပါ၊ ဆရာကြီးတို့ မောင်နှမနဲ့ မဆိုင်ပါဘူး'

'ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း 'အဘစိန်' စကားကို ယုံပါလို့လည်း မပြောဘူး၊ မယုံပါနဲ့လို့လည်း မပြောခဲ့ပါဘူး၊ ကျွန်တော်သိသလောက် သိပ္ပံနည်းကျ ဘယ်လိုဖြစ်သလဲဆိုတာပဲ ရှင်းပြတာပါ၊ ဒါပေမဲ့ အခုလို မတော်တဆ တိုက်ဆိုင်သွားပြီး ကျွန်တော့်မိတ်ဆွေတွေ ကွယ်လွန်သွားသည့်အတွက် ကျွန်တော် အရမ်းစိတ်မကောင်းဖြစ်မိပါတယ်'

'ဆရာကြီး ဒါဟာ ကံတရားပါပဲ၊ ဖြစ်ချိန်တန်လို့ဖြစ်တယ်လို့ပဲ မှတ်လိုက်ပါ၊ ဆရာကြီးတို့ကိုလည်း ဘယ်သူမှ အထင်မလွဲပါဘူး၊ စိတ်မကောင်းမဖြစ်ပါနဲ့ ဆရာကြီးရယ်'

သူကြီး ဦးနှစ်ပြန်သွားသော်လည်း ကျွန်မတို့မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်မှာ သည်ကဲ့သို့သော သဘာဝတရားနှင့် လောကကြီး၏ လျှို့ဝှက်ချက်အပေါ် မည်သို့ဆက်သွယ်နေသနည်းဟူသော ပဟေဠိကို အဖြေမညှိနိုင်။ စိတ်တွေကြေကွဲဝမ်းနည်းမှု အပြည့်ဖြစ်နေပါသည်။

'ညီမလေးရယ် အစ်ကိုသာ အဘစိန်ပြောတာကို နားထောင်ပြီး သူတို့ကို မသွားနဲ့လို့တားခဲ့ရင် ဒီအဖြစ်အပျက်တွေ ဖြစ်လာမှမဟုတ်ဘူး၊ အစ်ကိုကတော့ တကယ်ကို စိတ်မှာ ခံစားရတယ်'

'အစ်ကိုရယ် ကိုယ်ကအမှန်ပြောတာပဲ၊ ဘယ်သူတွေ နစ်နာစေဆိုတဲ့ ဆန္ဒမှမရှိတာ၊ ခုလိုမမျှော်လင့်ဘဲ အကြောင်းတိုက်ဆိုင်သွားတာဟာ သူတို့ရဲ့ ကံကြမ္မာလို့သာ သတ်မှတ်လိုက်ပါတော့ အစ်ကိုရယ်'

ဤသို့ပင် တစ္ဆေလေ့နှင့်ပတ်သက်သော အကြောင်းအရာကို ဆယ်ကျော်သက်က မှတ်မှတ်ထင်ထင် ကြေကွဲစွာ ခံစားရပါသည်။ နောက်ပိုင်း၌ တက္ကသိုလ်မှကျောင်းပြီးကာ နယ်ဘက်လည်း မရောက်ဖြစ်တော့ချေ။

သည်လိုနှင့် နှစ်ပေါင်းသုံးဆယ်ကျော် ကြာခဲ့ပါပြီး





သည်အဖြစ်အပျက်ကိုလည်း မေ့ပျောက်သွားခဲ့ပါသည်။

ကျွန်မ၏ပတ်ဝန်းကျင်တွင် ရေလုပ်သားများနှင့် မနီးစပ်သဖြင့် ၎င်းအကြောင်းအရာများကို သတိမရခဲ့သည်မှာ ကြာခဲ့လေပြီ။

သို့သော် နှစ်ပေါင်းသုံးဆယ်ကျော် ကြာပြီးနောက် 'တစ္ဆေလေ့' အားရေးရန် အစပေါ်ခဲ့ပါသည်။ ထိုတစ္ဆေလေ့ကို အစဖော်ခဲ့သူမှာ အသက်ရှစ်ဆယ်ကျော်ခန့်ရှိသည့် တိုင်းပညာဝန် (အငြိမ်းစား) အဘဦးလှဖေနှင့် တွေ့ရသောအခါ သည်ဇာတ်လမ်း စတင်လာပါသည်။

မိုးရွာပြီးစ ညနေခင်း။

လေးနာရီခွဲခန့်ရှိမည်။ မိုးရွာပြီးနောက် နေရောင်ခြည်များ ဖြာလာပါသည်။ ကောင်းကင်ကြီးအား လှမ်းမျှော်ကြည့်လိုက်ရာ ရောင်စဥ်ခုနစ်သွယ်ဖြင့် လှပလှသော 'သက်တံကြီး' တစ်ခုကို တွေ့လိုက်ရပါသည်။

ထိုသက်တံကြီးကို တွေ့မြင်ရသောအခါ ဆယ်ကျော်သက်က တွေ့မြင်ရသည့် တစ္ဆေလေ့ကို သတိရမိပါသည်။ ကောင်းကင်ကြီးတွင် 'တစ္ဆေလေ့' ကဲ့သို့ အရိပ်များတင်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



လားဟူသော အတွေးဖြင့် ဘေးဘီကိုပါ ကြည့်မိပါသည်။ ဘာမျှမရှိ တိမ်အနည်းငယ်သာ ကွက်တိကွက်ကျား ရှိပါသည်။ ထိုစဉ် အဘဦးလှဖေသည် ကျွန်မအနီးသို့ ရောက်လာခဲ့ပါသည်။

'ဆရာမ ကောင်းကင်မှာ ဘာတွေရှိလို့ ဒီလောက်တောင် ကြည့်နေရတာလဲ'

'ဘာရယ်မဟုတ်ပါဘူး အဘရယ်၊ ကလေးတွေထွက်စောင့်ရင်း သက်တံကြီးတွေ့လို့ ကြည့်နေတာပါ'

'ရှေးလူကြီးတွေ အယူအဆကတော့ ကောင်းကင်မှာ သက်တံပေါ်ရင် နောက်နေ့နေသာမယ်ဆိုတာပဲ၊ မနက်ဖြန် အလုပ်သွားရင် ထီးယူမသွားနဲ့၊ မိုးမရွာဘူး'

'ဩော်… အဘကလည်း ရယ်စရာတွေပြောနေပြန်ပြီ၊ ကောင်းကင်မှာ သက်တံပေါ်နေတာနဲ့ မိုးမရွာတာနဲ့ ဘာဆိုင်လို့တုန်း အဘရဲ့'

'ဆိုင်တာပေါ့ သမီးရယ်၊ မိုးစက်မှုန်ကလေးတွေ စုပေါင်းပြီး အေးခဲလို့ မိုးရွာသွားတော့ မိုးစက်မှုန်အကြွင်းအကျန်ကလေးကို နေရောင်ခြည်နဲ့တွေ့တော့ သက်တံပေါ်တယ်မို့လား၊ ဒီတော့ မိုးစက်မှုန် အကြွင်းအကျန်ကလေးတွေဘဲ





ကျန်တော့ မိုးဘယ်ရွာတော့မလဲ၊ မိုးမရွာတော့ နေပူတာပေါ့'

'အဘက သိပ္ပံစာအုပ်ထဲကအတိုင်း ပြောနေတာကိုး'

'ဒါပေမဲ့ သမီးရယ်၊ အဘလည်း သက်တံပေါ်တိုင်း မိုးကောင်းကင်ကို မကြည့်ဘဲမနေနိုင်ဘူး'

'ဘာဖြစ်လို့လဲ အဘရဲ့'

'သက်တံကြီးနဲ့အတူ မိုးကောင်းကင်မှာ အရိပ်တွေပေါ်တတ်တယ်၊ အဲဒီအရိပ်တွေကိုကြည့်ပြီး နိမိတ်ဖတ်လို့ရတယ်'

'ဘာအရိပ်တွေလဲ အဘရဲ့'

'ဥပမာ လှေပုံသဏ္ဍာန်တို့၊ ကြက်ခြေခတ်ပုံသဏ္ဍာန်တို့၊ လက်ဝါးကပ်တိုင်ပုံသဏ္ဍာန်တို့လို အမျိုးမျိုးပေါ်တတ်တယ်၊ ဟိုးတလောက မြန်မာ့ရုပ်မြင်သံကြားက ပြသွားတဲ့ 'ဒစ်(စ)ကာဗရီ (Discovery)ကဏ္ဍမှာ အဲဒီအကြောင်းတောင် ပြသွားသေးတယ် ဆရာမရယ်၊

ဟို… ဆွစ်ဇာလန်က တောင်တက်သမားသုံးဦး လေနှင်းတွေဖုံးနေတဲ့ တောင်ထိပ်ကို တက်ကာ ကောင်းကင်မှာ လက်ဝါးကပ်တိုင်ကြီးသုံးတိုင် ပုံသဏ္ဍာန် အရိပ်ကြီးကိုတွေ့ရတယ်၊ သူတို့တောင်ဆက်တက်တဲ့အခါ နှင်းမုန်တိုင်းတိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နှင်းတွေပြိုကြလို့ သုံးဦးစလုံးသေတယ်၊ အဲဒါ အဘလည်း စဉ်းစားမိတယ်၊ ဒီကောင်းကင် မှာပေါ်တဲ့ အရိပ်နဲ့ လူသားတို့ ကံကြမ္မာ ဘယ်လိုဆက်စပ်နေသလဲဆိုတာ"

"ဟုတ်ပါတယ် အဘ၊ ကျွန်မလည်း ကြည့်လိုက်ရပါတယ်"

"ဒီလိုပုံရိပ်မဲ့ ပုံသဏ္ဍာန်အမျိုးမျိုးအနက် ကောင်းကင်ပြင်မှာ လှေပုံသဏ္ဍာန် အရိပ်မည်းကို အဘ တွေ့ဖူးတယ်၊ ရှေးလူကြီးတွေအခေါ်အရတော့ တစ္ဆေလှေပေါ့"

"အမယ်လေး တစ္ဆေလှေတဲ့"

ကျွန်မ၏ နှုတ်မှအသံမထွက်အောင် မနည်းထိန်းလိုက်ရပါသည်။ တစ္ဆေလှေဟူသောအသံကို ကြားရသောအခါ မတ်တတ်ရပ်ပျက်က ကိုယ့်ကိုယ်ကိုယ် လဲကျမသွားရအောင် စိတ်ကို ထိန်းထားလိုက်ရပါသည်။ အဘဦးလှဖေသည် ကျွန်မ၏ တုန်တုန်ယင်ယင်ဖြစ်သွားသော အမူအရာကို သတိထားလိုက်မိပုံရသည်။

"ဆရာမ ဘာဖြစ်လို့လဲ၊ တစ္ဆေလှေအကြောင်း ကြားဖူးလို့လား"





"မကြားဖူးပါဘူး အဘ"

ကျွန်မသည် မုသားမသုံးချင်သော်လည်း သုံးလိုက်ရပါသည်။ ကျွန်မ၏စိတ်တွင် လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်ဆီသို့ ပြန်ရောက်သွားပါသည်။ ခါးသီးဖွယ်၊ ကြေကွဲဖွယ်ဖြစ်ရပ်တစ်ခုကို တစ္ဆေလှေဟူသော အသံကြားယုံမျှဖြင့် ရင်နင့်စွာ သတိရလိုက်မိပါသည်။

ကျွန်မတို့မိသားစုနှင့် ညစဉ်လိုလိုပင် ပျော်ရွှင်စွာ ဝိုင်းဖွဲ့၍ စားသောက်ခါ စကားပြောကြ၊ ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးကြသော ရေလုပ်သားများဖြစ်သည့် ကိုစံဝင်း၊ ကိုညွန့်သောင်း၊ ကိုရေအေးတို့အပါအဝင် လူနှစ်ဆယ်ကျော် အသက်ဆုံးရှုံးသည့်ဖြစ်ရပ်များကို ချက်ချင်းသတိရစေခဲ့ပါသည်။ ရင်ဝယ် ဆို့နင့်နေသောကြောင့် သည်အကြောင်းကို ပြန်မပြောင်းမပြောချင်ပါ။ ထို့ကြောင့် တစ္ဆေလှေအကြောင်းကို မျက်ဝါးထင်ထင်တွေ့ခဲ့သည့်အကြောင်းကို အဘဦးလှဖေအား ကျွန်မ ပြောမပြခဲ့ပါ။

"ဆရာမရေ… ကျွန်တော်ကတော့ ဒီတစ္ဆေလှေကို မျက်ဝါးထင်ထင် တွေ့ခဲ့တယ်၊ အရိပ်ကိုတွေ့ပြီး မကြာခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ခရီး ထွက်ခဲ့ရတယ်၊ ပင်လယ်ပြင်ရဲ့ မုန်တိုင်းဒဏ်ကိုလည်း ခံခဲ့ရတယ်၊ သေကံမရောက် သက်မပျောက်ဆိုသလို အဖြစ်မျိုးနဲ့ ကြုံခဲ့ရတယ်၊ အဘအဖြစ်က ဒီလို…'

၁၃၀၀ ပြည့်နှစ်…

မြန်မာနိုင်ငံ၌ ကိုလိုနီအင်္ဂလိပ်အစိုးရ အုပ်ချုပ်နေချိန်ဖြစ်ပြီး ၎င်းတို့၏ ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုးကို မြန်မာပြည်သူပြည်သားများ ခါးစည်းခံရချိန်ဖြစ်ပါသည်။ တောင်သူလယ်သမားများနှင့်တကွ မြန်မာပြည်သူပြည်သားများသည် အင်္ဂလိပ်အစိုးရ၏အောက်၌ မငြိမ်မသက်ဖြစ်နေပါသည်။ အင်္ဂလိပ်အစိုးရသည် နေရာအနှံ့အပြားသို့ လှည့်လည်ကာ မင်းတို့အား တော်လှန်မည်ဟု ထင်ရသော သူများဖမ်းဆီးချုပ်နှောင်သော အချိန်ကာလဖြစ်ပါသည်။

၎င်းတို့အား ပုန်ကန်ရန် ကြံစည်သည်ဟုသတင်းရကာ ဧရာဝတီတိုင်း ကွမ်းခြံကုန်းအပိုင်း 'မရမ်းချွာ'သို့ ရောက်ရှိလာပါသည်။ ထိုအဖွဲ့၏ခေါင်းဆောင်မှာ 'ကပ္ပတိန်ကောလင်း' ဖြစ်ပြီး အင်္ဂလိပ်စစ်သားနှစ်ဆယ်ကျော်ခန့် ပါရှိပါသည်။ ၎င်းတို့အား တော်လှန်ရန် ကြံစည်သူများကို လိုက်လံဖမ်းဆီးသော်





လည်း တော်လှန်သူတစ်ဦးတလေကိုမျှ မဖမ်းမိနိုင်ခဲ့ချေ။

ကပ္ပတိန်ကောလင်းသည် ဤရွာ၌ တော်လှန်သူတစ်ဦးတလေ ကိုမျှ မဖမ်းမိခြင်း၊ သတင်းအစအနမရှိခြင်းတို့အတွက် အလွန်အမင်း ဒေါသဖြစ်ကာ မသင်္ကာသူရွာသားများကို ဖမ်းဆီး၍ စစ်ဆေးပါသည်။ ၎င်းဖမ်းဆီးစစ်ဆေးသောသူများမှာ ရေလုပ်ငန်းလုပ်ကိုင်စားသောက်ကြသည့် ရွာသားများသာဖြစ်သဖြင့် ၎င်းတို့လိုချင်သော သတင်းအစအနမျှပင် မရခဲ့ပေ။ ထိုသို့ဖြစ်လေလေ 'ကပ္ပတိန်ကောလင်း'မှာ ဒေါသဖြစ်လေလေဖြစ်နေပါသည်။ ထိုသို့ စစ်ဆေး၍မရသည့်အဆုံးတွင် ၎င်းရွာသားများအား ရန်ကုန်ရှိဌာနချုပ်သို့ ပို့ဆောင်ရန် စစ်ဆေးရန် ဖမ်းဆီးခဲ့ပါသည်။

ထိုသို့ မသင်္ကာ၍ ဖမ်းခံရသူများထဲတွင် ဦးလှဖေနှင့် ၎င်း၏ဖခင်ဖြစ်သူ ဦးခင်မောင်တို့လည်း ပါဝင်ခဲ့ပါသည်။ ဦးခင်မောင်တို့အား မဖမ်းခင် တစ်ညနေတွင် ကောင်းကင်ပြင် ဤတစ္ဆေလှေကြီး၏ အရိပ်မည်းကို မှတ်မှတ်ထင်ထင် တွေ့ခဲ့ကြပါသည်။ ထိုနေ့ကပင် ဦးခင်မောင်က ၎င်းနှင့်ခင်မင်ရင်းနှီးသူအား လှေမထွက်ရန် တားမြစ်ခဲ့ပါသည်။ အခြားသူများအား



www.burmeseclassic.com

www.burmeseclassic.com



တားမြစ်ထားသော်လည်း ကိုယ်တိုင်မှာမူ မသက်သာမှုနှင့် အဖမ်းခံရကာ ကပ္ပတိန် ကောလင်းတို့နှင့် သင်္ဘောဖြင့် ပင်လယ်ကမ်းရိုးတန်းမှ လှည့်ပတ်ကာ သွားရပါသည်။ လှေကြီးများဖြင့်သွားလျှင် တစ်ပတ်ခန့်ကြာ၍ သင်္ဘောဖြင့်သွားလျှင် သည့်ထက်ပိုကြာပါသည်။

ကပ္ပတိန်ကောလင်းအား ဦးခင်မောင်တို့သည် ရေလုပ်သားများဖြစ်ကြောင်း ၄င်းတို့မှာ မသက်သာသူများမဟုတ်ကြောင်းကို စကားပြန်မှတစ်ဆင့် ရှင်းပြသော်လည်း မည်သို့မျှပြော၍မရပေ။ ကပ္ပတိန်ကောလင်း၏အကြံဉာဏ်မှာ ၄င်းဖမ်းဆီးသူများမှာ ပုန်ကန်သူများဖြစ်သည်ဟု အကြောင်းပြကာ ၄င်းရာထူးတိုးရန်အတွက် အထက်သို့တင်ပြမည်ဟု ကြံစည်ထားပါသည်။

ဦးခင်မောင်သည် ကပ္ပတိန်ကောလင်းကို မည်သို့မျှပြောမရသည့်အဆုံးတွင် 'တစ္ဆေလှေ'အကြောင်းကို ပြောပြပါသည်။ ကောင်းကင်မှာ ပုံရိပ်ထင်နေတာတွေ့ရတယ်။ အဲဒါပေါ်ပြီး တစ်ရက်နှစ်ရက်အတွင်း ပင်လယ်မှာ မုန်တိုင်းကျတတ်တယ်။ ဒါ့ကြောင့် ကျုပ်တို့ကို ဖမ်းချင်ရင် လေး၊ ငါးရက်





လောက်စောင့်ပြီးမှ ရန်ကုန်ကိုခေါ်သွားပါ၊ ခင်ဗျားတို့ ကြိုက်သလို စစ်ဆေးပါ"

"ဒီမှာမောင်မင်း ငါ့ကိုဒီလိုခြောက်လို့မရဘူး၊ မုန်တိုင်းမကလို့ 'တော်နေဒိုး'လာလည်း ငါမကြောက်ဘူး၊ ဒီညနေပဲထွက်မယ်၊ ဒါဟာ ငါ့ရဲ့အမိန့်ပဲ"

မည်သို့မျှ ပြောမရသည့်အဆုံးတွင် ဦးခင်မောင်တို့သားအဖသည် တစ်ယောက်ပုတီးတစ်ကုံးစီ လည်မှာဆွဲကာ အခြားရွာသားဆယ့်နှစ် ယောက်တို့နှင့်အတူ မော်တော်ပေါ်သို့လိုက်ပါလာခဲ့ပါသည်။ မော်တော်သို့ ရောက်သည်နှင့် မြတ်စွာဘုရားအား ပထမဦးစွာကန်တော့ပါသည်။ ဒုတိယတရားတော်နှင့် တတိယသံဃာတော်များကို ကန်တော့ပါသည်။

ရဟန္တာအရှင်မြတ်များကို ကန်တော့ကာ အထူးသဖြင့် ပင်လယ်ပြင်၌ သတင်းသုံးနေသော ရှင်ဥပဂုတ္တကိုယ်တော်ကြီးအား ရည်မှန်းကန်တော့ပါသည်။ ဘုရားရှိခိုးပြီးနောက် 'သမ္ဗုဒ္ဓေ'ဂါထာတော်ကြီး 'တစ်ထောင်' စိတ်ပုတီးစိပ်နေပါသည်။

နေ့ခင်း ထမင်းစားချိန်တွင် ထမင်းကျွေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုတီးစိပ်နေသော ဦးခင်မောင်ကိုတွေ့သောအခါ ကပ္ပတိန်ကောလင်းကမေးပါသည်။

'မောင်မင်း··· မင်းအဖေ ဘာလုပ်နေတာလဲ၊ ထမင်းစားခိုင်းဦး၊ ဒါလုပ်နေရင် ထမင်းငတ်သွားမယ်၊ ငါထမင်းကို အချိန်နှင့်ကျွေးတာ၊ အချိန်လွန်ရင် ထမင်းငတ်မယ်'

အဘဦးခင်မောင်သည် ထမင်းမစားဘဲ ၄င်း၏အမိဌာန်စိပ်ပုတီးကို ဆက်စိပ်နေပါသည်။ 'သမ္ဗုဒ္ဓေ'တစ်ထောင်ပြီးဆုံးသွားသည့်အခါ 'ရှင်ဥပဂုတ္တ'ပရိတ်ဂါထာတော်ကြီးကို ဆက်၍စိပ်နေပါသည်။ ရှင်ဥပဂုတ္တပရိတ်ဂါထာအား မစိပ်မီ အရှင်ဥပဂုတ္တကိုယ်တော်ကြီးအား တိုက်တည်ကာ သစ္စာဆိုခဲ့ပါသည်။ 'ရဟန္တာအရှင်မြတ် ရှင်ဥပဂုတ္တဘုရား တပည့်တော်တနင်္လာသား မောင်ခင်မောင် တိုင်တည်ပါတယ်၊ တပည့်တော်တို့ ရေလုပ်သားများသည် ၄င်းတို့လိုချင်သော သင်္ဘောမကောင်းသူများ မဟုတ်သည်မှာ မှန်ကန်ပါသည်။ ကျွန်ုပ်တို့ ရွာသူရွာသားများသည် တစ်နှစ်က ရှင်ဥပဂုတ္တလှေကြီးမျှော၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ပါသည်။ ယခုကဲ့သို့ မတရားဖမ်းဆီးခံရခြင်း၊ ရှင်ဥပဂုတ္တကိုယ်တော်ကြီးအား တစ်နှစ်တစ်ခါ





ပူဇော်ခြင်းမှာ မှန်ကန်ပါသည်။ ထိုသစ္စာတရားကြောင့် လမ်းခရီး၌ အန္တရာယ်များရှိပါက လွတ်ကင်းပါစေ၊ မင်းပြစ်မင်းဒဏ်က လွတ်ကင်းပါစေ၊ ယခုမှစ၍ ရှင်ဥပဂုတ္တပရိတ်ဂါထာတော်ကြီးတစ်ထောင်ကို မထတမ်း အမိဌာန်ပုတီးစိပ်ပါမည်ဘုရား'

ထိုအချိန်မှစ၍ ထမင်းမစား၊ ဟင်းမစား မထတမ်းထိုင်ကာ ပုတီးစိပ်နေပါတော့သည်။ အဘဦးလှဖေအပါအဝင် ကျန်ရွာသူရွာသားများလည်း ဘုရားစာများကို မိမိတတ်သလောက် ရွတ်ဆိုနေကြပါသည်။ ဤကဲ့သို့ ရွတ်ဆိုနေသည်ကို ကပ္ပတိန်ကောလင်းသည် အထူးအဆန်းသဖွယ် ကြည့်နေပါသည်။ မနေနိုင်သည့်အဆုံး ဦးလှဖေအား မေးပါသည်။

'မောင်မင်းတို့ ဘာတွေရွတ်နေတာလဲ'

'ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များနှင့် ဘုရားမှာဖြစ်တဲ့ သမ္ဗုဒ္ဓေနဲ့ ရှင်ဥပဂုတ္တ ရွတ်နေတာပါ'

'ဒီလိုရွတ်ရင် ဘာဖြစ်လို့လဲ၊ မင်းတို့သေမှာ ကြောက်လို့ မဟုတ်လား'

'လူဆိုတာ တစ်နေ့သေမှာပဲ၊ မသေခင်မှာ ကောင်းမှုလုပ်ရမယ်၊ ဘုရားရဲ့သာသနာပြုရမယ်၊ အခု ငါတို့မှာ အမှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ရသေးခင် မင်းတို့ မှားပြီးဖမ်းလာတယ်၊ ငါတို့ဟာ မင်းတို့လိုချင်တဲ့ သင်္ကာမကင်းသူတွေလည်းမဟုတ်ဘူး၊ မကြာခင်မှာ ပင်လယ်ပြင်မှာ မုန်တိုင်းလာလိမ့်မယ်၊ မင်းတို့ရော ငါတို့ရော သေကြမယ်။ ရန်ကုန်တောင် ရောက်မှာမဟုတ်ဘူး၊ မသေခင်မှာ ဘုရားစာရွတ်နေတာပဲ"

မောင်မင်းက မုန်တိုင်းကျမယ်လို့ ဘယ်လိုပြောနိုင်တာလဲ၊ မင်း အနာဂတ်ဟောသူ "ဖောကျွန်းလဲလား" (Fortunne Teller) လား"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ ကောင်းကင်မှာ တစ္ဆေလှေ ခေါ်တဲ့ အရိပ်မည်းပုံရိပ်တွေပေါ်ရင် မုန်တိုင်းကျတတ်တယ်၊ မနေ့ညနေက အဲဒီအရိပ်ကို ကောင်းကင်မှာ တွေ့ခဲ့ရတယ်"

"ဖူး... ဖူး... မင်းတို့အရူးတွေပဲ၊ ဒါဟာ ရာသီဥတုပဲ ကောင်းကင်မှာ မိုးတိမ်အရိပ်တွေရှိတာ အဆန်းလား၊ ကဲ... မုန်တိုင်းလာတော့ရော မင်းတို့ ဘာလက်နက်ရှိလို့ တားမလဲ"

"ဘုရား၊ တရား၊ သံဃာရဲ့ ဂုဏ်တော်တွေ၊ နှုတ်ကပတ်တော်၊ ပရိတ်တွေရှိတယ်။ အထူးသဖြင့် ပင်လယ်ပြင်မှာ သီတင်းသုံးနေတဲ့ ရှင်ဥပဂုတ္တဆိုတဲ့ ရဟန္တာကိုယ်တော်ကြီးဟာ





အသက်ထင်ရှား ရှိသေးတယ်၊ သူ့ကို တိုင်တည်ပြီး ရှင်ဥပဂုတ္တပရိတ်တော် "ရွတ်ရင် ရဟန္တာကြီးရဲ့ စောင့်ရှောက်မှုကြောင့် ဘေးအန္တရာယ်က လွတ်ကောင်းတယ်၊ ဒါ့ကြောင့် ငါ့အဖေက ရှင်ဥပဂုတ္တကိုတိုင်တည်ပြီး ပရိတ်တော်ကို ရွတ်နေတယ်"

ထိုသို့ရှင်းပြခြင်းကို မယုံသည့်အတွက် ကပ္ပတိန်ကောလင်းသည် မခိုးမခန့်ရယ်မောခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ၊ အဘဦးခင်မောင်အပါအဝင် ဦးလှဖေနှင့် ရွာသူရွာသားများလည်း ရှင်ဥပဂုတ္တပရိတ်တော်ကြီးကို ရွတ်နေကြပါသည်။

များမကြာမီအချိန်တွင် အရှေ့ဘက်ကောင်းကင်တွင် မိုးတိမ်ရိပ်မည်းများ ဖုံးအုပ်လာသည်။ အထူးသဖြင့် လေငြိမ်သွားပါသည်။ လေငြိမ်သွားသည်မှာ အလွန်သိသာလွန်းသည်။ မော်တော်ကုန်းပတ်ပေါ်တွင်ပင် လေတိုက်ခတ်မှု မခံစားရအောင် ငြိမ်လွန်းလှသည်။ ကပ္ပတိန်ကောလင်းသည် အခြေအနေကို ရိပ်စားမိပါသည်။ ဤမျှလေငြိမ်ပြီး မုန်တိုင်းကျပေရော့မည်။ လေငြိမ်ပြီး မုန်တိုင်းလာတော့မည်။ ကပ္ပတိန်ကောလင်းသည် ဦးခင်မောင်တို့လှူစုကို အံ့သြစွာကြည့်မိလိုက်ပါသည်။ အဘဦးခင်မောင်ပြောသည့်အတိုင်းပင် လေမုန်းတိုင်းလာပေတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။ မြန်မာများကို အင်္ဂလိပ်ကပ္ပတိန်ကောလင်းသည် 'အနုံ၊ အအ' များဟု မှတ်ထင်ထားခဲ့သူဖြစ်သည်။ အဘဦးခင်မောင် ပြောသည့်စကားကို ရယ်စရာတစ်ခုသဖွယ် မှတ်ထင်ခဲ့သည်။ အဘဦးလှဖေပြောသည့် စကားကို မခိုးမခန့်ရယ်မောခဲ့သူ ကပ္ပတိန်ကောလင်းသည် လေမုန်တိုင်းကျရောက်မည့် နိမိတ်ကလေးကို တွေ့ရှိမှုဖြင့် မျက်နှာပျက်ချေပြီ။ မကြာခင်တွင် လေစ၍တိုက်လာပါသည်။ မော်တော်ကလေးသည် ကမ်းမမြင် လမ်းမမြင် ပင်လယ်အတွင်း၌ လူးလိမ့်လျက်ရှိပါသည်။

ကပ္ပတိန်ကောလင်းသည် အဘဦးလှဖေတို့ရှိရာသို့ ပြေးရောက်လာပါသည်။ ထိုအချိန်တွင် အဘဦးခင်မောင်သည် ရှင်ဥပဂုတ္တပရိတ်ကြီးကို ရွတ်ဆိုနေဆဲပင်။

'မောင်မင်းတို့ ဘာလုပ်နေကြတာလဲ၊ ပင်လယ်ပြင်မှာ မုန်တိုင်းတိုက်နေပြီ၊ မင်းတို့ကြည့်ရတာ သေမှာမကြောက်တဲ့ အတိုင်းပဲ၊ ဘာဖြစ်လို့ ငြိမ်ပြီးထိုင်နေကြတာလဲ၊ မော်တော် မစောင်းအောင် ကုန်ပိုပစ္စည်းတွေ ချပေးပါ'

'ကုန်တွေချပေးလည်း မော်တော်မှောက်ပြီး သေမှာပဲ၊ ဒီမုန်တိုင်းကို ရှောင်လို့မလွယ်ဘူး'





'နေပါဦး မင်းတို့ထဲမှာ အနာဂတ်ဟောသူပါလား၊ ဒီမုန်တိုင်းကျမှာကို ဘယ်လိုသိတာလဲ၊ အဲဒီဟာ ငါ့ကို အရင် ရှင်းပြပါ'

အဘဦးလှဖေက ပရိတ်ရွတ်နေသော ဖခင်ကြီး ဦးခင်မောင်ကိုယ်စား ပြောပြပါသည်။

'ကျုပ်တို့မှာ ပင်လယ်နှင့်နီးတဲ့နေရာမှာနေတဲ့သူမို့ ပင်လယ်ရဲ့အကြောင်း၊ လေမုန်တိုင်းအကြောင်းကို ရှေးလူကြီးများပြောစကားအရ သိပါတယ်၊

ကျုပ်အခုနကပဲ ခင်ဗျားကို ပြောခဲ့တယ်၊ ကောင်းကင်မှာ ပုံရိပ်မည်းပေါ်လာရင် မုန်တိုင်းကျ တတ်တယ်လို့၊ အဲဒီတုန်းက ခင်ဗျား ရယ်နေတယ်၊ ခင်ဗျား မယုံဘူး မဟုတ်လား၊

အခုလည်း ကျုပ်တို့ အားလုံးမုန်တိုင်းမိပြီးသေမှာပဲ၊ မယုံမရှိနဲ့'

'အိုး… ဂေါ့… ငါမသေချင်သေးဘူး၊ ရာထူးတက်ချင်သေးတယ်'

'ရာထူးတက်မတက်တော့မသိဘူး၊ သေမှာတော့ သေချာတယ်'



www.burmeseclassic.com

www.burmeseclassic.com



"ငါမသေအောင် ဘယ်လိုလုပ်ရမလဲ၊ အနာဂတ်ဟောသူရဲ့၊ ငါ့ကို မြန်မြန်ပြောပါဦး"

"ငါက အနာဂတ်ဟောသူတော့ မဟုတ်ဘူး၊ ဒါပေမဲ့ မုန်တိုင်းဒဏ်ကလွတ်အောင် ပရိတ်ရွတ်ရမယ်၊ နောက်ပြီး ငါတို့အားလုံး သက်မကင်းသူတွေမဟုတ်လို့ ငါတို့အားလုံး လွတ်ပေးရမယ်၊ ဒါကို ခင်ဗျား သဘောတူသလား"

"ငါမသေဘူးဆိုရင် သဘောတူတယ်၊ မင်းတို့ပြောတဲ့ မုန်တိုင်းလွတ်အောင် ပရိတ်ရွတ်ပါ"

"ကျုပ်တို့တင်မကဘူး၊ ခင်ဗျားတို့လည်း ရွတ်ပါ"

"ငါမှ မရွတ်တတ်တာ"

"ကျုပ်ဆိုတဲ့အတိုင်း လိုက်ဆိုပါ"

"ဥပဂုတ္တာ၊ မဟိဒ္ဓိတော၊ သမ္မုဒ္ဒေန ဝိညာဂတော၊ မာရဋ္ဌ မာရဗလဋ္ဌ၊ ဒမေဿတိ အနာဂတေ"

အစရှိသော ပရိတ်တော်ငါးပုဒ်ကို စတင်ရွတ်ဆိုကြပါသည်။

ကပ္ပတိန်ကောလင်းသည်လည်း သေမည်ကိုစိုးရွံ့ထိတ်လန့်စွာဖြင့် မပီမသ လိုက်၍ရွတ်ဆိုပါသည်။ မုန်တိုင်း





သည် တစ်စထက်တစ်စ ကြမ်းသထက် ကြမ်းလာပါသည်။ မော်တော်ဦးခန်း အိပ်ခန်းရှိ မှန်များသည် ရေလှိုင်းများ၏ အရှိန်ပြင်းစွာ ရိုက်ခတ်ခြင်းကြောင့် ကွဲကြေသွားပါသည်။ ကြီးမားသောလှိုင်းကြီးများကြားတွင် မော်တော်ကလေး မျောသွားလျက် ပေါ်လျက် တိမ်းစောင်းလျက် ဖြစ်နေပါသည်။ ပြင်းထန်သော မုန်တိုင်းဒဏ်ကြောင့် လှိုင်းလုံးကြီးများတစ်လုံးပြီးတစ်လုံး ပေါ်လာပြီး ရိုက်ခတ်မှုကြောင့် တက်မပင်ကိုင်၍ မရတော့ပါ။ မိုးမုန်တိုင်းများ လှိုင်းလုံးကြီးများကြားဝယ် မျောချင်သလို မျောနေပါတော့သည်။ မော်တော်ပေါ်ရှိလူများမှာ ထိုင်၍မရ မတ်တတ်ရပ်၍လည်းမရတော့ပါ။ နီးစပ်ရာ နံရံများကိုကိုင်ကာ ဝမ်းလျားမှောက်အနေအထားဖြင့် လှိုင်းလုံးကြီးများအလိုက် လူးလွန့်နေကြပါသည်။ ထို့ကြောင့် မော်တော်ပေါ်ရှိလူများမှာ တစ်ခါတစ်ရံ၌ စောင်းလျက်တစ်မျိုး၊ မြောက်သွားလျှင်တစ်ဖုံ၊ ဇောက်ထိုးအနေအထားဖြင့်တစ်သွယ်၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လှိုင်းဒဏ် လေဒဏ်ကို ခံစားနေကြရပါသည်။

မည်သည့်အနေအထားဖြစ်နေစေကာမူ ဦးခင်မောင်သည် ရှင်ဥပဂုတ္တပရိတ်တော်ကြီးကို အသံကျယ်ကျယ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်ဆိုပါသည်။ ကပ္ပတိန်ကောလင်းသည်လည်း ကြောက်အာ
လန့်အားဖြင့် ဦးလှဖေ ရှုတ်ဆိုသည့်အတိုင်း နောက်မှလိုက်ရှု
မပီမသဖြင့် ရှုတ်ဆိုပါသည်။

'မောင်မင်း ဒီပရိတ်တော်ရှုတ်ရင် ဒီအန္တရာယ်က
လွတ်မှာလား'

'ယုကြည်မှုပေါ်မှာ မူတည်ပါတယ် ကပ္ပတိန်'

'အေး… ဒါဆို ငါယုံကြည်တယ်၊ ရဲဘော်တို့အားလုံ
ရှုတ်ပါ'

ကပ္ပတိန်ကောလင်း အမိန့်ပေးလိုက်သည့် တစ်ပြိုင်
နက် ၄င်းတို့ အင်္ဂလိပ်စစ်သားများကပါ ဦးလှဖေရှုတ်ဆိုသည့်
အတိုင်း မပီမသ ဖတ်ကြပါသည်။ မော်တော်ပေါ်တွင် ပါရှိသည့်
လူအားလုံးတို့ ဝိုင်းဝန်းရှုတ်ဆိုကြပါသည်။ ထိုသို့ရှုတ်ဆိုနေချိ
တွင် ညဉ့်နက်သထက် နက်လာပါသည်။ မှောင်မှောင်မဲမဲ မိုး
သည်းသည်းတွင် မုန်တိုင်းမိနေသော လူတစ်စု၏ ကံကြမ္မာမှာ
မတွေးဝံ့စရာပေ။ ထိုသို့ မုန်တိုင်းကြား၌ ပုံသဏ္ဌာန်အမျိုးမျိုး
ဖြင့် ပရိတ်တော်ရှုတ်ဆိုကြပြီး မကြာမီတွင် မော်တော်ကလေး
မှာ တိမ်းစောင်းခြင်းမရှိတော့ဘဲ လေယာဉ်ဖြင့် အရှေ့ဘက်ဆီသို့





တရိပ်ရိပ်မျောပါသွားသည်။ ထူးဆန်းသော တက်မကိုင်ထား
သော်လည်း တက်မကိုင်ထားသည့်သဖွယ် အရှေ့ရှုးရှုးသို့
အရှိန်ဖြင့်မျောပါသွားကာ မုန်တိုင်းများ မိုးသည်းများကြားမှ
လွတ်မြောက်လာခဲ့ပါသည်။ ထိုသို့ မျောပါသွားရင်း နံနက်
အရုဏ် မိုးမလင်းတလင်းအချိန်တွင် ကျွန်းကလေးတစ်ကျွန်းကို
ပျပျကလေး မြင်ခဲ့ရပါသည်။ မကြာမီ ထိုကျွန်းကလေး၏
ကမ်းစပ်သို့ ရောက်ရှိလာခဲ့ပါသည်။ မော်တော်ပေါ်ရှိလူများ
အားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်သွားပါသည်။ သို့သော်
ချက်ချင်း ထိုကျွန်းပေါ်သို့ မတက်ရဲသေးချေ။ ထိုအချိန်က
မအေးချမ်းသဖြင့် တောသူပုန် ပင်လယ်ဓားပြများ ကျွန်းပေါ်
တွင် နေတတ်ပါသည်။ နံနက်လေးနာရီကျော်အချိန်လောက်တွင်
ကျွန်းကလေး၏ တစ်နေရာ၌ မီးရောင်မှိန် တမှိန်လေးကို
တွေ့ရပါသည်။

နောက်မကြာခင်တွင် ကြေးစည်ထုသံလွင်လွင်ကလေး
ကို ကြားရပါသည်။

'မောင်မင်း ကြေးစည်သံကြားလား'

'ကြားတယ်၊ အဲဒါဗုဒ္ဓရဲ့ သင်္ကေတပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဆင်းကြည့်ကြစို့'

မနေ့ ဦးလှဖေတို့ ဖမ်းခေါ်လာစဥ်က လေသံနှင့်မတူတော့ပေ။ အစကနဦးက ကပ္ပတိန်ကောလင်းတို့ကတစ်ဖက်၊ ဦးလှဖေတို့က တစ်ဖက်ဖြစ်သည်။ ယခုမူ အသက်အန္တရာယ်နှင့် အားလုံးတွေ့ဆုံသောအခါ အန္တရာယ်တစ်ဖက်ခြား၍ ကပ္ပတိန်ကောလင်းနှင့် ဦးလှဖေတို့လူစု မိတ်ဆွေဖြစ်သွားကြပါသည်။ မီးရောင်ရှိရာ သစ်တောအုပ်ကလေးဆီသို့ တစ်ခဏသာသွားရသည်။ ထိုနေရာတွင် ဝါးတဲကလေးတစ်ခုကို တွေ့ရပြီး သံဃာတော်တစ်ပါးသည် မြတ်စွာဘုရားရှေ့တွင် တရားထိုင်နေသည်ကို တွေ့လိုက်ရပါသည်။ ဦးလှဖေနှင့် အပေါင်းအသင်းများသည် ရဟန်းတော်အား ဦးချကာ သင့်တော်ရာနေရာ၌ ထိုင်လျက်နေကြပါသည်။ ခဏအကြာတွင် ရဟန်းတော်သည် တရားထိုင်ရာမှ ပြီးစီးကာ ဦးလှဖေတို့ဘက်သို့လှည့်၍ စကားပြောပါသည်။

'ဒကာကြီးတို့ ဘယ်ကလာကြသလဲ'

'တပည့်တော်တို့ မုန်တိုင်းမိပြီး သည်ကျွန်းကိုရောက်လာတာပါ ဘုရား'





'အိမ်း မနေ့ညက တစ်ညလုံး မုန်တိုင်းတိုက်တယ်၊ ဘုန်းကြီးတောင် သတ္တဝါတွေ အန္တရာယ်ကင်းစေဖို့ မေတ္တာပွားပေးပါတယ်၊ အင်း… ဒကာတို့ စားစရာတွေရှိသေးရဲ့လား၊ ကျောင်းပတ်လည်မှာ ငှက်ပျောခိုင်တွေရှိတယ်၊ အလိုရှိသလောက် ခုတ်ယူစားပါ၊ ကျောင်းနံဘေးမှာ ရေချိုတွင်းရှိတယ်၊ အလိုရှိသလောက် ခတ်ယူသွားပါ၊ ရေအိုးတွေလည်း ရှိတယ်၊ ဒါထက် ဒကာကြီးတို့က ဘယ်သွားမှာတုန်း'

'တပည့်တော်တို့ မသက်ာမှုနဲ့ အဖမ်းခံရတဲ့ အကျဥ်းသားတွေပါ ဘုရား၊ ဖမ်းလာသူကတော့ အခုအရှင်ဘုရားရှေ့မှာထိုင်နေတဲ့ ကပ္ပတိန်ကောလင်းပါပဲ၊ လမ်းမှာ မုန်တိုင်းမိတော့ သမ္ဗုဒ္ဓေဂါထာကြီးနဲ့ ရှင်ဥပဂုတ္တပရိတ်တော်ရွတ်ကြရင်း မနက်လင်းတော့ ဒီကျွန်းကို ရောက်လာတာပါပဲ၊ တပည့်တော်တို့ကို ရန်ကုန်အကျဥ်းထောင်ကို ပို့မယ်လို့ ပြောပါတယ်ဘုရား'

'ဘုန်းကြီးတစ်ခုပြောမယ်၊ အင်္ဂလိပ်စစ်ဗိုလ် နားထောင်ပါ၊ ကောင်းတဲ့လူကို မကောင်းမလုပ်မိစေနဲ့၊ မကောင်းပြုမိတဲ့ဒဏ် ကိုယ်ခံရတယ်'

'ကဲ… ကဲ… ဘုန်းကြီးကျောင်းမှာ တစ်ရေးတစ်မော



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပြီး နားပါ၊ စားစရာများလည်း စားပါ၊ မုန့်တိုင်းလည်း မလာတော့ပါဘူး၊ လိုရာခရီးကို အန္တရာယ်ကင်းစွာရောက်စေဖို့ မေတ္တာပို့ပေးပါမယ်"

ဘုန်းတော်ကြီးသည် ပြောဆိုပြီးနောက် ဘုရားရှေ့တွင် တင်ပလ္လင်ခွေလျက် တရားထိုင်နေပါတော့သည်။ တစ်ညလုံး ဒုက္ခရောက်လာသည့်အတွက် အိပ်သည့်လူများက အိပ်နေပါသည်။ တစ်ရေးနိုးသော် ငှက်ပျောခိုင်များကို ခုတ်ယူစားသောက်ကြပါသည်။ ကျောင်း၏အနောက်ဘက်တွင် စီတန်းလျက်ရှိသော ကျောက်စက်ရေတမှု အေးမြသည့် သောက်ရေကို သောက်လိုက်ကြပါသည်။ တစ်ညလုံး ပင်ပန်းသမျှ ဘုန်းတော်ကြီးကျောင်းတွင် အတိုးချကာ စားသောက်လိုက်ရသဖြင့် အားလုံးအင်အားပြည့်သွားကြပါသည်။ ဘုန်းတော်ကြီးသည် နက်ဖြန်မနက်စောစော၌ မော်တော်ထွက်လျှင် အဆင်ပြေမည်ဟု မိန့်ကြားသဖြင့် နက်ဖြန်တွင် စတင်ထွက်ခွာရန် ပြင်ဆင်ကြပါသည်။ မော်တော်ပေါ်ရှိ ပစ္စည်းတော်တော်များများမှာ ပင်လယ်တွင်းသို့ လိမ့်ကျကုန်သော်လည်း စက်မောင်းသည့် ဒီဇယ်ဆီများသည် ပကတိအတိုင်း မတိမ်းမစောင်းခဲ့ပေ။





ဘုန်းတော်ကြီးဆီမှ ငှက်ပျောခိုင်များ၊ သောက်ရေများယူဆောင်လာကာ ဘုန်းတော်ကြီးအား ရှိခိုးကန်တော့၍ ထိုကျွန်းမှ ထွက်ခွာလာခဲ့ပါသည်။ စတင်ထွက်ခွာလာပြီး မကြာမီတွင် ထိုကျေးရွာရှင်ကျွန်းကလေးအား လှမ်းကြည့်ရင်း ကြည့်ရင်း မှေးမှိန်ပျောက်ကွယ်သွားပါတော့သည်။

ဦးလှဖေနှင့်အတူ ကပ္ပတိန်ကောလင်းသည်လည်း လှမ်းကြည့်နေသည့်အတွက် ၄င်းတို့နှစ်ဦးစလုံး အံ့သြသွားပါသည်။ အခြားသူများအားပြောရာ ထိုသူအားလုံး လှမ်းကြည့်သော်လည်း ကျွန်းကလေးကို မမြင်ရတော့ပေ။ မော်တော်ပေါ်ပါသည့် လူအားလုံး အံ့သြသွားပါသည်။ ကပ္ပတိန်ကောလင်းသည် "တပ်မကိုင်"အား မြေပုံပေးရန်တောင်းလိုက်ပါသည်။ ထိုမြေပုံပေါ်တွင် ရှာကြည့်သော်လည်း ထိုကျွန်းငယ်ကလေး မရှိပေ။ သို့သော် ထိုကျွန်းငယ်ကလေးရှိ ဘုန်းတော်ကြီးကျောင်းမှပေးလိုက်သော ငှက်ပျောဖီးများနှင့် သောက်ရေများသည် သည်အတိုင်းပင် ရှိနေပါသည်။ အိပ်မက်လည်းမဟုတ်၊ အားလုံး ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့ရသော ကျွန်းကလေးသည် မျက်စိရှေ့တွင်ပင် ပျောက်ဆုံးသွားခဲ့ရပါသည်။ ဤသို့ ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



သည့်ဖြစ်ရပ်ကို ကြုံတွေ့ရသောအခါ ကပ္ပတိန်ကောလင်းသည် များစွာတုန်လှုပ်သွားခဲ့ပါသည်။

'မောင်မင်းတို့ရဲ့ ဘုရားကို ကျုပ်ယုံပြီ၊ မောင်မင်းတို့ကိုလည်း မကောင်းမလုပ်တော့ပါဘူး၊ ရန်ကုန်ရောက်တာနဲ့ လွှတ်ပေးမယ်၊ မောင်မင်းတို့ကို ဖမ်းလာတာ ကျုပ် တောင်းပန်ပါတယ်'

'ရန်ကုန်ရောက်ရင်သာ ကျုပ်တို့ကို လွှတ်ပေးပါ'

ညနေစောင်းလောက်တွင် ရန်ကုန်ဆိပ်ကမ်းကို လှမ်းမြင်နေကြပါသည်။ ရန်ကုန်သို့ရောက်သော် ကပ္ပတိန်ကောလင်းသည် ၎င်း၏ ကတိအတိုင်း လွှတ်ပေးကာ မရမ်းရွာသို့ပြန်ရန် စားစရာများနှင့်တကွ စရိတ်များပါပေးလိုက်ပါသည်။ ၎င်းအား ခွင့်လွှတ်ပါရန်လည်း အတန်တန်တောင်းပန်လိုက်ပါသည်။ ရန်ကုန်မှ မရမ်းရွာသို့ အန္တရာယ်ကင်းစွာ ပြန်ရောက်ခဲ့ပါသည်။

ဤသည်မှာ အဘဦးလှဖေပြောပြသော 'တစ္ဆေလှေ' အကြောင်းပင် ဖြစ်ပါသည်။ 'တစ္ဆေလှေ'နှင့်ပတ်သက်၍ ကျွန်ုပ်မ ပြောလိုသောအကြောင်း ရှိပါသည်။ သက်တံပေါ်လျှင် နောက်တစ်နေ့ နေပူမည်။ မနက် မိုးရေဘူးဆောင်ဆိုသကဲ့သို့ မနက်



ပိုင်း မိုးရွာလျှင် ခဏသာရွာမည်။ စနေ့နေ့မိုးရွာလျှင် တစ်ပတ်လုံးမိုးရွာမည်ဟု ဆိုကြပါသည်။

ထို့အတူ တစ္ဆေလှေကဲ့သို့ အရိပ်မည်းကြီး ကောင်းကင်တွင်ပေါ်လျှင် မုန်တိုင်းကျမည်ဟု ပြောတတ်ကြပါသည်။ ဤအကြောင်းကို တိတိကျကျ သုတေသနမလုပ်ရသေးသည့်အတွက် မှန်မည်၊ မမှန်မည်ကို မည်သူမျှ အတိအကျမပြောနိုင်ပေ။

ကျွန်ုပ်မတို့ မြန်မာပြည်တွင် ထိုအရိပ်မည်းသဏ္ဌာန်တွေ့ရသကဲ့သို့ ဆွစ်ဇာလန်တွင်လည်း တွေ့ရပါသည်။ လက်ဝါးကပ်တိုင် အရိပ်မည်းပေါ်ပြီးနောက် နှင်းမုန်တိုင်းများ တိုက်ခတ်ကာ တောင်တက်သမားသုံးဦး ကွယ်လွန်ခဲ့ပါသည်။

ဤသည်မှာ တိုက်ဆိုင်မှုသော်လည်းကောင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ကောင်းကင်တွင် 'တစ္ဆေလှေ'များကဲ့သို့ အရိပ်မည်းများကို မတွေ့ရသော်လည်း မုန်တိုင်းကျခြင်း၊ လေပြင်းမုန်တိုင်းဒဏ်ကြောင့် လှိုင်းတံပိုးများကြီးခြင်း၊ ရေလျှံခြင်း၊ မိုးကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ တွေ့ရတတ်ပါသည်။ အရိပ်မည်းသဏ္ဌာန် တစ္ဆေလှေများကို တွေ့ရသည့်တိုင် မုန်တိုင်းကျ၊ မကျကို သုတေသနမပြုရသေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မသိခဲ့ရသေးပါ။ သဘာဝတရားအရ အရိပ်မည်းတွေ့သော်လည်း မှန်တိုင်းမကျရောက်ဘဲ ရှိချင်လည်း ရှိပေမည်။

သို့သော် စာရေး သူအရေးချင်ဆုံးအရာ ရေလမ်းသွားခရီးသည်များအတွက် ရေလမ်းအန္တရာယ်ဘေးမှ ကင်းဝေးစေရန်အတွက် အန္တရာယ်ကင်း (ရေလမ်းသွား) ပရိတ်ဖြစ်သည့် ရှင်ဥပဂုတ္တပရိတ်တော်ကြီးအား ရွတ်ဖတ်သွားသင့်ကြောင်းကို တင်ပြလိုက်ပါသည်။ လူသားအားလုံး အန္တရာယ်ဘေးမှ ကင်းဝေးပါစေဟု ဆန္ဒရည်၍…

ရီရီဌေး

✡ ✡ ✡



# ရတနာသေတ္တာရှင် ကျောက်မိကျောင်းကြီး

## ရီရီဌေး

ကျွန်မတို့၏ မြန်မာနိုင်ငံအတွင်းတွင် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များစွာရှိပါသည်။ သဘာဝတရား၏ လမ်းကြောင်းတစ်ခုမှ ခွဲထွက်သည့် ထူးခြားသောဖြစ်ရပ်များအနက် လှိုင်မြစ်တစ်ဖက်ကမ်းရှိ အေးချမ်းသော ရွာကလေးတစ်ရွာတွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်တစ်ခုကို ကျွန်မ မနှင်းဝေတို့အုပ်စု တိုက်ဆိုင်စွာ သိခွင့်ရခဲ့ပါသည်။

ကျွန်မ မနှင်းဝေသည် တက္ကသိုလ်ကျောင်းသူတစ်ဦး ဖြစ်ပြီး ကျောင်းပိတ်ချိန်တွင် သူငယ်ချင်းဖြစ်သူ မထားအေး



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရာ လှိုင်မြစ်တစ်ဖက်ကမ်းရှိ အေးသာယာရွာသို့ အလည်အပတ်လိုက်ခဲ့ပါသည်။ ထိုနေရာ ထိုဒေသသို့ မရောက်ဖူးသူ ကျွန်မအတွက် ရှုခင်းကလေးများကို ကြည့်ရသည်မှာ ရင်ဝယ်အေးချမ်းပါဘိ။

ညနေစောင်းအချိန်တွင် မထားအေးနှင့်အတူ ရွာဦးဆီသို့ လမ်းလျှောက်ထွက်ခဲ့ပါ၏။ ရွာဦးသည် မြစ်ကွေ့အနီးတွင်ရှိ၍ ရွာဦးစေတီတော်သည် မြစ်ပြင်ကျယ်ပြာပြာနှင့် အလွန်ပဏာရလှပါသည်။ လေပြေအနှော့တွင် လှိုင်းကြက်ခွပ်ကလေးများ ပြေးလာပြီး စေတီတော်အား ဦးခိုက်သည့်နှယ် ကြည်နူးစွာ မြင်တွေ့ရပါသည်။ ထိုစေတီတော်သို့ ကျွန်မတို့အုပ်စု တဖြည်းဖြည်း လှမ်းလာခဲ့ပါသည်။ စေတီတော်နှင့် နီးလာလေလေ စေတီတော်၏ စောင်းတန်းတော် မိကျောင်းနှစ်ကောင်ရုပ်တုသဏ္ဌာန်ကို မသဲမကွဲတွေ့လိုက်ရပါသည်။

မသဲမကွဲ မြင်တွေ့လိုက်ရသော်လည်း မိကျောင်း၏ကျောကုန်းထက်တွင် သေတ္တာလိုလိုသဏ္ဌာန်ကို လှမ်းမြင်ရပါသည်။ ဤရုပ်တုကို ကြည့်မိသည်နှင့် ကျွန်မ၏စိတ်ကို လွန်စွာဆွဲဆောင်စေပါသည်။ ကျွန်မ၏စိတ်တွင် မည်သို့ဖြစ်မှန်းမသိ။





ထိုရုပ်တုကို မမှိတ်မသုန်ကြည့်ရင်း ခြေလှမ်းများသည် ထိုသို့ဦးတည်ကာ တရွေ့ရွေ့လှမ်းခဲ့ပါသည်။ အသိစိတ်တို့ လေဝယ်လွင့်ပါးသွားသည့်အလား တစ်စုံတစ်ခု၏ ညို့ဓာတ်ရစ်ပတ်သကဲ့သို့ ခြေလှမ်းများက အလိုလိုလှမ်းနေမိပါသည်။ အခြားသူများနှင့် သူငယ်ချင်း မထားအေးသည်လည်း ထူးခြားစွာပြောင်းလဲသွားသည့် ကျွန်မ၏အပြုအမူကြောင့် အံ့သြကြီးစွာဖြင့် သူမနောက်မှ တိတ်ဆိတ်စွာ လိုက်လာခဲ့ပါသည်။ တဖြည်းဖြည်းနှင့် မိကျောင်းရုပ်တုကြီးနှင့် နီးကပ်သည့်နေရာသို့ ရောက်ရှိခဲ့ပါသည်။ မိကျောင်းရုပ်တုကြီး၏ ကျောပြင်မှာ အရာကို ထင်လင်းစွာတွေ့လိုက်ရပါပြီ။

ရတနာ သေတ္တာတစ်လုံး။

မိကျောင်းကျောပေါ်ရှိ စင်ကဲ့သို့ ကျောရိုးများပေါ်တွင် ရတနာသေတ္တာတစ်လုံးကို တင်ထားပြီး ထိုသေတ္တာအား သံကြိုးများနှင့် ချည်နှောင်ထားသည့်သဏ္ဌာန်။

အသက်ဝင်လွန်းသည့်အတွက် တကယ့်မိကျောင်းတစ်ကောင်နှင့် ရတနာသေတ္တာအစစ်ကဲ့သို့ မှတ်ထင်ရပါသည်။

မနှင်းဝေသည် မိကျောင်းကျောပေါ်မှ ရတနာသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ကို အသာအယာ ပွတ်သပ်ကြည့်မိပါသည်။

'ဒီမိကျောင်းနဲ့ ဒီသေတ္တာဟာ ရုပ်တုသာဆိုတယ်၊ တကယ့်အစစ်အတိုင်းပဲ၊ အသက်ဝင်လိုက်တာ'

ကျွန်မသည် မနေနိုင်သည့်အဆုံး ဤသို့ပြောလိုက်မိပါသည်။

'ဟုတ်တယ် နှင်း၊ ဒီမိကျောင်းကြီးနဲ့ ဒီရတနာသေတ္တာဟာ အသက်ဝင်တာလည်း မပြောနဲ့၊ ရင်နာစရာဇာတ်လမ်းတစ်ပုဒ် ရှိခဲ့ဖူးတယ်'

'ရင်နာစရာဇာတ်လမ်း... ဟုတ်လား'

'ဟုတ်တယ်'

'ဒါဆို နှင်းကို ပြောပြပါလား'

'နှင်းကို ကိုယ်ပြောတာထက် ဒီကျောင်းက ရသေ့ကြီးကိုမေးရင် ပိုပြီးပြည့်စုံမယ်'

'ဒါဆို ရသေ့ကြီးဆီကို သွားရအောင် နှင်းရဲ့စိတ်တွေဘယ်လိုဖြစ်မှန်းမသိဘူး၊ ဒီလို ထူးခြားတဲ့ရုပ်တုကို တွေ့လိုက်ရတာ ရင်ထဲမှာ လွမ်းချင်သလိုလို ငိုချင်သလိုလိုပဲ'

'သူ့အကြောင်းကို သိရင် ပိုပြီးမျက်ရည်ကျရလိမ့်မယ်'





'နှင်း အရမ်းသိချင်လာပြီကွယ်'

ထိုသို့ ပြောဆိုရင်း ရှာဦးကျောင်းသို့ သွားရောက်ခဲ့ပါသည်။ ထိုကျောင်းသခ်မ်းပေါ်သို့ ရောက်သောအခါ ရသေ့ကြီးတစ်ပါးကို တွေ့ရှိရပါသည်။ ကျွန်မတို့ သူငယ်ချင်းတစ်စုသည် ပါလာသောငွေများကို နဝကမ္မလှူဒါန်းမှုပြုခဲ့ပါသည်။

ရသေ့ကြီး၏ ဘွဲ့အမည်မှာ ဦးစန္ဒိမာဖြစ်ပြီး သာသနာပြုလုပ်ငန်းဖြစ်သည့် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရင်း ကမ္မဋ္ဌာန်းတရားများ စီးဖြန်းနေသူဖြစ်ကြောင်း သိရှိရပါသည်။ ရသေ့ကြီးသည် သတ္တဝါများအား မေတ္တာတရား လက်ကိုင်ထားရန် ဆုံးမစကားပြောဆိုခဲ့ပါသည်။

ကျွန်မ၏စိတ်တွင် မိကျောင်းကြီးနှင့် ရတနာသေတ္တာရုပ်တုအကြောင်းကို သိလိုလှသည့်အတွက် ရသေ့ကြီးအား လျှောက်ထားမေးမြန်းမိပါသည်။

'ဘရသေ့ကြီး... ဒီစေတီတော်ရဲ့ စောင်းတန်းက မိကျောင်းရုပ်တုကြီးရဲ့ ကျောကုန်းပေါ်မှာ သေတ္တာကြီးတစ်လုံးတင်ထားတာ တွေ့ရပါတယ်၊ အခြား စောင်းတန်းမှာရှိတဲ့ မိကျောင်းစောင်းတန်းနဲ့မတူ တစ်မူထူးခြားနေပါတယ်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းထူးများရှိရင် ပြောပြပေးပါ"

"အိမ်း… အမေးရှိတော့ ပြောပြရတာပေါ့၊ ဒါပေမဲ့ အကြောင်းအပေါင်းက ဆန်းကြယ်လွန်းလို့ ကြားရတဲ့သူတွေ တောင် မယုံနိုင်စရာပါပဲ"

"ပြောပြပါ ဘရသေ့ကြီးရယ်၊ တပည့်တော်မတို့ သိချင် လို့ပါ ဘုရား"

"ဒါဆိုလည်း ပြောပြရတာပေါ့"

ထိုသို့ဖြင့် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်နှင့်အတူ ရင်နာဖွယ်ဇာတ်လမ်းတစ်ခု၌ အဓိကပါဝင်ခဲ့သူ မိကျောင်းနှင့် ရတနာသေတ္တာအကြောင်းကို အံ့သြစွာ ကြားသိခဲ့ရပါသည်။

သာသနာ့အေးရိပ်မြေ ရွာဦးကျောင်းကလေး။

အကျင့်သိက္ခာနှင့် ပြည့်စုံသော ဆရာတော်ဦးဇောတိက သည် ဤကျောင်း၏ ကျောင်းထိုင်ဆရာတော်တစ်ပါးဖြစ် သည်။ ဆရာတော်သည် နေ့စဉ် မိမိပြုလုပ်နေကျ ကမ္မဋ္ဌာန်း တရားများ စီးဖျန်းပြီး ညဥ့်နက်မှ အိပ်စက်ခဲ့ပါသည်။ ထိုသို့ အိပ်စက်စဉ် အိပ်မက်ထဲတွင် မိကျောင်းတစ်ကောင်သည် ရော မောလှပသည့် လုလင်ပျိုအသွင်သို့ပြောင်းကာ ဆရာတော်ထံသို့





ရောက်ရှိလာပြီး ဦးချကန်တော့ရင်း…

"အရှင်ဘုရား… တပည့်တော် လျှောက်ထားအပ်ပါ သည်ဘုရား၊ တပည့်တော်သည် ရတနာများစွာနှင့် သိဒ္ဓိပေါက် ကျင့်စဉ် ကျမ်းကြီးတစ်ဆူပါရှိသည့် ရတနာသေတ္တာကြီးအား စောင့်ကြပ်နေသူဖြစ်ပါ၏။ ယခုအခါ လောဘရမ္မက်သားများက လိုက်လံရှာဖွေကာ အန္တရာယ်ပြုနေကြပါသဖြင့် အရှင်ဘုရား အား အပြီးတိုင်လှူလိုပါသည့်အကြောင်း လာရောက်လျှောက် ထားအပ်ပါသည်ဘုရား"

"ဟော… ရတနာပစ္စည်းတွေနဲ့ သိဒ္ဓိပေါက်ကျင့်စဉ် လမ်း ဟုတ်လား၊ ဒါတွေဟာ ဘုန်းကြီးနဲ့ မသက်ဆိုင်ပါ"

"အရှင်ဘုရား… တပည့်တော်ကို သနားသဖြင့် လက်ခံပေးတော်မူပါ ဘုရား"

ဆရာတော်ကြီး မည်သို့မျှ နှုတ်တော်မဖွင့်မီ လန့်နိုးခဲ့ပါ သည်။ ထူးခြားသော အိပ်မက်ဖြစ်သော်လည်း ဆရာတော်ကြီး မှာ စိတ်မဝင်စားဘဲ အာနာပါနကမ္မဋ္ဌာန်းတရားများကို စီးဖြန်း ရင်း နံနက်မိုးသောက် အလင်းရောက်ခဲ့ရပါသည်။ ထိုသို့ဖြင့် စိတ်စွဲလမ်းမှုမရှိသော်လည်း သုံးရက်ဆက်၍ ဤအိပ်မက်မက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။ ထိုသို့ သုံးရက်လုံးလုံး အိပ်မက်မက်သဖြင့် ထူးခြားလှသည့် အိပ်မက်သည် အကြောင်းတစ်စုံတစ်ရာ ထူးခြားမှုအတွက် ပုပ္ပနိမိတ်ပင်လောဟု ထင်မြင်လာခဲ့ပါသည်။ ထို့ကြောင့် ကပ္ပိယဖြစ်သူ ဦးညိုမောင်အား ၄င်း၏ အိပ်မက်အကြောင်း ပြောပြခဲ့ပါ၏။

ကပ္ပိယဦးညိုမောင်မှာလည်း ဆရာတော်၏ မိကျောင်းမှ လူ့အသွင်သို့ပြောင်းလဲကာ ရတနာများနှင့် သိဒ္ဓိပေါက်ကျင့်စဉ်အကြောင်း ထူးဆန်းသည့်အိပ်မက်ကို ရေမှုဆိုးဦးဖိုးထော်အား ပြောပြမိပါသည်။

ရေမှုဆိုး ဦးဖိုးထော်သည် မိကျောင်းနှင့်ပတ်သက်လျှင် အလွန်ပင်ကျွမ်းကျင်လှပါသည်။ ပုံတိုပတ်စ ဒဏ္ဍာရီမှအစ ဂမ္ဘီရဖြစ်စဉ်ဇာတ်လမ်းများကိုလည်း ကြားဖူးနားဝရှိပါသည်။ ဆရာတော်ကြီး မက်သည့်အိပ်မက်မှာ ထူးခြားသည့်မိကျောင်းများနှင့် ပတ်သက်နေလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဦးဖိုးထော်သည် ငယ်စဉ်ကပင် ချောင်းဖျားချောင်းနားမှအစ ပင်လယ်ပြင်အတွေ့အကြုံ ကြွယ်ဝသူတစ်ဦး ဖြစ်ပါသည်။ ရေလုပ်သားဘဝတွင် သနားစရာ၊ စက်ဆုပ်ဖွယ်ရာ





သွေးညှီနံ့စွန်းသည့် အတွေ့အကြုံရှိသူပင် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ရေလုပ်သားဘဝမှ တစ်ဆင့်တက်ကာ ရေမှုဆိုးမိကျောင်းဖမ်းသူအဖြစ် ပြိုင်ဘက်ကင်းအောင် ကျော်ကြားလှသည့်သူတစ်ဦး ဖြစ်လာပါသည်။ ၄င်းသည် မိကျောင်းဟူသည့် အနံ့ရရုံနှင့် မိကျောင်းကို မိအောင်ဖမ်းနိုင်လောက်အောင် အထူးကျွမ်းကျင်သည့် ရေမှုဆိုးကျော်တစ်ဦး ဖြစ်လာခဲ့ပါသည်။

မိကျောင်းရှာမှုဆိုး (သို့မဟုတ်) ရေမှုဆိုးတစ်ဦး၏ လက်နက်များ။

၄င်းတို့၏ ကိုယ်နှင့်မကွာ ဆောင်ထားသည့် လက်နက်အဖြစ် ဓနိဖူး။ သန္တတ်မှိန်း၊ ကြိုးခွေအစီကြိုးနှင့် ဖော့များတပ်ဆင်ထားသည့် မိကျောင်းဖမ်းလက်နက် အပြည့်အစုံ။ အထူးသဖြင့် မိကျောင်းဖမ်းမည်ဆိုလျှင် ညအချိန်တွင် ဖမ်းလေ့ရှိ၏။ မိကျောင်းတို့၏ သဘာဝမှာ လပြည့်ညများတွင် လတာပြင်၌ မြူးလေ့ရှိပါသည်။

မိကျောင်းဖမ်းသူများမှာ သန္တတ်ကို ကိုင်ထားရင်း သောင်စပ်ပေါ်၌ ထိုင်၍စောင့်နေတတ်ပါသည်။ ရေမှုဆိုး ဦးဖိုးထော်သည် သူ၏နောက်လိုက်တပည့်များကို သောင်စပ်၌ထိုင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှင်း မိကျောင်းနှင့်ပတ်သက်သည့် အကြောင်းများကို ရှင်းပြတတ်ပါသည်။

'မိကျောင်းအမျိုးအစားကတော့ အတော်များသားကွဲ၊ ဒါပေမဲ့ အဓိကကတော့ ခေါင်းရှည်နဲ့ ခေါင်းတိုနှစ်မျိုးဆိုပြီး ခွဲခြားထားတယ်၊ ခေါင်းတိုကတော့ နှာတံတိုပြီး ဝိုင်းတယ်၊ ပါးစပ်ပိတ်လိုက်ရင် သွားကအပြင်ဘက် အစွယ်ငေါထွက်နေတယ်၊ မိကျောင်းတို့ရဲ့ စတုတ္ထအောက်သွားဟာ အခြားသွားတွေထက် ပိုရှည်တယ်'

'ဦးလေး ကျွန်တော်တို့ဆီမှာရှိတဲ့ မိကျောင်းက ခေါင်းရှည်တွေလား'

'ဟုတ်တယ်... တို့နိုင်ငံမှာရှိတဲ့ မိကျောင်းတွေက ခေါင်းရှည်အမျိုးအစားတွေပဲ၊ ဒီကောင်တွေက ရေအောက်မှာ နေနိုင်ရင် အများဆုံး တစ်နာရီကျော်ကျော်လောက်ပဲ၊ ပြီးရင် ရေပေါ်တက် အသက်ရှုကြတယ်၊ သူတို့ အများဆုံးနေတဲ့ နေရာကတော့ ဒီရေအတက်အကျရှိတဲ့ ရေငန်ပိုင်းနဲ့ ရေချိုစပ် မြစ်ဝတွေ ချောင်းဆုံတွေမှာရှိတဲ့ ဗျိုက်တောတွေမှာ အနေများတယ်'





'ဦးလေး မိကျောင်းတွေရဲ့ မျက်လုံးတွေဟာ ညဘက်မှာ တုတ်နဲ့ မီးထိုးကြည့်ရင် မီးတဝင်းဝင်းနဲ့ တော်တော်အရောင်တောက်တယ်နော်'

'ဒါတင် ဘယ်ကမလဲ၊ မိကျောင်းမှာ ဂမ္ဘီရဆန်ဆန် ချို့ဖုက်တဲ့ မျက်လုံး (၂)လုံး အပိုပါတယ်ကွဲ၊ ရေမျက်လုံးနဲ့ ကုန်းမျက်လုံးပေါင်း (၄)လုံးရှိတယ်'

'မိကျောင်းမှာ မျက်လုံး (၄)လုံးရှိတယ်၊ ဟုတ်စ'

'ဟုတ်တယ်ကွဲ၊ ကုန်းမျက်လုံးကတော့ လူတွေမြင်နေရတဲ့ သာမန်မျက်လုံးပဲ၊ ဒါပေမဲ့ ကုန်းပေါ်ကိုကြည့်နေစဉ်မှာ ရေအောက်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ မြင်နိုင်တဲ့ မျက်လုံး (၂)လုံးရှိတယ်၊ အဲဒါ ရေမျက်လုံးပေါ့၊ အဲဒီလို ထူးခြားတဲ့ မျက်လုံးမျိုးဟာ မိကျောင်းမှာပဲရှိတယ်၊ အခြား သတ္တဝါတွေမှာ မရှိဘူး'

'ဦးလေး ပြောမှပဲ မိကျောင်းမှာ မျက်လုံး (၄)လုံး ရှိတယ်ဆိုတာ သိရတော့တယ်'

'ရေမုဆိုးလုပ်မယ်ဆိုရင် မိကျောင်းတွေရဲ့ ထူးခြားမှုကို သိကိုသိရမယ်၊ သူတို့ရဲ့ အပြုအမူဟာ ကိုယ့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ရှိမရှိလည်း သိရမယ်၊ ဥပမာဆိုပါစို့… မိကျောင်း တစ်ကောင်ဟာ လတာပြင်သဲသောင်စပ်မှာ မေးတင်ထားပြီး ခေါင်းကို ကုန်းဘက်လှည့်ထားရင် သူ့ရဲ့ အနီးပတ်ဝန်းကျင်မှာ သူ့ကို ဒုက္ခပေးမယ့် ရန်သူမရှိဘူး၊

ပြိုင်ဘက်ကင်းတဲ့ ရေဘုရင်ပဲ၊ ဒါမှမဟုတ် သောင်စပ်ကို မျက်နှာမမူဘဲ မြစ်ဘက်ကို မျက်နှာမူထားရင် ဒီမိကျောင်း ထက်ကြီးတဲ့ ရန်သူမိကျောင်းဟာ မြစ်ထဲမှာရှိနေပြီဆိုတာ သိနိုင်တယ်၊ အဲဒီမိကျောင်းဟာ အချိန်မရွေး အန္တရာယ်ရှိနိုင်လို့ ထွက်ပြေးနိုင်အောင် မြစ်ဘက်ကို ခေါင်းပြုထားတာပဲ၊ အဲဒီအချိန်မျိုးမှာ ဘယ်လောက်ကြီးတဲ့ မိကျောင်းဖြစ်ပလေ့စေ မဖမ်းလေနဲ့၊ ကိုယ်ပါ အဆစ်ပါသွားနိုင်တယ်"

"မိကျောင်းဟာ မြစ်အနီးအနားတစ်ဝိုက်ကို ရောက်ပြီဆိုတာ ဘယ်လိုသိနိုင်သလဲ ဦးလေး"

"အေးလကွယ်… မိကျောင်းဆိုတာ ရေကို အလွန်နိုင်တဲ့ သတ္တဝါပဲ၊ အလွန်လည်း ပါးနပ်တယ်၊ ဒီတော့ သူကတော့ ထင်ထင်ရှားရှား ဘယ်ပြလိမ့်မလဲ၊ ဒါပေမဲ့ ရေမှုဆိုးတွေကတော့ သိတယ်၊ မြစ်ရိုးထဲ မိကျောင်းရောက်လာပြီဆိုရင် အဲဒီ





ပတ်ဝန်းကျင်မှာ ငါးပူတင်းအုပ်က ဝိုင်းအုံပါလာတတ်တယ်၊ ငါးပူတင်းငါးဆိုတာ သူ့ကိုစားရင်း အဆိပ်အတောက်ဖြစ်တယ် ဆိုပြီး လူတွေ သိပ်မစားကြဘူး၊ သူ့ရဲ့အဆိပ်က ဝမ်းဗိုက်ထဲမှာ ပဲရှိတယ်၊ ငါးပူတင်းမှာ သွားကလေးတွေက အခုံးကလေးပဲ၊ သူကိုက်ရင် အသားတွေ အကွင်းလိုက်ပါတတ်တယ်၊ ငါးပူတင်းငါး အတွတ်ခံရပြီဆိုရင် မိကျောင်းရှိနေတတ်လို့ သတိထားရတော့မယ်"

လပြည့်ည၏ ရွှန်းလဲ့နေသော လရောင်နှင့်အတူ တရိပ်ရိပ်တက်လာသည့် ဒီရေအလျှင်တို့ ကမ်းစပ်သို့ ရိုက်ပုတ်လာချေပြီ။ ဆရာတော်ကြီးသည် ကမ္ဘဋ္ဌာန်းစီးဖြန်းရာမှထကာ ကုန်းနေရေနေ သတ္တဝါများအား အမျှအတန်း ပေးဝေမေတ္တာပို့ရင်း ငှင်း၏စိတ်ဝယ် အိပ်မက်ကို အထူးသတိရကာ ကျောင်းနှင့် မနီးမဝေး မြစ်ဆိပ်ကမ်းသို့ သွားရောက်ခဲ့ပါသည်။

မြစ်ရေအလျှင်ကို ကြည့်ရင်း ရေသတ္တဝါများကို မေတ္တာပို့နေစဉ် မနီးမဝေး ခပ်လှမ်းလှမ်းနေရာမှ ထင်းတုံးကြီးတစ်တုံး မျောလာသည်ဟု ထင်ရပါသည်။

တဖြည်းဖြည်း နီးလာသောအခါ ထင်းတုံးဟုထင်ရ



www.burmeseclassic.com

www.burmeseclassic.com



သော မည်းမည်းသဏ္ဍာန်ကြီးမှာ မိကျောင်းတစ်ကောင်၏ ဦးခေါင်းဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ ထိုမိကျောင်းသည် ဆရာတော်ရှိရာသို့ ဦးတည်ရင်း ဖြည်းဖြည်းနှင့်မှန်မှန် ကူးခတ်လာပါသည်။ ဆရာတော်သည်လည်း ကမ်းစပ်တွင် မေတ္တာပို့သလျက် တစ်ဖဝါးမှ နောက်မဆုတ်ဘဲ တည်ကြည်စွာရပ်နေပါသည်။

ထိုအခိုက် မိကျောင်းဖမ်းသည့် မုဆိုးတစ်သိုက်မှာလည်း ဆရာတော်နှင့် မလှမ်းမကမ်းနေရာသို့ ရောက်ရှိနေပါသည်။ ၎င်းတို့သည်လည်း ယခုကဲ့သို့ ညအချိန်တွင် ကမ်းစပ်၌ ဆရာတော်ကို တွေ့ရသည့်အတွက် ထူးဆန်းနေပါသည်။

"ဟင်… ဆရာတော်ပါလား၊ ညအချိန်မတော်ကြီးမှာ ဘာလုပ်နေပါလိမ့်"

"ဟော… ဆရာတော့်အနားမှာ ဘာကြီးလဲ"

မလှမ်းမကမ်းနေရာဖြစ်သော်လည်း ညအချိန်ကာလဖြစ်သည့်အတွက် ပြတ်သားစွာမတွေ့ရ။ ထို့ကြောင့် တိတ်တဆိတ် အနားသို့တိုးကြည့်လိုက်စဉ် အလွန်အံ့ဩဖွယ်မြင်ကွင်းတစ်ခုကို တွေ့လိုက်ရပါသည်။





"ဟယ်… မိကျောင်းတစ်ကောင်ပါလား၊ ကျောပေါ်မှာ အရောင်တလက်လက် တောက်နေတဲ့ သေတ္တာတစ်လုံးကို သံကြိုးနဲ့ ချည်ထားပါလား"

သူတို့ မြင်တွေ့လိုက်ရသည့်မြင်ကွင်းမှာ အမှန်ပင်ဖြစ်ပါသည်။ လပြည့်ည၏ အလင်းရောင်အောက်ဝယ် ကမ်းစပ်နှင့် ခနီးမဝေးနေရာတွင် ထူးထူးခြားခြားကြီးမားလှသည့် မိကျောင်းတစ်ကောင်၏ ကျောကုန်းထက်တွင် သံကြိုးဖြင့် ဆိုင်းထားသည့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေသည့် သေတ္တာတစ်လုံးကို ချည်နှောင်ထားပြီး အမြီးကို တရမ်းရမ်း လှုပ်ခါနေသည်ကို တွေ့လိုက်ရပါသည်။ ဆရာတော်သည် ထိုမိကျောင်းကို မြင်သည်နှင့် အိပ်မက်ထဲမှ လူရွယ်၏ ပြောစကားကို သတိရမိပါသည်။

အိပ်မက်နှင့်လက်တွေ့ ပေါင်းစပ်၍ မိကျောင်းကျောကုန်းထက်မှ ဝင်းလက်နေသည့် သေတ္တာထဲတွင် ရွှေငွေရတနာများနှင့် သိဒ္ဓိပေါက်ကျမ်းတစ်စောင် ပါနေမည်ကို ဆရာတော်စိတ်၌ အလိုလိုသိနေပါသည်။

သို့သော်လည်း ဆရာတော်ကြီးမှာ လောဘ၊ ဒေါသ၊



www.burmeseclassic.com

www.burmeseclassic.com



မောဟစိတ်ကင်းစင်ပြီး ကမ္မဋ္ဌာန်းတရား စီးဖြန်းနေသည်။ သူတော်စင်တစ်ဦးဖြစ်သဖြင့် ထိုသေတ္တာကိုလည်း စိတ်မဝင်စားခဲ့ပေ။ ထို့ကြောင့် ဆရာတော်ကြီးမှ မိကျောင်းကြီးအား မိန့်ကြားတော်မူခဲ့ပါသည်။

"အသင်မိကျောင်း… အသင်၏ ရတနာ များနှင့်တကွ သိဒ္ဓိပေါက်ကျမ်းသည် ငါ့အတွက် မလိုပြီ၊ ငါသည် ကမ္မဋ္ဌာန်းတရားတော်ကိုသာ ကျင့်ကြံနေသည့်အတွက် အသင်၏ပစ္စည်းများ ပြန်ယူသွားပါလော့"

ထိုသို့ ဆရာတော်မှ မိန့်ကြားတော်မူလိုက်သောအခါ မိကျောင်းမှာ နားလည်သည့်အလား သူ၏အမြီးကို ရမ်းကာရမ်းကာနှင့် မြစ်အတွင်းဘက်သို့ တဖြည်းဖြည်းကူးခတ်သွားပါသည်။ ထိုမိကျောင်းနှင့်တကွ ရတနာစီခြယ်ထားသည့် သေတ္တာကလေးကို မြင်ရသောအခါ မုဆိုးတစ်သိုက်မှာ အလိုပင် ရမ္မက်တပ်မက်ခဲ့ကြပါသည်။

ထို့ကြောင့် ဆရာတော် ကျောင်းပေါ်သို့ ပြန်အကြွတွင် မုဆိုးတစ်သိုက်မှာ မိကျောင်းနက်ကြီးနောက် သို့ နောက်ယောင်ခံ၍ လိုက်ပါသွားပါတော့၏။ မိကျောင်းကြီးမှာ အန္တရာယ်ကို





မသိသဖြင့် ထိုသေတ္တာကြီးနှင့်အတူ မြစ်ရိုးတစ်လျှောက်တွင် နေးကွေးစွာ ကူးခတ်နေပါတော့သည်။

မုဆိုးတစ်သိုက် အကြံကြံဖြစ်ပွလေပြီ။ မိကျောင်းဖမ်းမုဆိုးများမှာ မိကျောင်းသာမက ရတနာသေတ္တာပါရမည်ဖြစ်၍ သန္တတ်ကို သေသေချာချာကိုင်ရင်း မိကျောင်းကြီးနောက်သို့ သဲသဲမဲမဲ လိုက်ခဲ့ချေပြီ။

မုဆိုးနှင့် မိကျောင်း မည်သူက ကံကောင်း၍ မည်သူက ကံဆိုးမည်မသိ။ ရေမုဆိုး ဦးဖိုးထော်၊ သားဖြစ်သူ ဖိုးလုံး။ တပည့်ဖြစ်သူ မောင်လှတို့နှင့်အတူ လှေကိုလှော်ခတ်ရင်း မိကျောင်းနောက်သို့ လိုက်ခဲ့ကြပါသည်။

ဦးဖိုးထော်က လှေဦးတွင်ထိုင်၍ ပဲ့ပိုင်းတွင် မောင်လှကထိုင်ကာ လှော်တက်ကို ရေသံမကြားရအောင် ကျွမ်းကျင်စွာ လှော်ခတ်ခဲ့ပါသည်။

လူသားနှင့် မိကျောင်းတို့၏ ပြိုင်ပွဲကား စလေပြီ။ လူသားများက လှေကို အသံမကြားအောင် မည်မျှကျွမ်းကျင်အောင် လှော်ခတ်စေကာမူ နားအလွန်ပါးပြီး လျင်မြန်သည့် မိကျောင်းကြီးသည် ရေထဲသို့ ငုပ်လျှိုးသွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'သား ဖိုးလုံး မိကျောင်းကြီးတော့ ငုပ်သွားပြီ၊ သန္တတ်ကို အသင့်ပြင်ထား'

'ဟုတ်ကဲ့ အဖေ'

ဖိုးလုံးသည် မိကျောင်းဖမ်း ကိရိယာဖြစ်သည့် သန္တတ်ကို အသင့်ပြင်ထားရင်း စောင့်ကြည့်ရာ မိကျောင်းသဏ္ဍာန်ကဲ့သို့ ခပ်မည်းမည်းအရာကို မလှမ်းမကမ်း၌ တွေ့မြင်ရသဖြင့် သန္တတ်နှင့် လှမ်းပစ်လိုက်ပါသည်။ ဖိုးလုံးပစ်လိုက်သော သန္တတ်သည် အမှန်တကယ်ပင် မိကျောင်းကြီးကို ထိမှန်ခဲ့ပါသည်။

မိကျောင်းကြီးသည် ထိမှန်သွားသောဒဏ်ရာ သက်သာစေရန် ရေအောက်ကြမ်းပြင်သို့ ငုပ်လျှိုးသွားခဲ့သည်။ မိကျော
များသည် သန္တတ် (သို့မဟုတ်) လုံချက်ထိမှန်ပါက ရေအောက်ကြမ်းပြင်သို့ဆင်းကာ လူးလိမ့်တတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရေအောက်ကြမ်းပြင်သည် ရေနက်လေလေ ပိုပြီးမ
လေလေပင်။

'သား... ဖိုးလုံး၊ မိကျောင်းကြီးကို သန္တတ်ထိသွား
လို့ ရေအောက်ကြမ်းပြင်နဲ့ ပွတ်တိုက်ဖို့ ငုပ်သွားပြီ၊ သန္တတ်
လျှော့ထား'





'ဟုတ်ကဲ့ အဖေ'

'ရေအောက်ကြမ်းပြင်နဲ့ ပွတ်တိုက်လေလေ သန္တတ်ဖျားက သူ့ကိုယ်ထဲဆောင့်ဝင်လေလေပဲ၊ ဒဏ်ရာပိုရလာလိမ့်မယ်၊ နောက်ပြီး အသက်ရှူဖို့အတွက် ရေပြင်ပေါ်ကို ပြန်တက်လာဦးမယ်၊ ဒါကြောင့် ကြိုးကို အလျှော့အတင်းလုပ်ပေးရော့'

ဦးဖိုးထော် ပြောသည့်အတိုင်း မှန်ချေပြီ။ မိကျောင်းကြီးမှာ သန္တတ်ထိထားသည့်အတွက် ရေအောက်သို့ ငုပ်လျှိုးလိုက်၊ ရေအောက်ကြမ်းပြင်နှင့် ပွတ်တိုက်လိုက်၊ ရေပြင်ပေါ်သို့ ပြန်တက်လာလိုက်နှင့် ပြေးတမ်းလိုက်တမ်း ကစားနေသကဲ့သို့ပင်။

ရေထဲက မိကျောင်းကြီးလည်း မောပန်းစပြုလာချေပြီ။ ထို့အတူ လှေလှော်သမား သန္တတ်ကိုင်သမားများလည်း စိတ်မော လူမောဖြစ်နေကြပါသည်။

မိကျောင်းဖမ်းရန် ဖိုးသာကဲတို့ လူတစ်စုကလည်း လှေတစ်စင်းနှင့် နောက်မှလိုက်ခဲ့ကြပါသည်။ ရှေ့မှလှေကို အကူအညီပေးရင်း မိကျောင်းဖမ်းပွဲကို ပါဝင်ဆင်နွှဲရန် လိုက်ခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းကြီးကလည်း အလွန်ပါးနပ်သည်။ သည်တစ်ချီ ရေအပေါ်တွင် ဒေလှနားမှကပ်၍ ပေါ်လာပြီး လှေဝမ်းဘက်သို့ အမြီးနှင့် ရိုက်ချလိုက်ပါသည်။

ဦးဖိုးထော်သည် အတွေ့အကြုံရင့်ကျက်သူပီပီ လှေဝမ်းဘက်သို့ ဝပ်ချလိုက်ပါသည်။ သို့သော် တပည့်မော်လှမှာ မိကျောင်းကြီး၏အမြီးနှင့် ရိုက်ချက်ကြောင့် ရေထဲသို့ ထိုးကျသွားပါသည်။

"မောင်လှ… မောင်လှ"

"အစ်ကိုလှ… အစ်ကိုလှ"

မောင်လှသည် အမြီးနှင့်ရိုက်မိ၍ ဒဏ်ရာရသွားသော်လည်း သတိလက်မလွတ်ဘဲ ကုန်းဘက်သို့ ကူးခတ်သွားပါသည်။ မိကျောင်းကြီးမှာ ရန်သူတစ်ဦးကို တိုက်ခိုက်နိုင်သဖြင့် နောက်ထပ် တိုက်ခိုက်ရန် ရေပေါ်သို့ ဦးခေါင်းကြီး မော့ချလိုက်ပါသည်။

သည်တွင် အခွင့်ကောင်းစောင့်နေသော ဖိုးလုံးသည် နောက်ထပ် သန္တတ်တစ်ချောင်းကို ပစ်လွှတ်လိုက်ပါသည်။ ထိချက်က ပြင်းလွန်းရကား သန္တတ်ဒဏ်ကြောင့် မိကျောင်းကြီး





မှာ ရေထဲတွင် တဝုန်းဝုန်း ရုန်းကန်နေသဖြင့် ရေပြင်တစ်ဝိုက်တွင် ကြီးမားသော လှိုင်းများထကာ ဝဲကတော့သဏ္ဌာန် ဖြစ်နေပါတော့သည်။

"ဒီကောင်ကြီး… နောက်ထပ် သန္တတ်ထိပြန်ပြီ"

နောက်ထပ် သန္တတ်ထိထားသော်လည်း မိကျောင်းကြီးမှာ ဇွဲကောင်းလှပါသည်။ ရေပြင်ပေါ်တွင် တရိပ်ရိပ်ပြေးသွားနေသည့်အတွက် ဖောင်ကြိုးများက သူသွားရာ လမ်းကြောင်းအတိုင်း ဖောလောပေါ်နေပါသည်။ ထိုသို့ ပြေးသူကပြေး၊ လိုက်သူက လိုက်နှင့် နာရီအတော်ကြာညောင်းခဲ့ပါသည်။

ဦးဖိုးထော်တို့ လူတစ်သိုက်မှာ သန္တတ်ထိမှန်ထားသည့်အတွက် အောင်သေအောင်သားကို စားရတော့မည်ဟု အပိုင်တွက်ကာ ဝမ်းသာနေပါသည်။ ထို့အပြင် ရတနာသေတ္တာမှ ရတနာများကို ပိုင်ဆိုင်ရတော့မည်ဖြစ်၍ ပျော်တပြုံးပြုံးဖြစ်နေပါသည်။

ထိုစဉ် မိကျောင်းကြီး၏ ထူးခြားသောလက္ခဏာများကို တွေ့မြင်လိုက်ရသည်။ မိကျောင်းကြီးသည် ရေပြင်ထက်မှ အမြီးကိုရမ်းလျက် ၎င်း၏ ကြီးမားလှသော ဦးခေါင်းကြီးအား



www.burmeseclassic.com

www.burmeseclassic.com



သုံးကြိမ်သုံးခါ ငုပ်လိုက်ပေါ်လိုက်လုပ်ကာ ရေအောက်သို့ တစ်ရှိန်ထိုး ငုပ်လျှိုးသွားပါတော့သည်။

ဦးဖိုးထော်သည် ဤအပြုအမူကိုကြည့်ရုံနှင့် ကောင်းစွာ သဘောပေါက်လိုက်သည်။

'ကြိုးစားသမျှတော့ အချည်းနှီးဖြစ်ပါပြီ'

'ဘာဖြစ်လို့လဲ အဖေ'

'မိကျောင်းကြီး ရေကျောက်ချသွားပြီ ထင်ပါရဲ့'

ဖြစ်ရိုးဖြစ်စဉ်ထက် ဆန်းကြယ်သည့်အဖြစ်ကို မြင်ရသည့်အတွက် အားလုံးက အံ့သြနေကြပါသည်။ ဦးဖိုးထော်ပြောသည့် ရေကျောက်ချသည်ဆိုသည်ကို ယုံရအခက် မယုံရအခက်၊ ကြားလည်း မကြားဖူး၊ မြင်လည်း မမြင်ဖူး၍ ဝေခွဲမရဖြစ်နေပါသည်။

'အဖေ ရေကျောက်ချတယ်ဆိုတာ ကျွန်တော် မယုံဘူး၊ ခုနကပဲ သန္တတ်ထိထားလို့ သူ့တစ်ကိုယ်လုံး တုပ်ချည်ပြီးသားဖြစ်နေပြီပဲ၊ ကျွန်တော်တော့ ရေအောက်ကို ငုပ်ကြည့်မယ်'

'မသွားနဲ့ သား၊ မသွားနဲ့'

ဦးဖိုးထော်၏ စကားမဆုံးမီ ဖိုးလုံးမှာ ရေအောက်သို့





ခုန်ဆင်းငုပ်လျှိုးသွားပါတော့သည်။ သားဖြစ်သူ ရေအောက်သို့ ငုပ်လျှိုးသွားသည့်အတွက် ဦးဖိုးထော်လည်း ရေအောက်သို့ သူပါ လိုက်၍ငုပ်လျှိုးခဲ့ပါသည်။

လရောင်၏ ထိန်ထိန်သာမှုကြောင့် ရေအောက်ရွှံ့နွံတောထဲတွင် အပြီးတိုင် သူ၏ခေါင်းကို ထိုးစိုက်နေသည့် မိကျောင်းကြီးကို မသဲမကွဲ မြင်တွေ့ရပါသည်။

ဖိုးလုံးသည် ခါးတွင်ထိုးထားသည့် တုတ်မီးနှင့်ထိုးကြည့်ရာ ရတနာစီးခြယ်ထားသည့် သေတ္တာကလေးကိုပါ တွေ့လိုက်ရပါသည်။

'အဖေ ရတနာသေတ္တာတွေ့ပြီ၊ ဓားမြှောင်နဲ့ သံကြိုးတွေကို ဖြတ်လိုက်မယ်'

'မလုပ်နဲ့ သား … မလုပ်နဲ့၊ အနားမကပ်နဲ့၊ အန္တရာယ်ရှိတယ်'

ဦးဖိုးထော်က စိုးရိမ်ကြီးစွာ အော်ပြောလိုက်ပါသည်။ သို့သော်လည်း သားဖြစ်သူ ဖိုးလုံးမှာ မည်သို့မျှ ပြောမရတော့ပေ။ လောဘရမ္မက်ဇောကြောင့် အန္တရာယ်ကို မမြင်တော့ဘဲ မိကျောင်းကြီး၏အနားသို့ကပ်၍ သံကြိုးကို ကိုင်လိုက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းကြီး၏အမြီးမှာ လှုပ်ယမ်းလာပြီး အရှိန်ပြင်းစွာ ဖိုးလုံးကို ရိုက်လိုက်ပါတော့၏။

ဤသို့ဖြစ်မည်ကို ကြိုတင်သိနေသော ဦးဖိုးထော်သည် သားဖြစ်သူအား "မလုပ်နဲ့"ဟူသော စကားနှင့်အတူ တွန်းပစ်လိုက်ရာ မိကျောင်းကြီး၏ အမြီးနှင့် ရိုက်ချက်ကို ပြင်းပြစွာ ခံလိုက်ရပါတော့သည်။

"ဘုန်း"

"အင့်"

ရေပြင်တစ်ခုလုံး သွေးချင်းချင်းနီသွားခဲ့လေပြီ။ မိကျောင်းကြီး၏အမြီးနှင့် ရိုက်ချက်မှာ ပြင်းထန်လွန်းသည့်အတွက် နံရိုးများအပိုင်းပိုင်းကျိုးကာ ဤရေပြင်မှာပင် တစ်ခဏချင်း အသက်ဝိညာဉ်ကို စတေးခဲ့ရလေပြီ။ လွန်ခဲ့သော မိနစ်ပိုင်းကပင် သန်မာဖျတ်လတ်သည့် မိကျောင်းဖမ်း ရေမှုဆိုး ဦးဖိုးထော်မှာ ယခုအချိန်တွင် မိကျောင်းကြီး၏ လက်ချက်ဖြင့် အသက်စွန့်သွားရရှာလေပြီ။

ကျွမ်းကျင်လိမ္မာလှပါသည်ဆိုသော မြွေလမ္မာယ်ဆရာသည် မြွေကိုက်၍ အသက်ဆုံးရှုံးရသကဲ့သို့ ရေမှုဆိုး ဦးဖိုး





ထော်၏ အဖြစ်မှာလည်း သူ၏သားကောင်ဖြစ်သော မိကျောင်းတစ်ကောင်ကြောင့် အသက်ဆုံးရှုံးခဲ့ရလေသည်။

"မိကျောင်းတစ်ကောင်ရဲ့ အင်မတန် ရက်စက်ကြမ်းကြုတ်ပြီး ကြောက်စရာအကောင်းဆုံးအချိန်ဟာ ရေကျောက်ချတဲ့အချိန်ပဲ"

"အဲ့ချိ မိကျောင်းတွေဟာ အသက်ကို အသေခံပြီး ရွှံ့နွံထဲမှာ ခေါင်းစိုက်ပြီး အပြီးတိုင် ရေကျောက်ချသွားတယ်၊ သူ့ခန္ဓာကိုယ်ကို ဘယ်မုဆိုးလက်မှ အရောက်မခံဘူး"

ဖခင်ဦးဖိုးထော် ပြောသည့်စကားကို ပြန်လည်ကြားယောင်မိပါသည်။ သွေးအလိမ်းလိမ်းဖြင့် အသက်ဝိညာဉ်ကင်းမဲ့နေသော ဦးဖိုးထော်၏ ခန္ဓာကိုယ်ကြီးကို ထမ်းပိုးကာ ကမ်းခြေသို့ ယူဆောင်လာခဲ့ပါသည်။

ဦးဖိုးထော်၏ တပည့်တပန်းများ ရောက်ရှိလာကာ အဖြစ်ဆိုးရှာသည့် ဆရာ၏အလောင်းကို စိတ်မကောင်းစွာ ငေးစိုက်ကြည့်နေကြပါသည်။ ဖိုးလုံးမှာ ယူကျုံးမရ တသသ ဖြစ်နေပါတော့သည်။

"အဖေ··· အဖေ သေတာ ကျွန်တော့်ကြောင့်၊ အဖေ



www.burmeseclassic.com

www.burmeseclassic.com



မသွားပါနဲ့လို့ အတန်တန်တားတဲ့ကြားထဲက အန္တရာယ်တောတိုးတာ ကျွန်တော်၊ တကယ်သေသင့်တာ ကျွန်တော်ပါ အဖေ'

'ကျွန်တော့်ကိုယ် ကျွန်တော် ခွင့်မလွှတ်ဘူး'

စိတ်ရှိလက်ရှိ အသံကုန်ဟစ်မိပါသည်။ ဖိုးလုံးကို အားလုံးက ဖျောင်းဖျကာ ဝိုင်းဝန်းပြောဆိုခဲ့ရပါသည်။ ရင်နင့်စဖွယ်ဖြစ်ရပ်များသည် ဤလတာပြင်တွင် အမှန်ပင်ဖြစ်ခဲ့ဖူးပါသည်။ ဤရေအောက်တွင် ရတနာပစ္စည်းများနှင့် သိဒ္ဓိပေါက်ကျမ်းထည့်ထားသည့် သေတ္တာကို ကျောတွင်လွယ်ခဲ့သော မိကျောင်းကြီး၏ အလောင်းမှာလည်း အမှန်ပင်ရှိခဲ့ပါသည်။ မကြုံစဖူး ထူးကဲသည့်အဖြစ်ဆိုးကြောင့် ဖိုးလုံးတစ်ယောက် အသိတရားရကာ မှဆိုးအလုပ်ကို စွန့်လွှတ်ခဲ့ပါသည်။

'ဘရသေ့ကြီး ပြောပြတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းကလေးက တော်တော်ဆန်းကြယ်တာပဲ၊ ဒါနဲ့ မိကျောင်းစောင်းတန်းကို ဘယ်သူလှူဒါန်းခဲ့တာလဲ'

'ဒီ မိကျောင်းရုပ်တုစောင်းတန်းကို ဘရသေ့ကြီး လှူဒါန်းခဲ့တာပါ၊ ဒီဘုရားကတော့ မိကျောင်း အိပ်မက်ပေးခဲ့တဲ့ ဆရာတော်ကြီး ကမကထ တည်တော်မူခဲ့တဲ့ဘုရားပါ၊





ဘရသေ့ကြီးဟာ ရေကျောက်ချသွားတဲ့ မိကျောင်းကြီးကို သတိရစေဖို့ရယ်၊ လူတွေရဲ့ လောဘမီးဟာ ဘယ်လောက်ကြောက်စရာကောင်းပြီး ကြေကွဲဖွယ်အဖြစ်နဲ့ တိုးရတဲ့ သာဓကတစ်ခုအဖြစ် တည်ထားခဲ့တာပဲ'

'ဘရသေ့ကြီးရဲ့ စိတ်ဓာတ်နဲ့ ဒီအလှူဟာ သာမန်လူတွေ လှူနိုင်ခဲ့လို့ တပည့်တော်တို့ ချီးကျူးပူဇော်ပါတယ်'

'မချီးကျူးပါနဲ့ ဒကာမလေးတို့ရယ်၊ မိဘစကားနားမထောင်လို့ ဖခင် ဆုံးရှုံးရတဲ့ သားမိုက်ဟာ ကျုပ် ရသေ့ကြီးပါပဲ၊ ကျုပ်ကြောင့် အဖေသေရတယ်ဆိုပြီး ယူကျုံးမရဖြစ်လွန်းလို့ ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေဖို့ ကြံစည်ခဲ့ပါတယ်၊ ဒီမှာတင် ဒီကျောင်းက ဆရာတော်ကြီးက ကံအကြောင်းတရားဟာ သူ့ဘာသာသူ ဖြစ်ပေးလာတဲ့အကြောင်း ဟောပြပြီးဆုံးမတဲ့အတွက် ခုလို ရသေ့ဝတ်ပြီး အဖေ့အတွက် ရည်စူးကာ ဒီစောင်းတန်းကြီးကို လှူဒါန်းခဲ့တာပါ၊ နောက် မိကျောင်းကြီးကလည်း သူ့အကြောင်းနဲ့သူ ရတနာပစ္စည်းနဲ့ သိဒ္ဓိပေါက်ကျမ်းကို လာပေးတာ၊ ကျုပ်တို့လို လောဘသားတွေရဲ့ ရန်ပြုမှုကြောင့် ပျက်စီးခဲ့ရတဲ့အတွက် ကျုပ်မှာ အရမ်းအပြစ်ကြီးပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီဝဋ်ကြွေးတွေကျေစေဖို့ ဒီဘုရားမှာ သာသနာပြုရင်း အားလုံးအတွက် ဆုတောင်းမေတ္တာပို့ပေးနေပါတယ်'

'သာဓုပါဘုရား၊ တပည့်တော်မတို့ကို ပြန်ခွင့်ပြုပါ ဘုရား'

ဤသို့ဖြင့် ရင်နင့်စဖွယ်ဖြစ်ရပ်များ ဖြစ်ပွားရာနယ်မြေမှ ရုပ်တုကြီးကို နှုတ်ဆက်ရင်း အိမ်အပြန် ခရီးနှင်ခဲ့ရပါတော့တယ်။

ရီရီဌေး

✡ ✡ ✡

# ပြဒါးပြာ

## အိုယွန်းယဉ်

တနင်္ဂနွေနေ့နံနက်ခင်း…

နံနက်စောစောအိပ်ရာမှထကာ ရွှေတိဂုံစေတီတော်သို့ အဓိဋ္ဌာန်ပုတီးစိပ်ရန် လာခဲ့မိပါသည်။ ချမ်းသာကြီးတန်ဆောင်းတွင် အဓိဋ္ဌာန် ပုတီးစိပ်ပြီး၍ ရင်ပြင်တော်အား တစ်ပတ်ပတ်ခဲ့ပါသည်။ ထို့နောက် မေတ္တာပို့ အမျှဝေကာ ဘုရားမှဆင်းလာရာ ကန်တော်မင်ပန်းခြံနား အရောက်တွင် ဟိန္ဒူအလှူခံတစ်ဦးသည် ပြာပန်းကိုကိုင်ကာ ကျွန်မကို အလှူခံပါသည်။ ကျွန်မသည် အသင့်ပါလာသော ငွေအချို့ကို အလှူခံ ပုဂ္ဂိုလ်အား



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရာ ထိုဟိန္ဒူလူမျိုးအလှူခံမှ ၄င်း၏ ကြေးလင်ပန်းထဲ၌ ထည့်ထားသော ပြာအချို့ကို ပေးပါသည်။ ထိုပြာကလေးကို ကြည့်ရင်းပင် ကျွန်မသည် တစ်စုံတစ်ခုကို သတိရမိပါသည်။ ကိုယ်တွေ့မကြုံသော်လည်း ကိုယ်တွေ့ကြုံဖူးသူများ၏ တစ်ဆင့်စကား တစ်ဆင့်နားသို့ ရောက်လာခဲ့သော အကြောင်းတစ်ခုမှာ 'ပြာ'နှင့်ပတ်သက်သော အကြောင်းအရာတစ်ခု ဖြစ်ပါသည်။ ပြာဟုဆိုသော်လည်း ရိုးရိုးပြာ မဟုတ်ချေ။ ကျွန်မတင်ပြလိုသည်မှာ 'ပြဒါးပြာ'ပင်ဖြစ်ပါသည်။

'သံသေလျှင် တပြေဝ' 'ပြဒါးသေလျှင် တဆွေဝ' ဟူသော ရှေးလူကြီးများ ပြောစကားကို သွားပြီးသတိရမိပါသည်။ ပြဒါးသေသဖြင့် ပြာဖြစ်သွားသော 'ပြဒါးပြာ' အကြောင်းကို တရေးရေး အတွေးပုံရိပ်တွင် ထင်မြင်လာခဲ့ပါသည်။ စာဖြင့်ရေးသောအခါ 'ပြဒါးပြာ' ဟုဖတ်ကြပါသည်။ ပြဒါးပြာနှင့်ပတ်သက်သော ဆန်းကြယ်သည့် ဖြစ်ရပ်များစွာ ရှိခဲ့ပါသည်။

ထိုဖြစ်ရပ်ဆန်းများကို တင်ပြလိုစိတ်များ များစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ပြဒါးပြာသည် သိဒ္ဓိအမျိုးမျိုးနှင့်ပြည့်စုံပြီး





ကြေးများကို ရွှေဖြစ်စေတတ်သော သတ္တိထူးများရှိသည်ဟု ဆိုပါသည်။ မူလဓာတ်မြစ်ပြဒါးသည် ဆုပ်ကိုင်ဖမ်း၍မရသော အရည်တစ်မျိုးပင် ဖြစ်ပါသည်။ ၄င်းသည် မီးနှင့်တွေ့လျှင် အငွေ့အသွင်သို့ ပြောင်းသွားသည့်အတွက် အဂ္ဂိရသမားများသာ ပြဒါးဖမ်းခြင်း၊ ပြဒါးရှင်ဓာတ်လုံးများ ပြုလုပ်ခြင်းကို ဖိုထိုးခြင်းဖြင့် လုပ်ကိုင်ကြပါသည်။ သို့သော် မည်မျှကြာအောင် ဖိုထိုးခြင်းကို ပြုလုပ်သော်လည်း မီးအချိန် အဆမမှန်ခြင်း၊ ဓာတ်ပြုခြင်း၊ အချိုးအစား မမှန်ကန်ခြင်းတို့ကြောင့် လိုချင်လှသော ပြဒါးပြာသော်လည်းကောင်း ပြဒါးရှင်ဓာတ်လုံးသော်လည်းကောင်း မရကြပေ။

ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီစသော ပုဂ္ဂိုလ်များနှင့် သူတော်စင်အချို့၌သာ အလွန်ရှားပါးသော ပြဒါးပြာရှိတတ်သည်ဟု ကြားဖူးခဲ့ပါသည်။ ပြဒါးပြာနှင့်ပတ်သက်သော သိဒ္ဓိများမှာ ပြဒါးထည့်ထားသော ရေ (သို့မဟုတ်) ပြဒါးပြာထိထားသော အစားအစာများကို စားမိလျှင် (၇)ရက်ခန့် ဆာလောင်မွတ်သိပ်ခြင်းကင်းသော အာဟာရသိဒ္ဓိနှင့် ပြည့်စုံခြင်း၊ ခန္ဓာကိုယ်တွင်း၌ဖြစ်ပေါ်တတ်သောရောဂါအမျိုးမျိုး ပျောက်ကင်းနိုင်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှည်ခြင်း၊ မအိုမင်းခြင်း အစရှိသော ကာယသိဒ္ဓိနှင့် ပြည့်စုံပါသည်။

"မိုးပြဲဒယ်တစ်အိုးဖြင့် အရည်ကျိုထားသော ကြေးများကို ကွမ်းရိုးတစ်ရိုးဖြင့်တို့၍ ပါလာသော ပြဒါးပြာဖြင့်တို့သော် ထိုကြေးအားလုံး ရွှေဖြစ်လတ္တံ့"

ဟူ၍ပင် ပုရပိုဒ်များတွင် ပြဒါးပြာနှင့်ပတ်သက်၍ ရေးသားထားပါသည်။

ယခုဖော်ပြမည့်အကြောင်းအရာများသည် မြေလတ်ဒေသရှိ မကွေးမြို့နယ်အတွင်းရှိ မြိုင်သာယာရွာ (ရွာ၏နာမည်ကို ပြောင်းထားပါသည်)မှ ကြေးအရည်ကျိုကာ ဘုရားဆင်းတုလုပ်ကိုင်သော အဘဦးဖိုးရင်နှင့် ပြဒါးပြာအကြောင်းပင် ဖြစ်ပါသည်။ ဦးဖိုးရင်သည် သားဖြစ်သူ မောင်လှထွန်း တပည့်တပန်းများနှင့်အတူ ကြေးဘုရားဆင်းတုလုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသည်။

ဤကဲ့သို့ ကြေးဆင်းတုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့လေပြီ။ သို့သော်လည်း ဝမ်းဝရုံသာ အနိုင်နိုင်ဖြစ်သည်။ ၎င်းသည် ပိုလျှံသောငွေကြေးအမြောက်





အမြား ရယူလိုသည့်အတွက် မကြာခဏ ညည်းညူမိသည်။

"ဒီတစ်သက် ဘယ်တော့များမှ ချမ်းသာပါ့မလဲ"

"ချမ်းသာတော့ အဖေဘာလုပ်မလဲ"

"ဟကောင်ရ… ချမ်းသာရင် အလှူဒါနပြုလို့ရတယ်၊ သာသနာပြုလို့ရတာပေါ့"

"အဖေရာ… အဖေ တကယ် လှူချင်တန်းချင်ရင် သာသနာပြုချင်ရင် ဘုရားမှာ ဆုတောင်းပေါ့"

"အေး… မင်းပြောတာလဲ ဟုတ်တာပဲ၊ ငါ ညည်းညူနေမယ့်အစား ဘုရားမှာ ဆုတောင်းမယ်"

ထိုနေ့မှစ၍ ဘုရားပန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ဆွမ်းတော်ကပ်လှူခြင်းစသော ကောင်းမှုကုသိုလ်များပြုကာ သာသနာပြုလိုသောကြောင့် စီးပွားချမ်းသာပေးပါရန် ဘုရား၌ ဆုတောင်းခြင်းအမှုကို ပြုခဲ့ပါသည်။ ထိုသို့ ပြုလုပ်ခဲ့သည်မှာ လပေါင်းများစွာကြာလာပါသည်။

တစ်ညတွင် ထူးဆန်းသော အိပ်မက်တစ်ခု မက်ပါသည်။ အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည် တောင်ဝှေးတစ်ခုကိုကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးရင်၏ အိမ်ရှေ့သို့ရောက်လာကာ ဦးဖိုးရင်အား ထူးဆန်းသော စကားများကို ပြောခဲ့ပါသည်။

'လူကလေး မောင်ဖိုးရင် မင်းရဲ့ဘဝတစ်ခုလုံး ဘုရားကို မေ့နေခဲ့တယ်၊ အခု သာသနာပြုလိုတဲ့စိတ် ရှိလာပြီဖြစ်တဲ့အတွက် ချမ်းသာခြင်းကို ပေးမယ်၊ ချမ်းသာခြင်းကိုရရင် သာသနာတကယ်ပြုမှာလား၊ စဉ်းစားပြီးမှ ဖြေပါ'

'ချမ်းသာခြင်းကိုရရင် သာသနာ တကယ်ပြုပါ့မယ်၊ သား ကတိပေးပါတယ်'

'သာသနာတကယ်ပြုရင် ချမ်းသာခြင်းကို ပေးမယ်၊ ဒါဟာ 'ပြဒါးပြာ' လို့ခေါ်တယ်၊ ဒီပြဒါးပြာဟာ ငွေ့ကို ရွှေဖြစ်စေတယ်၊ အဘဟာ သားကို ပြဒါးပြာလာပေးမယ်၊ သားရဲ့စိတ်ထဲ ဖြူစင်ဖို့လိုတယ်၊ စိတ်ထားဖြူသလောက် သာသနာပြုလိုသော စိတ်စေတသိက် ရှိသလောက် ချမ်းသာခြင်းကိုဖြစ်စေတယ်။

ဒါ့ကြောင့် ချမ်းသာခြင်းကို လိုချင်ရင် စိတ်ထားဖြူစင်ဖို့ကြိုးစားရမယ်။ များမကြာမီမှာ အဘ လာခဲ့မယ်။ အဘနဲ့အတူ ချမ်းသာခြင်းလည်းပါမယ်။





အဘလာတဲ့အခါ မင်း အဘကို မှတ်မိဖို့တော့လိုတယ်'

ထိုသို့ပြောဆိုပြီးနောက် ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အဘိုးအိုမှာ ပျောက်ကွယ်သွားပါသည်။ ထိုအိပ်မက်မက်ပြီး အိပ်ရာမှလန့်နိုးခဲ့ပါသည်။ ဦးဖိုးရင်မှာ ထူးဆန်းလှသော အိပ်မက်ကို ပြတ်ပြတ်ထင်ထင် မြင်မက်သဖြင့် ဆက်မအိပ်တော့ဘဲ ဆေးလိပ်သောက်ကာ စဉ်းစားနေပါသည်။

ထိုအဘိုး အိုပြောခဲ့သော စကားများအနက် ပြဒါးပြာ ဟု ပါပါသည်။ ပြဒါးပြာဆိုသည်မှာ ဦးဖိုးရင် တစ်ခါမျှ မကြားဖူးသောကြောင့် ဘာမှန်းပင် မသိချေ။ သူ မြင်လိုက်သည်မှာ ဖြူစင်သော အမှုန်ကလေးများပင်ဖြစ်ပါသည်။ နံနက်မိုးလင်းသော် ဦးဖိုးရင်သည် ၄င်းပြုလုပ်နေကျဖြစ်သော ဘုရားပန်းကပ်ခြင်း၊ ဆွမ်းတော်ကပ်ခြင်းအမှုကို ပြုလုပ်ခဲ့ပါသည်။ လုပ်နေကျဖြစ်သော ကြေးဆင်းတုများကိုသာ သားများနှင့်အတူ လုပ်ကိုင်ရင်း အိပ်မက်ကိုပင် မေ့သွားခဲ့ပါသည်။

ထိုအိပ်မက်မက်ပြီး တစ်လကျော်ခန့်အကြာတွင် ဦးဖိုးရင်၏ အိမ်ရှေ့တွင် အိန္ဒိယယောဂီတစ်ဦးဖြစ်သည့် ဆာဒူးတစ်ပါး အိမ်ရှေ့သို့ရပ်ကာ အလှူခံပါသည်။ ဦးဖိုးရင်သည်



www.burmeseclassic.com

www.burmeseclassic.com



ကြေးများကို အရည်ကျိုကာ အလုပ်ရှုပ်နေသည့်အချိန် ဖြစ်နေပါသည်။

ကြေးများကို အရည်ပျော်အောင်ကျိုရသည်မှာ လွယ်ကူသောအလုပ် မဟုတ်ချေ။ မီးပြင်းပြင်းနှင့် ကျိုရပြီး ကျိုနေချိန်တွင် မီးအပူချိန်လျော့မသွားစေရန် အထူးဂရုစိုက်ရပါသည်။ ဆာဒူးကြီးသည် ဦးဖိုးရင်၏ အိမ်ရှေ့တွင် ရပ်မြဲရပ်နေပါသည်။

'ဦးလေးဦးဖိုးရင် ဆာဒူးကြီးအလှူခံနေတယ်'

'အလုပ်ရှုပ်ရတဲ့အထဲ၊ သွား… တစ်ပြားလှူလိုက်'

အလုပ်သမားများထဲမှ တစ်ယောက်သည် ထိုဆာဒူးကြီးကို တစ်ပြားလှူလိုက်ပါသည်။ ထိုသို့ လှူသော်လည်း ဆာဒူးကြီးမှာ ရှေ့သို့ ဆက်မသွားဘဲ ရပ်မြဲရပ်နေပါသည်။

'ဦးလေး ဦးဖိုးရင် ဆာဒူးကြီးက ပိုက်ဆံတစ်ပြားလှူတာတောင် မသွားသေးဘူး'

'ဟယ်… ဆာဒူးကြီးက ဘာဖြစ်လို့မသွားသေးတာလဲ၊ ငါ သွားမေးဦးမယ်'

ပြောပြောဆိုဆို ဦးဖိုးရင် ထွက်လာခဲ့ပါသည်။

'ဆာဒူးကြီး ဘာများအလိုရှိလို့လဲ'





'ကျွန်ုပ် အလှန်မောပန်းလာတယ်၊ ခေတ္တမျှထိုင်ပါရစေ၊ နောက် ရေတစ်ခွက်သောက်ချင်ပါတယ်'

'လာပါ၊ ထိုင်ပါ၊ ဟေ့… မောင်နီရေ ရေတစ်ခွက် ခပ်ခဲ့ကွာ'

ဆာဒူးကြီးအား ခုံတန်းရှည်ကလေးတွင်ထိုင်ရန် နေရာပေးကာ ရေတစ်ခွက်ခပ်ခိုင်းလိုက်ပါသည်။ ရေခွက်ရောက်လာသောအခါ ဆာဒူးကြီးကို သောက်ရေခွက်လှမ်းပေးလိုက်ပါသည်။ ဆာဒူးကြီးသည် ဦးဖိုးရင်လှမ်းပေးသော ရေတစ်ခွက်သောက်ကာ ဟိန္ဒူဘာသာစကားဖြင့် ဆုတောင်းပေးနေပါသည်။ ရေသောက်ပြီးနောက် ဦးဖိုးရင်အား စကားပြောရန် ဟန်ပြင်စဥ်မှာပင် ဦးဖိုးရင်သည် ကြေးအိုးကျိုထားသည်ကို သတိရမိသဖြင့် ဆာဒူးကြီးနားမှ ထကာ ကြေးကျိုနေသော မီးဖိုရှိရာသို့ အပြေးလာခဲ့မိပါသည်။ မီးဖိုမှမီးများမှာလည်း အရှိန်လျော့နည်းစပြုသဖြင့် မီးပြင်းပြင်းရစေရန် ပြုလုပ်ရင်းဖြင့် မီးဖိုထဲ၌ အလုပ်ရှုပ်နေပါသည်။ ထိုသို့အလုပ်ရှုပ်နေသည့်အတွက် ဆာဒူးကြီးကို မေ့သွားခဲ့ပါသည်။ ဆာဒူးကြီးသည် အတော်အတန်ကြာ အမောအပန်းဖြေပြီးနောက် တောင်ဝှေးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ထောက်ကာ ထောက်ကာဖြင့် တရွေ့ရွေ့ထွက်ခွာ သွားပါသည်။

ငှင်းထိုင်ခဲ့သော ခုံတန်းရှည်ကြီးတွင် ဟိန္ဒူလူမျိုးများ ဘုရားရှိခိုးရာတွင် အသုံးပြုသော ကြေးလင်ပန်းအသေးကလေး တစ်ချပ် ကျန်ရစ်ခဲ့ပါသည်။ ထိုလင်ပန်းထဲတွင် ပြာများနှင့် နှင်းဆီပန်းများကို တွေ့ရပါသည်။ ထိုပြာထည့်ထားသော ကြေးလင်ပန်းများမှာ ဟိန္ဒူလူမျိုး အလှူခံများ အသုံးပြုနေကျဖြစ်သဖြင့် ငှင်း၏စိတ်ထဲတွင် အဆန်းမဟုတ်ပါချေ။ ဦးဖိုးရင်သည် မီးဖိုမှထွက်လာသောအခါ ဆာဒူးကြီးကို မတွေ့ရတော့ချေ။

'ဩော်··· ဆာဒူးကြီးလည်း မေ့တာနဲ့ သူ့အလှူခံတဲ့ ကြေးလင်ပန်းကလေးတောင် မေ့သွားတယ်နဲ့တူတယ်၊ ပြန်လာရင်ပေးရအောင် သိမ်းထားဦးမှပဲ'

ပြောပြောဆိုဆို ကြေးလင်ပန်းကလေးအား အိမ်ပေါ်၌ တင်ထားလိုက်ပါသည်။ ဦးဖိုးရင် စဉ်းစားမိသည်မှာ ဆာဒူးကြီးကဲ့သို့ ဟိန္ဒူအလှူခံများသည် ထိုပြာလင်ပန်းကလေးဖြင့် အလှူခံတတ်သည်။ အလှူရှင်များက ပိုက်ဆံများ လှူသောအခါ ထိုအလှူရှင်များကို ပြာပေးလေ့ရှိပါသည်။ အလှူရှင်များက ငှင်းပြာကို နဖူး၌ တို့ထားတတ်သည်။ ထိုသို့ အလှူရှင်အား





ပြာပေးရန်အချိန်တွင် ငှင်းပြာလင်ပန်းကျန်ခဲ့သည်ကို သတိရပြီး ငှင်းထံလာယူလိမ့်မည်ဟု ထင်မိပါသည်။ သို့သော် ညမိုးချုပ်သည့်တိုင် ပြာလင်ပန်းကို လာမယူချေ။

ပြာပေါ်တွင် တင်ထားသော ပန်းကလေးများလည်း ပြာနှင့်လူးပြီး နွမ်းကြေနေပါသည်။ ဦးဖိုးရင်စိတ်ထဲတွင် ထိုပြာလင်ပန်းမှာ ညစ်ပတ်နေသည်ဟု ထင်မိပြီး ပန်းအနွမ်းများကို ငှင်းအိမ်ရှေ့ရှိ ဆွမ်းတော်စွန့်တိုင်တွင် စွန့်ပစ်လိုက်ပါသည်။ အကယ်၍ ဆာဒူးကြီးလာပါက ငှင်းမီးဖိုမှ ပြာအသစ်နှင့် ပန်းအသစ်များထည့်ပေးလိုက်မည်ဟု စိတ်ကူးထားပါသည်။ ထိုသို့ စိတ်ကူးရင်းအိပ်ပျော်သွားပါသည်။ ထိုည၌ ထူးဆန်းသော အိပ်မက်မက်ပါသည်။ ငှင်းအိပ်မက်ထဲတွင်···

'ဟဲ့··· လူမိုက်၊ ထစမ်း'

ဦးဖိုးရင်သည် ငှင်းအား လူမိုက်ဟုခေါ်သံကြားသဖြင့် ကြည့်မိရာ လွန်ခဲ့သော တစ်လကျော်လောက်မှ အိပ်မက်ထဲတွင် တွေ့ရသော ဝတ်ဖြူစင်ကြယ်နှင့် တောင်ဝှေးကိုင်ဆောင်ထားသော အဘိုးအို ဖြစ်နေပါသည်။

'လူမိုက် မင်းဆီကို အဘလာတာတောင် မင်းမသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဘဟာ မင်းကို ကြေးလင်ပန်းကလေးနဲ့ ပြဒါးပြာများထားခဲ့တယ်၊ ဒီလောက် အဖိုးတန်တဲ့ပြဒါးပြာကို မင်းလွှင့်ပစ်ခဲ့တယ်၊ အင်မတန်မိုက်မဲတဲ့ လူမိုက်ပဲ၊ မင်းနဲ့ထိုက်သလောက်သာ ရတော့မယ်၊ ဒါဟာ ပြဒါးသေတဲ့ခွေဝတဲ့၊ ပြဒါးပြာပဲ၊ အင်း… ပြဒါးပြာအကပ်အသပ်တော့ ကျန်သေးတယ်၊

ကြေးလင်ပန်းပေါ်က ကျန်တဲ့ပြဒါးပြာ အကပ်အသပ်ကလေးသာ မင်းနဲ့ထိုက်တာမို့ ကျန်တဲ့ပြဒါးပြာကို ကွမ်းရွက်အရိုးကို ရေဆွတ်ပြီး ပြာကိုတို့ယူပါ။ ပြီးလျှင် လူကလေးအရည်ကျိုထားတဲ့ ကြေးအိုးထဲ တို့လိုက်ပါ၊ ကြေးတွေအားလုံးရွှေဖြစ်သွားမယ်၊ အဲဒီတော့ လူကလေး သာသနာပြုဖို့ လုပ်ပေတော့

အိပ်မက်မှ လန့်နိုးသောအခါ ဦးဖိုးရင်မှာ မျက်စွာတုန်လှုပ်သွားပါတော့သည်။ ဆာဒူးသဏ္ဍာန်ဖြင့် လာသူမှာ အိပ်မက်ထဲမှ သူတော်စင်ပင်ဖြစ်ပါသည်။ သူတော်စင်နှင့် တွေ့ကြုံခဲ့သော်လည်း အကုသိုလ်တရားများ ရှိနေသေးသောကြောင့် သူတော်စင်နှင့် စကားမပြောဖြစ်ခဲ့ပေ။ ထို့အတူ အင်မတန်အဖိုးတန်လှသော ပြဒါးပြာကိုလည်း ရိုးရိုးပြာမှတ်ကာ သွန်ပစ်မိခဲ့သည်။ ဦးဖိုးရင်သည် မျှားစွာယူကျုံးမရဖြစ်မိသည်၊





အဖိုးအနဂ္ဃတန်သော ပြဒါးပြာနှင့် လွဲခဲ့ချေပြီ။ အိပ်မက်မှ နိုးထသောအခါ အရူးတစ်ယောက်လိုပင် ဖြစ်ခဲ့ရပါသည်။

ထို့ကြောင့် ဆာဒူးကြီးကျန်ရစ်ခဲ့သော ကြေးလင်ပန်းဆီသို့ အပြေးလာခဲ့ပါသည်။ ညအမှောင်ကြောင့် ဦးဖိုးရင်မှာ ဘာမျှမမြင်ရချေ။ ထို့ကြောင့် ဖန်မီးအိမ်ကလေးကို ထွန်းညှိကာ ကြေးလင်ပန်းထားရာ အိမ်ရှေ့စားပွဲဆီသို့ အရောက်လာခဲ့ပါသည်။ ထိုကြေးလင်ပန်းကလေးမှာ ဖန်မီးအိမ်၏အလင်းရောင်ဝယ် ရွှေအဆင်းသို့ တောက်ပနေပါသည်။

ဦးဖိုးရင်သည် မျက်လုံးအစုံကို ပွတ်သပ်ကြည့်မိသည်။ ၄င်း၏အမြင်မှာပင် မှားလေရော့သလား။ အိပ်မက်ပင် ဖြစ်ချေမည်လား။ ဝိုးတဝါးစိတ်ဖြင့် လင်ပန်းကလေးကို အသာအယာကိုင်ကြည့်မိသည်။ လင်ပန်းပေါ်တွင် ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်အဘိုးအို ပြောသကဲ့သို့ပင် ပြာမှုန်ကလေးအကပ်အသပ်များကို တွေ့ရပါသည်။

"ဘုရား… ဘုရား… ပြာမှုန်ကလေးနည်းနည်းတော့ ကျန်သေးတယ်"

ပြာမှုန်ကလေးများ လွင့်သွားမည်စိုးသဖြင့် လင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို အသာအယာ အောက်သို့ချလိုက်ပါသည်။ အနီးရှိ ကွမ်းအစ်မှ ကွမ်းရိုးကိုယူကာ ထိုပြာမှုန်ကလေးများကို တို့လိုက်ပါသည်။ ထိုပြာမှုန်တို့ထားသော ကွမ်းရိုးကိုယူကာ ကြေးရည်ကျိုထားသော မိုးပြဲဒယ်ထဲသို့ ပစ်ချလိုက်ပါသည်။

ထိုစဉ် ပြာမှုန်များ လွှင့်ပစ်ထားသော ဆွမ်းတော်စွန့်တိုင်ကို သတိရမိသည့်အတွက် အိမ်ရှေ့တံခါးဖွင့်ကာ ဖန်မီးအိမ်ကလေးကို ကိုင်ဆောင်၍ ဆွမ်းတော်စွန့်တိုင်သို့ လာကြည့်မိပါသည်။ ဦးဖိုးရင်၏ စိတ်တွင်လည်း ပြဒါးပြာများရှိပါစေဟု ဆုတောင်းမိပါသည်။

ထို့ကြောင့် နှုတ်မှလည်း 'ဘုရားမလို့ ပြဒါးပြာများ ဆွမ်းတော်စွန့်တိုင်မှာရှိပါစေ၊ အားလုံးမတွေ့ရင်တောင် အကပ်အသပ်ကလေးများလောက်တော့ ရပါစေ' တတွတ်တွတ်ရွတ်ရင်း ဆွမ်းတော်စွန့်တိုင်သို့ ရောက်လာပါသည်။ သေသေချာချာ ဖန်မီးအိမ်မှ မီးဇာကိုမြှင့်၍ ကြည့်လိုက်မိပါသည်။ ဦးဖိုးရင်တစ်ယောက် များစွာဝမ်းနည်းကြေကွဲရပါသည်။

ငှင်းဆွမ်းတော်စွန့်တိုင်တွင် စွန့်ထားသော ဆွမ်းများနှင့်တကွ ပြဒါးပြာများကို အကြွင်းအကျန်မျှပင် လုံးဝမတွေ့ရတော့





ပေ။ ဝမ်းနည်းကြေကွဲလွန်းလှသဖြင့် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာပါသည်။

'အဖေရယ် သားလူမိုက်ကြီး နောင်တရပါပြီ၊ သားဟာ ပြုပြင်လို့မရတဲ့ အမှားကြီးတစ်ခုကို လုပ်မိပါပြီ၊ သားကို ခွင့်လွှတ်ပါ'

ပြောမိပြောရာပြောရင်း ဖန်မီးအိမ်တစ်လုံးဖြင့် ဆွမ်းတော်စွန့်တိုင်နားတွင် မျက်ရည်များတွေတွေကျ၍ ရပ်နေမိပါသည်။ ထိုစဉ် သားဖြစ်သူ မောင်လှထွန်း နိုးလာကာ အိမ်ရှေ့တံခါးကြီးပွင့်နေသဖြင့် ကြည့်လိုက်ရာ ဖခင်ဖြစ်သူကို လှမ်းမြင်မိပါသည်။

'အဖေ··· အဖေ ညကြီးအချိန်မတော် မီးအိမ်ကြီးကိုင်ပြီး ဘာလုပ်နေတာလဲ'

ဖခင်ဖြစ်သူမှာ ရင်ထဲ၌ ဆို့နေသဖြင့် ဘာမျှပြန်မပြောနိုင်ချေ။

'အဖေ ငိုနေတယ်၊ လာ··· လာ··· အိမ်ထဲဝင်'

ဖခင်ဖြစ်သူကို အိမ်ထဲသို့ ခေါ်သွားကာ သောက်ရေများ တိုက်ပြီး မေးမြန်းပါသည်။ ဖခင်ကြီး ပြောသောစကားကို



www.burmeseclassic.com

www.burmeseclassic.com



ကြားသောအခါ မောင်လှထွန်းပင် အလွန်အံ့အားသင့်သွားပါသည်။ ထို့ကြောင့် လင်ပန်းကလေးအား ယူကြည့်ရာ ကြေးလင်ပန်းကလေးမှာ ရွှေရောင်အဆင်းဖြင့် တောက်ပသော ရွှေလင်ပန်းဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ မိုးပြဲဒယ်နှင့် ကျိုထားသော ကြေးများကို သွားကြည့်ရာ အလွန်အမင်း အံ့အားသင့်ဖွယ် တွေ့လိုက်ရပါသည်။

'အဖေ··· ကြေးတွေအားလုံး ရွှေဖြစ်သွားပြီ၊ သားတို့တော့ ချမ်းသာပြီ အဖေရေ'

'သား··· အဖေမိုက်မဲခဲ့လို့ ဒီလောက်ပဲရတာ၊ ပြဒါးပြာအားလုံးသာရရင် ဘယ်လောက်ချမ်းသာမယ်ဆိုတာ တွက်လို့တောင်ရမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီရွှေတွေဟာ သားနဲ့အဖေ အနည်းအကျဉ်းစားပြီး ကျန်တာတွေအားလုံး သာသနာပြုလုပ်ငန်းတွေလုပ်ရမယ်၊ ဒါမှ အဖေနဲ့ ထပ်တွေ့ရမှာ၊ နောက်ထပ် လူမိုက်အဖြစ်မခံဘူး'

ထိုအချိန်မှစ၍ ဦးဖိုးရင်သည် ၎င်း၏ကြေးဘုရားလုပ်ငန်းကို သားဖြစ်သူ မောင်လှထွန်းနှင့်လွှဲခဲ့ကာ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဘုရားပြိုဘုရားပျက်များ၊





တန်ဆောင်းများပြုပြင်ခြင်း လုပ်ငန်းများကိုသာ ပြုလုပ်ပါတော့သည်။

၎င်းမြိုင်သာယာရွာနှင့် မနီးမဝေးတွင်ရှိသော ရဝေတောင်ကုန်းပေါ်တွင် အတုလမာန်အောင်စေတီတော်ကို တည်ထားကိုးကွယ်ကာ ထိုစေတီတော်၏ ပရဝဏ်အတွင်း သန့်ရှင်းစေရန် နေ့ညမပြတ် တံမြက်လှည်းခြင်း၊ အမှိုက်သရိုက်များကို သုတ်သင်ဖယ်ရှားခဲ့ပါသည်။

လူဝတ်ကြောင်ကိုစွန့်ကာ ထိုစေတီအနီး ဇရပ်၌ ရသေ့ဝတ်ဖြင့် ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးများစိပ်ကာ တစ်ချိန်က ဖခင်တော်ခဲ့ဖူးသည်ဆိုသော ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ကို စောင့်နေမိပါသည်။

မောင်လှထွန်းသည်လည်း ဦးဖိုးရင်တဖြစ်လဲ ရသေ့ကြီးမမ္မပါလ (တရားကိုစောင့်ရှောက်သူ)လို့ရာမှန်သမျှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ရသေ့ကြီး ဦးဓမ္မပါလသည် နံနက်စောစောထကာ ဘုရားရှိခိုး၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းအမှုကို ပြုလုပ်ပြီးသည်နှင့်တောင်ပေါ် ရှိ ဘုရားပုရဝဏ်မှ အဝေးသို့ ငေးမျှော်ကာ တိုင်တည်စကားများ ပြောကြားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'တစ်ခါက ဘဝတစ်ခုတွင် ဖခင်တော်စပ်ခဲ့ဖူးသည်ဆိုသော သူတော်စင်အဘခင်ဗျား၊ သား၏ ညစ်နွမ်းသော အကုသိုလ်များကို ကင်းရှင်းပပျောက်စေရန် အမိဋ္ဌာန်ဝင်ခြင်း၊ သာသနာပြုလုပ်ငန်းများ ပြုလုပ်ခြင်း၊ နေ့စဉ်ရှစ်ပါးသီလခံယူခြင်းတို့ဖြင့် ဆေးကြောပါ၏ဘုရား၊ သား၏ ခန္ဓာကိုယ်တွင် အပြစ်ဟူသော ချေးညှော်များ ကင်းရှင်းသည့်နေ့၌ ဖခင်နှင့်အတူ သာသနာပြုလုပ်ငန်းများပြုလုပ်ရန် ဖခင်ကြီးနဲ့ တစ်ခါထပ်တွေ့ပါရစေ။ ဤအခွင့်အရေးတစ်ခုကို ပေးသနားတော်မူပါ'

ရသေ့ကြီးဦးခမ္မပါလသည် ဘုရားရှိခိုးပြီးသည်နှင့် ထိုအမိဋ္ဌာန်စကားကို ရေရွတ်ကာ ဖခင်ကြီးကို နေ့စဉ်မျှော်လင့်နေပါသည်။ မောင်လှထွန်းနှင့်တကွ ရပ်မိရပ်ဖလူကြီးများကလည်း ဦးဖိုးရင်တစ်ဖြစ်လဲ ရသေ့ကြီး ဦးခမ္မပါလသည် ပြဒါးပြာများကို မရလိုက်သဖြင့်စိတ်ဖောက်ပြန်သွားပြီဟု ထင်ကြပါသည်။

သို့သော် ရသေ့ကြီးဦးခမ္မပါလမှာ မိမိကိုယ်ကို မိမိယုံကြည်သည်။ မိမိ၏ခန္ဓာကိုယ်၌ အကုသိုလ်အညစ်အကြေးများ ပျောက်သည့်နေ့တွင် မိမိ၏ဖခင်တော်စပ်ဖူးသည့် သူတော်





စင်မှာ တစ်ခါထပ်၍ မိမိထံလာမည်ဟု ယုံကြည်မိသည်။ ၎င်းယုံကြည်သည့်အတိုင်း ဤကဲ့သို့နေ့စဉ်ပြုခဲ့သည်မှာ လမ္နစ်သို့တိုင်ခဲ့ပါပြီ။ ဖခင်ကြီးအား မောင်လှထွန်း ကျန်းမာရေးထိခိုက်မည်စိုးသဖြင့် အိမ်သို့ပြန်ခေါ်သော်လည်း ပြန်မလာခဲ့ပေ။

● ● ●

ရသေ့ကြီး ဦးခမ္မပါလသည် ၎င်း၏ယုံကြည်ချက်အတိုင်း ကျင့်ကြံခဲ့သည်မှာ ငါးနှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ တစ်ခုသော ညနေစောင်းတွင် ဘုန်းကြီးတစ်ပါးသည် အတုလမာန်အောင်စေတီတော်သို့ တောင်ဘက်လမ်းကလေးအတိုင်း လက်လာရာ ရင်ပြင်တော်သို့ ရောက်ရှိလာပါသည်။

'ရသေ့ကြီး... ကျုပ် ရေသောက်ချင်တယ်'

'တပည့်တော် ခပ်ပေးပါမယ် အရှင်ဘုရား၊ ဒီအနား၌ ခေတ္တထိုင်နေတော်မူပါ'

ရသေ့ကြီးသည် ၎င်း၏ဇရပ်သို့သွားကာ သောက်ရေခပ်ယူလာပါသည်။ သောက်ရေခွက်ကိုင်လာရင်းကပင် တစ်ခုခုကို သတိရမိသလို ခံစားလာရသည်။ မှတ်မိပြီ။ ရသေ့ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသွားပါပြီ။ တစ်ခါကလည်း ဆာဒူးကြီးသည် ရေသောက်ချင်သည်ဟု ပြောခဲ့ဖူးသည်။ ယခု ဘုန်းတော်ကြီးသည်လည်း ရေသောက်ချင်သည်ဟု ဆိုပါသည်။ ရဟန်းတော်၏သွင်ပြင်ကြည့်ရသည်မှာလည်း မောပန်းနွမ်းနယ်ပုံမရချေ။

အသားအရေမှာလည်း ကြည်လင်နေသည်။ ထိုဘုန်းတော်ကြီး၏ မျက်နှာသွင်ပြင်ကို သေသေချာချာကြည့်မိသည်။ သည်တစ်ခါတော့ မမှားနိုင်တော့ချေ။

အိပ်မက်ထဲတွင် တွေ့ခဲ့ရသော သူတော်စင်အစစ်ပင်ဖြစ်ပါသည်။ မိမိကိုယ်တိုင်လည်း ငါးနှစ်တိုင်တိုင် သီလ သမာဓိ ဘာဝနာများဖြင့် ခန္ဓာကိုယ်ကို သန့်စင်စေခဲ့ပြီးလေပြီ။

ထို့ကြောင့် သောက်တော်ရေကိုဆက်ကပ်ကာ ရဟန်းတော်၏ ခြေစုံရင်းတွင် ထိခြင်းငါးပါး ထိစွာရှိခိုးပူဇော်ပြီး မိမိအင်မတန်ပြောချင်လှသော စကားများကို ပြောလိုက်ပါသည်။

'ဘုန်းဘုန်းဘုရား… ဒီတစ်ခါဖြင့် သားရသေ့ မမှားတော့ပြီ၊ အိပ်မက်ထဲမှပုဂ္ဂိုလ်မှန်း သားရသေ့သိပါပြီ၊ ဘုန်းဘုန်းဘုရားကို သားရသေ့ နေ့စဉ်စောင့်မျှော်ခဲ့တာ ငါးနှစ်တင်းတင်း





ရှိပါပြီ၊ သားရသေ့ရဲ့ အသက်ခန္ဓာတည်သရွေ့ သာသနာပြုမယ်ဟု နိုင်မာစွာ သန္နိဋ္ဌာန်ချထားပါတယ်'

'သားရသေ့… သင့်ရဲ့ သီလ၊ သမာဓိ၊ ဘာဝနာများဖြင့် ခန္ဓာကိုယ်တစ်ခုလုံး စင်ကြယ်ခြင်းကို ကျုပ်သိပြီ၊ သာသနာပြုလုပ်ငန်းတွေလုပ်မယ်ဆိုရင် သင်အားလုံးကို စွန့်ရမယ်၊ ဖြစ်ပါ့မလား သားရသေ့'

'ဖြစ်ပါတယ် ဘုန်းဘုန်းဘုရား၊ ဒါပေမဲ့ သားရသေ့ တစ်ခု မေးပါရစေ'

'မေးပါ'

'ဘုန်းဘုန်းဘုရားနဲ့ သားရသေ့ဟာ ဘဝတစ်ခုမှာ သားအဖတော်ခဲ့တယ်လို့ သားရသေ့ရဲ့ အိပ်မက်ထဲမှာ သိရပါတယ်၊ အဲဒါ ဟုတ်ပါသလား ဘုန်းဘုန်းဘုရား'

'သားရသေ့ ကျုပ်တို့ဘဝ များစွာသံသရာမှာ ကျင်လည်ခဲ့ရတဲ့အတွက် သံသရာစက်ဝိုင်းတစ်ခုအတွင်းမှာ တစ်ဦးနဲ့တစ်ဦးဟာ ဆွေမျိုးမိတ်ဆွေရန်သူဟူ၍ ပုံစံအမျိုးမျိုးဖြင့် ဘဝများစွာဖြတ်သန်းလာခဲ့တဲ့အတွက် သားရသေ့ရဲ့အမေးကို ကျုပ်ဖြေပြီးဖြစ်လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါ့ ဘုန်းဘုန်းဘုရား၊ ဒါဆို သားရသေ့ သဘောပေါက်ပါပြီ'

'သားရသေ့ … 'အလုပ်စခန်းတွေရှိသေးတဲ့အတွက် ကျုပ် ပြန်ကြွမယ်'

'သားရသေ့လည်း ဘုန်းဘုန်းဘုရားနဲ့အတူ လိုက်ပါရစေ၊ ဘယ်ကြွမယ်ဆိုတာ အမိန့်ရှိပါ'

'ကျုပ်ရဲ့ အလုပ်စခန်းဟာ ပုပ္ပားမှာ မပြီးပြတ်သေးတဲ့အတွက် ပုပ္ပားကိုကြွမယ်'

'သားရသေ့ကို လိုက်ခွင့်ပြုပါ'

'သားရသေ့ ဆန္ဒရှိရင် လိုက်ခဲ့ပါ'

ရှင်ရသေ့မှာ များစွာဝမ်းသာသွားပါသည်။

ထိုသို့ပြောနေစဉ် သားဖြစ်သူ မောင်လှထွန်းမှာ လိုအပ်သောပစ္စည်း ယူဆောင်လာရာ ရှင်ရသေ့နားသို့ ရောက်လာခဲ့ပါသည်။

ရှင်ရသေ့မှာ သားဖြစ်သူမောင်လှထွန်းအား အကြောင်းစုံပြောပြကာ ဘုရား၏ ဝေယျာဝစ္စများနှင့်တကွ ဘုရားအား ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားခဲ့ပါသည်။





မောင်လှထွန်းသည် ဖခင်ကြီးအား ခွဲခွာရမည်ဖြစ်သည့်အတွက် မျက်ရည်များ ဖြိုင်ဖြိုင်ကျလာပါသည်။

'ဘရသေ့ … သားကိုခွဲခွာပြီး သွားတော့မလို့လား၊ မသွားလို့ မဖြစ်ဘူးလား'

'သား… မောင်လှထွန်း ဘရသေ့အချိန်ကျပြီ၊ မတားပါနဲ့တော့၊ သီလနှင့်ပြည့်စုံသူ၊ သမာဓိအားပြည့်ဝသူ ဘာဝနာကျင့်စဉ်များဖြင့် သန့်စင်သောသူတော်စင်များနှင့်တွေ့သော်လည်း မိမိ၏ ခန္ဓာကိုယ် မသန့်ရှင်းလျှင် ထိုပုဂ္ဂိုလ်များနှင့် မဆုံနိုင်ပေ။ ဒါ့ကြောင့် သားရဲ့ခန္ဓာကိုယ်စင် ကြယ်ခြင်းအမှုကို ပြုကာ စေတီတော်အား စောင့်ရှောက်ရစ်ပါတော့'

ဖခင်ကြီး ရှင်ရသေ့သည် မောင်လှထွန်းအား မှာကြားစရာများ မှာကြားပြီးနောက် သပိတ်တစ်လုံးလွယ်ကာ ဘုန်းဘုန်းဘုရားနှင့်အတူ မြေနီလမ်းကလေးအတိုင်း တောင်ခြေသို့ဆင်းသွားပါသည်။

မောင်လှထွန်းသည် မျက်ရည်များကြားမှ ဖခင်ရှင်ရသေ့နှင့် ဘုန်းဘုန်းဘုရားတို့၏ ကျောပြင်ကိုကြည့်ကာ လက်အုပ်ချီ၍ ကန်တော့ခဲ့ပါသည်။ ဖခင်ရှင်ရသေ့နှင့် ဘုန်းဘုန်းဘုရား



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ၄င်းတို့၏ သာသနာပြုလုပ်ငန်းများကို ဆက်လက်လုပ်ပေရော့မည်။

မောင်လှထွန်းသည်လည်း ဖခင်ကြီးကဲ့သို့ပင် သန့်ရှင်းသောခန္ဓာကိုယ်ရရှိရန် သီလ၊ သမာဓိ၊ ဘာဝနာကျင့်စဉ်များကို ကျင့်ကြံကာ ဖခင်ကြီးတည်ထားသော စေတီတော်၌ ကျန်ရစ်ခဲ့ပါသည်။

• • •

ဤသည်ကား ကျွန်မ ကြားသိခဲ့ရသော ပြဒါးပြာ အကြောင်းပင် ဖြစ်ပါသည်။

ကျွန်မသည် ပြဒါးပြာအကြောင်း စဉ်းစားရင်း ဟိန္ဒူလူမျိုး အလှူခံပုဂ္ဂိုလ် ပေးလိုက်သော ပြာကလေးကိုကြည့်ကာ 'ထိုပြာကလေးသာ ပြဒါးပြာဖြစ်ခဲ့ပါမူ အဘယ်မျှကောင်းမည်နည်း' ဟု တွေးမိပါသည်။

အကယ်၍ ပြဒါးပြာဖြစ်ခဲ့လျှင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ဒါနပြု၍ စည်းစိမ်ချမ်းသာနှင့်နေမည်လား။ (သို့တည်းမဟုတ်) ပြဒါးပြာမှရရှိသော အားလုံးသော စည်းစိမ်





ချမ်းသာများကို သာသနာတော် စည်ပင်ထွန်းကားရေးအတွက် လှူမည်လောဟူသော အတွေးများ ပျံ့လွင့်လျက်…။

**အိုယွန်းယုဉ်**

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရကုန်းမှ ရွှေစေတီ ငွေစေတီ

## အိုယွန်းယှဉ်

ဂမ္ဘီရကုန်းကလေး။

အမည်ကလေးက ဆန်းသလို ဤကုန်းတော်ပေါ်က လည်း ဆန်းကြယ်လှပါသည်။ ထို့အတူ ထိုနေရာသို့ ရောက်ပုံကလည်း ထူးခြားလှသည်ဟု ဆိုရပေမည်။ မမျှော်လင့်သော နေရာသို့ မမျှော်လင့်သည့် အကြောင်းတစ်ရပ်ဖြင့် စာရေးသူ ရောက်ရှိခဲ့ပါသည်။

တစ်ခါတစ်ရံ၌ သိသင့်သိထိုက်သည့် အကြောင်းတရားများသည် သူ့အလိုလို သိရှိခွင့်ရရှိခဲ့ပါသည်။ စာရေးသူသည်





ထူးခြားဆန်းကြယ်သည့် အကြောင်းအရာများကို စိတ်ဝင်စားသည့်အလျောက် ထူးခြားသော ဖြစ်ရပ်မှန်များ ရှိရာနေရာများသို့ တမင်ပင် သွားရောက်လေ့လာရာ ထိုဖြစ်ရပ်ဆန်းများကို တင်ပြလေ့ရှိပါသည်။ ယခုမူ ခါတိုင်းနှင့်မတူသည့် အကြောင်းတစ်ရပ်ကို တိုက်ဆိုင်စွာ ကြုံတွေ့ခွင့်ရရှိခဲ့ပါသည်။ ဂမ္ဘီရကုန်းဆိုသည်မှာလည်း မကြားဖူးခဲ့သလို ၄င်းကုန်းမြေတွင် ဖြစ်ပွားခဲ့သည့် ဆန်းကြယ်သည့် အကြောင်းအရာများကိုလည်း မသိခဲ့ပေ။

သို့သော် သိခွင့်ကြုံသော ထိုတစ်နေ့တွင်...

စာရေးသူသည် အကြောင်းကိစ္စတစ်ရပ် ဆောင်ရွက်ရန်ရှိသဖြင့် ရန်ကုန်နှင့် မနီးမဝေးတွင် တည်ရှိသည့် မှော်ဘီမြို့ ပါးနက်ချောင်းကျေးရွာအနီးရှိ အောင်မင်္ဂလာကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။ ထိုရွာတွင် စာရေးသူ၏မိတ်ဆွေ ဦးအောင်မြင့်အိမ်သို့ သွားရောက်ခဲ့ပါသည်။

'ဦးအောင်မြင့် ရှိပါသလား'

စာရေးသူက လှမ်းမေးရင်း ဦးအောင်မြင့် အိမ်ထဲသို့ ဝင်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'သြော်… အစ်မပါလား၊ လာပါ လာပါ'

ဦးအောင်မြင့်မိန်းမ ထွက်လာပြီး စာရေးသူကို ညှော့ခံပါသည်။

'ညီမ ဦးအောင်မြင့် ရှိလား'

'မရှိဘူး အစ်မ'

'ဘယ်သွားသလဲ'

'ဂမ္ဘီရကုန်းမှာ ပုတီးသွားစိပ်နေတယ်'

'ဂမ္ဘီရကုန်း… ဟုတ်လား'

စာရေးသူ အံ့သြစွာမေးလိုက်မိပါသည်။ စာရေးသူသည် မော်ဘီသို့ မကြာခဏ ရောက်သော်လည်း ဂမ္ဘီရကုန်းရှိမှန်း မသိခဲ့ပေ။ စာရေးသူ ယခုရောက်ချိန်မှာ ဆောင်းရာသီ၏ နံနက်စောစောဖြစ်ပြီး ပုတီးစိပ်ကောင်းသည့်အချိန်ဖြစ်၍ ဦးအောင်မြင့် တစ်ယောက် ပုတီးစိပ်ခြင်း ဖြစ်ပေမည်။

သို့သော် စာရေးသူစိတ်တွင် အံ့သြနေသည်မှာ ဂမ္ဘီရကုန်းဆိုသည့် အမည်ကိုပင်။

'နေပါဦး ညီမရဲ့၊ ဂမ္ဘီရကုန်းက ဘယ်နားမှာလဲ'

'အစ်မရေ… တံတားဖြူကလေး အကျော်မှာရှိတယ်'





'သြော်… ဒါဆို အရိုး စက်ရုံသွားတဲ့ပေါ်မှာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ် အစ်မ'

'ဒါဆို ဦးအောင်မြင့်နဲ့တွေ့မှ ပြီးမယ့်ကိစ္စတစ်ခု ပါလာလို့ အစ်မကို ဂမ္ဘီရကုန်းကို လိုက်ပို့ပေးပါနော်'

'လိုက်ပို့ပေးပါ့မယ် အစ်မ၊ ခဏတော့ နားလိုက်ပါဦး'

ဦးအောင်မြင့် မိန်းမက ရေနွေးကြမ်းနှင့် ညှော့ခံသဖြင့် ရေနွေးကြမ်းသောက်၍ အပန်းဖြေခဲ့ပါသည်။ မကြာမီ စာရေးသူ၊ စာရေးသူ၏ညီမနှင့် ဦးအောင်မြင့်ဇနီးတို့ သုံးဦးသား လမ်းလျှောက်လာခဲ့ပါသည်။

'အစ်မရေ… ဂမ္ဘီရတောင်ကုန်းက ဒီနေရာနဲ့ နည်းနည်းဝေးတယ်၊ လိုင်းကားစီးမလား၊ ထော်လာဂျီစီးမလား'

'လာတဲ့ကား စီးကြတာပေါ့'

ထိုသို့ ပြောဆိုနေစဉ် ထော်လာဂျီတစ်စင်း ရောက်လာသဖြင့် ထော်လာဂျီစီးကာ တံတားဖြူမှတ်တိုင်အထိ စီးခဲ့ပါသည်။

တံတားဖြူမှတ်တိုင်မှ ရှေ့သို့ အနည်းငယ်ဆက်သွား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ လမ်းမကြီးမှ ခွဲထွက်သွားသည့် လူသွားလမ်းကလေးတစ်ခုသို့ ရောက်ရှိခဲ့ပါသည်။

'အစ်မ… ဒီလမ်းကလေးကသွားရင် ဂမ္ဘီရတောင်ကကုန်းကိုရောက်တယ်၊ အစ်မ လှမ်းကြည့်လိုက်ပါ၊ ဟိုးအဝေးမှာ စေတီနှစ်ဆူကို ဖူးတွေ့ရလိမ့်မယ်၊ အဲဒါကတော့ ဖြစ်ရပ်ဆန်းများရှိတဲ့ ဂမ္ဘီရကုန်းက ရွှေစေတီနဲ့ ငွေစေတီပဲ'

စာရေးသူ လှမ်းကြည့်လိုက်သောအခါ ဘုရား၏ ထီးတော်နှစ်စင်းကို နှင်းမှုန်များကြားတွင် မသဲမကွဲ ဖူးတွေ့ခဲ့ရပါသည်။ စာရေးသူသည် ဂမ္ဘီရကုန်းတော်သို့ သွားရာလမ်းသို့ ရောက်ခဲ့ပါပြီ။ စာရေးသူ၏စိတ်တွင် အဘယ်ကြောင့်မှန်းမသိ ဂမ္ဘီရကုန်းတော်သို့ အလျှင်အမြန်သွားလိုစိတ်များ ပေါ်ပေါက်နေပါသည်။

ထို့ကြောင့် ခြေလှမ်းခပ်သွက်သွက် လျှောက်လာခဲ့ပါသည်။ ဂမ္ဘီရကုန်းတော်သည် ကားလမ်းနှင့် အနည်းငယ်ဝေးပြီး တောင်ကုန်းကလေး ဖြစ်နေသည့်အတွက် တက်ရသည်မှာ မောပန်းသွားပါသည်။

ဟော… တွေ့ပါပြီ။ နှင်းမှုန်ကြားမှ ဘုရားနှစ်ဆူ





တစ်ဆူကား ရွှေရောင်တောက်နေပါသည်။ တစ်ဆူမှာ ငွေရောင်လက်နေပါသည်။ ဂမ္ဘီရကုန်းတော်နားသို့ တဖြည်းဖြည်း ရောက်ရှိလာခဲ့ပါသည်။ ကျေးငှက်အသံမှတစ်ပါး တိတ်ဆိတ်လွန်းလှပါသည်။ စာရေးသူတို့ အုပ်စု တောင်ခြေသို့ ရောက်လာခဲ့ပါပြီ။ ထို့နောက် ဘုရားပုရပုဏ်သို့ ရောက်ရှိလာသည့်အတွက် ဖိနပ်ချွတ်ကာ လက်မှုကိုင်ရင်း စေတီတော်များ၏ ရင်ပြင်တော်သို့ ရောက်ရှိလာခဲ့ပါပြီ။

စေတီတော်နှစ်ဆူအား လှည့်ပတ်ဖူးမြော်စဉ် စေတီတော်နှစ်ဆူအကြားတွင် ပုတီးစိပ်နေသော ဦးအောင်မြင့်ကို တွေ့လိုက်ရပါသည်။ စာရေးသူလည်း ပုတီးစိပ်သူအား အနှောင့်အယှက်မပေးလိုသည့်အတွက် ခပ်လှမ်းလှမ်းတွင်ထိုင်ကာ ဘုရားဖူးပြီး ဦးအောင်မြင့်ကို စောင့်နေခဲ့ပါသည်။

မကြာမီ ဦးအောင်မြင့် ပုတီးစိပ်ပြီး၍ ထိုင်ရာမှအထတွင် စာရေးသူတို့နှင့် တွေ့ဆုံခဲ့ပါသည်။

'ဟာ… ဆရာမကြီးပါလား၊ ကိစ္စရှိလို့လား'

'ဟုတ်ပါတယ်… ဦးအောင်မြင့် ကိစ္စက သိပ်အရေးမကြီးပါဘူး၊ ဂမ္ဘီရကုန်းသွားတယ်ဆိုလို့ ဂမ္ဘီရကုန်းသွားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ ဂမ္ဘီရ စာရေးဆရာမက မနေနိုင်လို့ လိုက်လာခဲ့တာပါ'

'လာပါ ဆရာမကြီး၊' ကျွန်တော်တို့ ဇရပ်ပေါ်ကိုသွားရအောင်'

စာရေးသူတို့အုပ်စုလည်း ဘုရားကုန်းတော်ပေါ်ရှိ ဇရပ်ဆီသို့ သွားခဲ့ပါသည်။ ဇရပ်ဟုဆိုသော်လည်း အလွန်ကောင်းမွန်စွာ ဆောက်ထားသည့် အဆောက်အအုံဖြစ်ပါသည်။ ထိုဇရပ်တွင် ဂေါပကအဖွဲ့ဝင်များက ရွှေရွှေးကြမ်းနှင့် ဧည့်ခံခဲ့ပါသည်။ စာရေးသူလည်း ဂမ္ဘီရကုန်းတော်အကြောင်းကို ရေရွှေးသောက်ရင်း မေးမြန်းစုံစမ်းခဲ့ပါသည်။

'ကဲ… ဦးအောင်မြင့်ရေ၊ ဂမ္ဘီရကုန်းဖြစ်လာပုံကလေး ရှင်းပြစမ်းပါဦး'

'အစတုန်းက ဒီနေရာဟာ လယ်ကွင်းတွေပေါ့ ဆရာမကြီးရယ်၊ အဲဒီ လယ်ကွင်းရဲ့နောက်မှာ တောင်ကုန်းတစ်ခုရှိတယ်၊ အဲဒီတောင်ကုန်းပေါ်မှာ သစ်ပင်၊ ဝါးပင်တွေ ပေါက်နေတယ်၊ အထူးသဖြင့် နွားကျောင်းရာ နေရာပေါ့၊ တစ်နေ့မှာ နွားကျောင်းတဲ့ ကောင်လေးတွေဟာ ဒီတောင်ပေါ်မှာ နွားကျောင်းရင်းနဲ့ သစ်ပင်ခြေရင်းမှာထိုင်ပြီး တုတ်နဲ့ ဟိုခြစ် သည်ခြစ်





လုပ်ရင်း ငွေဒင်္ဂါးပြားတွေကို တွေ့ရတယ်၊ ဒါနဲ့ ငွေဒင်္ဂါးတွေကို ကောက်ယူခဲ့တယ်၊ အဲဒီနေရာကို ထပ်တူးကြည့်တော့ ငွေဒင်္ဂါးတွေ အများကြီးထပ်တွေ့ခဲ့ရတယ်၊ ဒင်္ဂါးတွေကို ပုဆိုးနဲ့ထုပ်ပြီး အိမ်ကိုယူသွားခဲ့တယ်၊ အဲဒီညမှာပဲ အိမ်ရှိလူကုန်ဟာ မနေနိုင် မထိုင်နိုင်အောင် ယားတော့တာပဲ၊ နွားကျောင်းသားလေးကို မေးတဲ့ခါ အဖြစ်မှန်သိသွားပြီး အဲဒီဒင်္ဂါးတွေကို သစ်ပင်ခြေရင်းမှာ ပြန်ပြီးထားတော့မှ အယားပျောက်သွားတော့တယ်။

အဲဒီ နွားကျောင်းသားလေးလိုပဲ အချို့လူတွေလည်း ငွေဒင်္ဂါးတွေတွေ့လို့ ယူလာကြတဲ့။ ယူတဲ့လူတွေဟာ မနေနိုင် မထိုင်နိုင်အောင် ယားလွန်းတဲ့အတွက် အဲဒီ ငွေဒင်္ဂါးတွေကို ပြန်ထားခဲ့ရတယ်။ အဲဒီအချိန်ကစပြီး အဲဒီတောင်ကို ငွေယားတောင်လို့ စတင်ခေါ်ခဲ့ကြတယ်'

'ဟုတ်ကဲ့… ဆက်ပြောပါဦး'

တစ်နေ့မှာ…

ငွေယားတောင်ဟု အမည်ပေးထားသည့် တောင်ကုန်းပေါ်သို့ လူတစ်သိုက်ရောက်ရှိလာခဲ့ပါသည်။ နွားကျောင်းသားကလေးများ ငွေဒင်္ဂါးတွေ့ရာနေရာကို စတင်တူးဖော်ခဲ့ရာ ငွေအိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အပြည့် ဒင်္ဂါးများကို ရရှိခဲ့ပါသည်။ ထိုလူတစ်သိုက်မှာ လောဘသားကောင်များဖြစ်၍ ငွေဒင်္ဂါးတစ်အိုးရသည်ကို မကျေနပ်ချေ။

ဤနေရာ၌ နောက်ထပ် ရွှေငွေရတနာ မြောက်မြားစွာ ရရှိလိမ့်ဦးမည်ဟု အထင်ရှိကာ ဆက်လက်တူးဖော်ခဲ့ပါသည်။ ဤသို့တူးရင်း (၇)ဆောင်ခန့်အနက်သို့ ရောက်သောအခါ ၄င်းတို့ ပေါက်တူးသည် ကျောက်ပြားကြီးတစ်ချပ်ကို ထိမိသည့် အသံ ထွက်ပေါ်လာပါသည်။

'ဒုတ်… ဒုတ်… ဒုတ်'

'အောက်မှာ ကျောက်ပြားကြီးခံနေတယ်'

'ဟုတ်ပြီ…ဟုတ်ပြီ၊ ဒါဆိုရင် ရခါနီးပြီ၊ ဆက်တူးဟေ့'

'ဆရာကြီးရေ… ကျောက်သေတ္တာကြီးဗျ'

'ဟေ… ကျောက်သေတ္တာကြီး ဟုတ်လား၊ ဆက်တူးဟေ့၊ ဆက်တူး'

ဆရာကြီးသည် ငယ်သားများအား ဆက်၍တူးခိုင်းရင်း ၄င်း၏စိတ်ထဲ၌ ကျောက်သေတ္တာကြီးထဲတွင် ရတနာများရှိမည်ဟု တွေးထင်ကာ အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါသည်။





'ဟော့ကောင်တွေ…မြန်မြန်တူးစမ်း၊ ကျောက်သေတ္တာကြီး ပေါ်လာအောင် တူးစမ်း'

ထိုသို့ပြောဆိုကာ တွင်းနှုတ်ခမ်းဝ၌ မတ်တတ်ရပ်ကာ အမိန့်ပေးနေပါသည်။

ထိုသို့ တူးရင်းတူးရင်း ညနေအတော်စောင်းကာ မှောင်လုလုအချိန်သို့ ရောက်ရှိလာခဲ့ပါသည်။ မြေကြီးတူးသည့် ငယ်သားများသည် တဖြည်းဖြည်း တူးဖော်ခဲ့ရာ ကျောက်သေတ္တာကြီးမှာ ထီးထီးကြီး ပေါ်လာခဲ့ပါတော့သည်။

'ကျောက်သေတ္တာကြီး ပေါ်လာပြီ'

အောက်မှ ငယ်သားများက အပေါ်မှ ဆရာကြီးကို အော်ပြောလိုက်ပါသည်။

'အေး… ဒါဆို ငါလာပြီ၊ ကျောက်သေတ္တာကြီးကို ဖွင့်မယ်'

ဆရာကြီးဆိုသူသည် အောက်သို့ တဖြည်းဖြည်း ဆင်းလာပြီး ၄င်း၏ငယ်သား (၆)ဦးနှင့်အတူ ထိုကျောက်သေတ္တာကြီး၏ အဖုံးကို ဖွင့်ခဲ့ကြပါသည်။ ကျောက်သားအဖုံးကြီးမှာ အလွန်လေးလံလှသဖြင့် တူရွင်းများ၊ သံချောင်းရှည်ကြီးများကို



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုပြီး ဖွင့်သူက ဖွင့်၊ အဖုံးကို မသူက မလိုက်၊ အဖုံးမှာ ပွင့်လုနီးနီး အခြေအနေသို့ ရောက်ရှိလာပါသည်။

'ဟုတ်ပြီကွ…မ,ထား၊ မ,ထား၊ အဖုံးကြီးကွလာပြီ'

'ဝေါ… ဝေါ… ဝေါ'

ကျောက်သေတ္တာကြီးမှာ ထိုအသံများနှင့်အတူ သွက်သွက်ခါအောင် လှုပ်ရှားရင်း အောက်ဘက်သို့ နိမ့်ဆင်းသွားကာ အလွန်နက်သည့် အောက်ဘက်သို့ ကျသွားပါတော့သည်။

'ဟာ… ကျောက်သေတ္တာကြီး အောက်ထဲကို ရောက်သွားပြီ'

ထိုသို့ အော်စဉ် တစ်ခဏအတွင်း မြေတူးသူငယ်သားများနှင့် ငှင်းတို့ ဆရာကြီး ရပ်နေသည့် မြေကြီးများ ပြိုကျပြီး ကျောက်သေတ္တာဆီသို့ လူအားလုံးပေါင်း (၇)ဦး ထိုးကျသွားပါသည်။ အပေါ်မှ တူးထ၊ အပေါ်တွင် စောင့်နေသည့် ငှင်းတို့၏ တပည့်တစ်ဦးသာ ကျန်နေခဲ့ပါသည်။ အပေါ်ယံ မြေကြီးမှာလည်း တသိမ့်သိမ့်တုန်ခါလာသဖြင့် ထိုတပည့်လည်း ပြေးမိပြေးရာ ပြေးခဲ့ရပါတော့သည်။ အောက်သို့ကျသွားသည့်လူများမှာလည်း မြေကြီးများပြိုကျပြီး ဖုံးအုပ်သွားသည့်အတွက် အရှင်





လတ်လတ် မြေမြှုပ်ခံရသကဲ့သို့ ဖြစ်သွားပါသည်။

ဤအဖြစ်အပျက် ဖြစ်ပွားပြီးနောက် ဤကုန်းပေါ်သို့ လူသွားလူလာ နည်းပါးသွားခဲ့ပါသည်။ ထိုအနီးအနားရှိ ရွာသားများက ညဥ့်အခါတွင် ပြေးလွှားနေသည့် အသံများကို ကြားရသည်ဟုဆိုကာ ထိုတောင်ကုန်းမှာ နာမည်ကြီးနေသဖြင့် ညဥ့်အခါတွင် လူများမှာ ထိုတောင်ကုန်းနားသို့ပင် မလာဝံ့ချေ။

တစ်နေ့သော် ထိုတောင်ကုန်းသို့ ရသေ့ကြီးတစ်ပါး ရောက်ရှိလာပြီး ကျောင်းငယ်ကလေးဆောက်ကာ တရားကျင့်နေခဲ့ပါသည်။ ရွာသားများကလည်း ရသေ့ကြီးအား သွားရောက်ဖူးမြော်ရင်း ထိုတောင်ကုန်းသို့ လူအများ ပြန်လာခဲ့ပါသည်။ ရသေ့ကြီးသည် မည်သို့အာရုံရသည်မသိ။ ဤတောင်ကုန်းအား ဂမ္ဘီရတောင်ဟု အမည်ပေးခဲ့ပါသည်။ ထိုတောင်နပေါ်ရှိ ကုန်းမို့မို့နှစ်ခုအား တူးဖော်ရာ ထိုနေရာမှ ကျောက်စိမ်းရုပ်ပွားတော်များကို ရရှိခဲ့ပါသည်။

ထိုနေရာတွင် ရှေးယခင်အခါက တည်ထားတော်မူသော စေတီတော်ရာနှစ်ခုကို တွေ့ရှိခဲ့ပါသည်။ ရွာသားများလည်း စေတီငုတ်တိုဖြစ်ပြီး မြေကြီးများ ဖုံးလွှမ်းနေသည့်



www.burmeseclassic.com

www.burmeseclassic.com



အမှုများကို တူးဖော်ကာ ရေးယခင် စေတီအတိုင်း နှစ်ဆူတည်ဆောက်မှုဖြစ်ပါသည်။

ရှေးမီနောက်မီ အဘိုးအဘွားများအား မေးမြန်းရာ ထိုစေတီတော်များ၏ ရာဇဝင်ကို ဤသို့ ကြားသိခဲ့ရပါသည်။

ဟိုး ရှေးအခါ ယွန်းခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က အဖြစ်အပျက်တစ်ခု။

တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်သည် မဇ္ဈိမသို့ ကုန်ကူးသန်းရောင်းဝယ်သွားစဉ် ဂေါတမမြတ်စွာဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူပြီး လင်းလွန်းပင်၌ စံနေတော်ခိုက် ၄င်းတို့ ရောက်ရှိသွားကာ ပါလာသည့်မုန့်များကို လှူဒါန်းခဲ့ပါသည်။ ဤ မြတ်စွာဘုရားရှင်မှ ဆံတော်များပေးသနားတော်မူသဖြင့် သိင်္ဂုတ္တရကုန်းတော်၌ ရွှေတိဂုံစေတီတော်ကို ဥက္ကလာပမင်းကြီး ဦးဆောင်ကာ တည်တော်မူခဲ့ပါသည်။ ထိုသို့ ဘုရားရှင်၏ ဆံတော်ကို စေတီတည်ကာ ပူဇော်နေသည်ကို ကြားသိရသည့်အတွက် မြန်မာပြည်အနှံ့အပြားမှ သဒ္ဓါကြည်လင် ပါရမီရှင်များ လာရောက်ကာ သဒ္ဓါတတ်အားသရွေ့ လှူဒါန်းခဲ့ကြပါသည်။





ထိုသို့ သဒ္ဓါကြည်လင်ပါရမီများအနက် ရှမ်းပြည်နယ်မှ ပြည်သူလူထုလည်း မိမိတို့လှူဒါန်းမည့် ဥစ္စာပစ္စည်း၊ ရွှေ၊ ငွေတို့ကို ယူဆောင်ကာ လှည်းများဖြင့် ကုန်းတစ်တန်၊ ရေတစ်တန် ဖြတ်ကျော်ကာ သိင်္ဂုတ္တရကုန်းတော်သို့ လာတော်မူခဲ့ကြပါသည်။ လမ်းခရီးသည် ဝေးကွာလွန်းလှသည်ကတစ်ကြောင်း၊ လှည်းများ၏အသွားနှုန်းမှာ နှေးကွေးလှသည်ကတစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လမ်းခရီးတွင် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။

၄င်းတို့ ရောက်ရှိချိန်တွင် ရွှေတိဂုံစေတီတော်ကြီးမှာ တည်ဆောက်ပြီးစီးရုံသာမက ထီးတော်ကြီးပင် တင်လှူပြီးစီးခဲ့လေပြီ။ ၄င်းတို့မှာ မိမိတို့ယူဆောင်လာသည့် ရွှေ၊ ငွေရတနာများအား ရွှေတိဂုံစေတီတော်၌ ဌာပနာရန် လာခဲ့သော်လည်း အချိန်မီမရောက်ရှိသည့်အတွက် ရွှေတိဂုံစေတီတော်တွင် ဌာပနာမပြုနိုင်ခဲ့ပေ။ ထို့ကြောင့် အချို့သော ဥစ္စာပစ္စည်းများကိုသာ လှူဒါန်းပြီး ၄င်းတို့ဌာနေ ရှမ်းပြည်နယ်သို့ ပြန်ခဲ့ကြပါသည်။

၄င်းတို့ပြန်ရာ လမ်းတစ်လျှောက်တွင် စခန်းချရပ်နားသည့် နေရာများ၌ မြေစိုက်စေတီတော်များတည်ကာ ဥစ္စာပစ္စည်းများကို ဌာပနာပြုကာ လှူဒါန်းခဲ့ကြပါသည်။ အချို့ ရှမ်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားများမှာ ထိုစေတီတည်ရာအနီး၌ ရွာတည်ကာ "ရှမ်းရွာ" ဟု အမည်ပေး၍ နေထိုင်ခဲ့ကြသည်မှာ သားစဉ်မြေးဆက် ယခုတိုင်နေထိုင်ခဲ့ကြပါသည်။

ထိုဘုရားအနီးတွင် နေထိုင်ကြသော ရှမ်းတိုင်းရင်းသား သားစဉ်မြေးဆက်မှာ ထိုစေတီတော်များကို ပြုပြင်ထိန်းသိမ်းခဲ့ကြပါသည်။

သို့သော်လည်း ခေတ်အဆက်ဆက် ကြာသောအခါ စီးပွားရေးမကောင်းခြင်း၊ စစ်ဘေးစစ်ဒဏ်သင့်ခြင်းတို့ကြောင့် ထိုနေရာမှ စွန့်ခွာထွက်ပြေးကြသဖြင့် ထိုစေတီတော်များမှာ တစ်စတစ်စ ပျက်စီးယိုယွင်းလာခဲ့ပြီး ကုန်းကမူကြီးအဖြစ်သာ ကျန်ရစ်ခဲ့ပါတော့သည်။

နှောင်းလူများကလည်း ဤနေရာသည် ဘုရားပျက်တည်ရှိရာ နေရာမှန်း မသိကြတော့ဘဲ ကုန်းမြင့်ကြီးသာ ထင်ခဲ့ကြပါသည်။

ထိုသို့ဖြင့် တစ်စတစ်စ ပျက်သုန်းခဲ့ပါသည်။ ယခုအခါတွင် မြို့ပြရပ်ဝန်းဒေသ ပြန်လည်စည်ပင်၍ ဝပြောလာသည့်အတွက် လူနေအိမ်ခြေများ စည်ကားလာခဲ့ရာ ထိုကုန်းတော်တွင်





ယခုကဲ့သို့ ရွှေစေတီနှင့် ငွေစေတီများ တည်ထားကိုးကွယ်ခဲ့ကြပါသည်။

ထိုစေတီတော်များသည် အလွန်ရှေးကျသော စေတီတော်ဟောင်းများဖြစ်ပြီး ၄င်း၌ဌာပနာထားသည့် ပစ္စည်းများကို အခြားသူများ မယူနိုင်အောင် စီမံထားတော်မူခြင်း၊ အလှူဒါယကာများသည် ကြည်ညိုသဒ္ဓါတရားဖြင့် တည်တော်မူခဲ့ခြင်း၊ ယခုအခါ စေတီတော်ပြုပြင်တည်ဆောက်ရာတွင် ပဌာန်းဆက်များ အလိုလိုရောက်ရှိလာခြင်း၊ ဆုတောင်းပြည့်ခြင်းတို့ကြောင့် ထိုစေတီနှစ်ဆူကို လာရောက်လှူဒါန်းပူဇော်သူများ များပြားပါသည်။ အမိဌာန်ဝင်ကာ အဓိဌာန်အောင်သူများလည်း အများအပြားရှိပါသည်။

ထိုစေတီတော်များ၏ ထူးခြားသောဖြစ်ရပ်များကို ဦးအောင်မြင့်က စာရေးသူအား ပြောကြားခဲ့ပါသည်။ ထိုစေတီတော်မှာ ဝါးနက်ချောင်းပန်းတစ်ပွင့်တောင်တော်သို့ သွားရာလမ်း၌ အမှန်တကယ် တည်ရှိပါသည်။ သူတော်ကောင်းတရားနှင့် ပြည့်စုံသူများ ခိုလှုံရာစေတီတော်ဖြစ်သည့်အပြင် ဆုတောင်းပြည့်စေတီတော်များဖြစ်ပြီး အထက်ပါ ဖြစ်ရပ်များမှာ ဖြစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



မှန်များ ဖြစ်ပါသည်။ ဂမ္ဘီရကုန်းတော်ပေါ်မှ ထူးခြားလှသည့် ရွှေစေတီ ငွေစေတီများအကြောင်းကို အံ့သြစွာ ကြားသိရသဖြင့် စာရေးသူလည်း ထိုစေတီတော်များအား ဖူးမြော်ကာ လိုရာ တောင်းဆုပြုရင်း အပြန်ခရီးနှင်ခဲ့ရပါတော့သည်။

အိုယွန်းယုဉ်

✡ ✡ ✡



# အမှောင်ထဲက ခေါင်းပြတ်တစ္ဆေ

## နန်းကြော့သျှင်

ညဈေးတန်း ထောင့်နားတွင် မိုတ်တုတ်တုတ် အလင်းရောင်များ ထွက်ပေါ်နေသော တိုက်အိုကြီးတစ်ခုရှိသည်။ အပြင်ဘက်မှကြည့်လျှင် တိတ်ဆိတ်ငြိမ်သက်နေသယောင် ထင်ရသော်လည်း တိုက်အိုကြီးအတွင်း၌မူ ခနော်နီခနော်နဲ့ ယိုင်ရွဲ့ပုံပျက်နေသော စားပွဲ ကုလားထိုင်များ၊ ဝေ့ဝိုက်လွင့်ပျံ့နေသော ဆေးလိပ်မီးခိုးများ၊ စကားပြောသံများကို ကြားနေရသည်။ တိတ်တိတ်ပုန်းဖွင့်ထားသော အရက်ပုန်းဆိုင်လေး၌ ထိုနေ့ညက စားသောက်နေသူ သိပ်မရှိပေ။ စားပွဲဝိုင်း သုံးဝိုင်းခန့်တွင်သာ လူတချို့ အရက်ဝိုင်းဖွဲ့ သောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အတွင်းသို့ ဝင်ရမည့် အခန်းဝတွင် ရှည်မျောမျော အရိပ်တစ်ခု ထိုးကျလာသည်။ အရပ်အမောင်းကောင်းသလို ဗလကောင်းကောင်း၊ တုတ်တုတ်ခိုင်ခိုင်၊ အဝတ်အစား ခပ်နွမ်းနွမ်းကိုဝတ်ထားသော လူတစ်ယောက်သည် ဆိုင်အတွင်းသို့ မည်သူ့မျှ ဂရုမစိုက်သည့်ပုံမျိုးနှင့် ဝင်ရောက်လာသည်။ ကုလားထိုင်တစ်လုံးအား ခပ်ကြမ်းကြမ်းဆွဲထုတ်လိုက်ပြီး ဝုန်းခနဲ ထိုင်ချလိုက်သည်။ ဘေးချင်းယှဉ်လျက်ရှိသော အရက်ဝိုင်းမှ လူနှစ်ယောက်သည် မသိမသာ အကဲခတ်ကြည့်လိုက်ပြီး စကားပြောမပျက်ဘဲ ဆက်လက်သောက်စားနေကြသည်။

'ပေါက်ဖော် အရက်တစ်လုံး၊ စားစရာ ဘာရလဲ'

ကောင်တာပေါ်တွင် အိပ်ငိုက်နေသော မျက်ပေါက်မှေးမှေး၊ အသားဖြူဖြူ၊ ကတုံးဆံတောက်နှင့် စွပ်ကျယ်လက်ပြတ် အင်္ကျီအနီကို ဝတ်ဆင်ထားသော တရုတ်ပေါက်ဖော်ကြီးသည် ထိုသူအနီးသို့ အပြေးရောက်လာပြီး ခါးကြားတွင်ညှပ်ထားသော အဝတ်စနှင့် စားပွဲခုံများကိုသုတ်ရင်း ပြောလိုက်သည်။

'အခေါက်ကင်၊ အသားကင်၊ ဝက်ခေါင်းသုပ်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော် အစုံရပါတယ်'





'ခေါင်းသုပ်တစ်ပွဲပေး၊ အရက်တစ်လုံး မြန်မြန်ယူခဲ့'

'ဟုတ်ကဲ့ပါ ဆရာကြီး'

ဆိုင်ရှင် တရုတ်ပေါက်ဖော်ကြီးသည် ခါးကိုင်း၍ ခေါင်းညွတ်ပြလိုက်ပြီး မီးဖိုဆောင်ဘက်သို့ ပြန်ဝင်သွားသည်။ မကြာမီ ဝက်နားရွက်ကို လှီးဖြတ်ပြီး တဒုတ်ဒုတ် ခုတ်ထစ်သံများ ကြားလိုက်ရသည်။ ဝက်ခေါင်းသုပ်တစ်ပွဲနှင့် အရက်တစ်လုံး ချပေးလိုက်သောအခါ စောစောကဝင်ရောက်လာသူမှာ ခွက်ထဲသို့ အရက်ငှဲ့ထည့်သည်။ ရေအနည်းငယ်ရောစပ်ပြီး ဂွပ်ခနဲ မော့ချလိုက်သည်။ အမြီးပန်းကန်ထဲမှ ဝက်ခေါင်းသုပ်ကို တူနှင့်ညှပ်ပြီး တစိမ့်စိမ့်ဝါးလျက် အရသာခံ စားသောက်လျက်ရှိသည်။ သူ့ဘေးမှ စကားပြောသံများ ထွက်ပေါ်လာသဖြင့် နားစွင့်ပြီး နားထောင်လိုက်သည်။

'စောစောကပြောတာ ဘယ်ရောက်သွားပါလိမ့်ကွာ'

ခန္ဓာကိုယ်ပုပုသေးသေးနှင့် မျက်နှာတွင် ကျောက်ပေါက်ရာများရှိသော မင်စာလေးဆိုသူက မေးလိုက်သည်။

'ဆရာမနိုင် နှစ်ဆောင်ပြိုင်အိမ်ကြီးက အရမ်းခြောက်တဲ့ တစ္ဆေသီအစ်မနှစ်ယောက်အကြောင်းလေကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်… ဟုတ်တယ်၊ အဲဒီ နှစ်ဆောင်ပြိုင်အိမ်ကြီးမှာ တစ္ဆေညီအစ်မတွေက တယ်ခြောက်တယ်ဆိုပဲ၊ ညအိပ်ညနေနေဖို့မပြောနဲ့၊ နေ့လယ်နေ့ခင်းဘက်တောင် ဒီခြံကြီးထဲ ဘယ်သူမှမသွားရဲဘူး၊ ဟိုရက်က ငါတို့နဲ့ အလောင်းအစားလုပ်တဲ့ ဖိုးတေလည်း ညကြီးသန်းခေါင် လန့်ပြီးထွက်ပြေးတာ ခုထိလန့်ဖျားဖျားနေတုန်းပဲ၊ ဘာပဲပြောပြော ငါတို့နဲ့လောင်းတာ အနိုင်ရလိုက်တော့ ခုရက်ပိုင်း အရက်လေးမှန်မှန်သောက် အူစိနေတာပေါ့ကွာ'

ဖလကောင်းကောင်းနှင့် တစ်ယောက်တည်း အရက်သောက်နေသူက စိတ်ဝင်စားသွားသည်။ သူ့အမည်မှာ ပေါ်ကာဖြစ်သည်။ အလောင်းအစား ဝါသနာကြီးသလို နယ်လှည့် ဖဲလိမ်ရိုက်နေသူတစ်ဦး ဖြစ်သည်။ သတ္တိလည်းရှိသည်။ မိဘနှစ်ဦးစလုံးမှာ လောင်းကစားဝါသနာပါသူများ ဖြစ်ကြသည်။ သူ့မိခင်မှာလည်း နေ့စေ့လစေ့ကိုယ်ဝန်ကြီးနှင့် ဖဲရိုက်နေရာမှ ပေါ်ကာတက်လာပြီး ဒေါင်းသွား၍ တစ်ဝိုင်းလုံးကို အပိုင်သိမ်းလိုက်သည်။ ဖဲဝိုင်းမှာပင် ဗိုက်နာပြီး သူ့ကို မွေးဖွားခဲ့သည်။ မိဘများက သူ့အား လာဘ်ကောင်ဟုယူဆပြီး ပေါ်ကာဟု





အမည်ပေးခဲ့သည်။ ငယ်စဉ်ကတည်းက ဖခင် ဖဲရိုက်သွားတိုင်း တကောက်ကောက်လိုက်ပါခဲ့ပြီး ဖခင်အမွေဖြစ်သော ဖဲကစားခြင်းကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာခဲ့သည်။

သူ့ဖခင်မှာ ဖဲဝိုင်းမှာပင် ဓားထိုးခံရပြီး သေဆုံးခဲ့သည်။ ပေါ်ကာ အရွယ်ရောက်လာချိန်တွင် ရွာစဉ်လှည့်၍ လောင်းကစားခြင်းနှင့်သာ မွေ့လျော်နေသူဖြစ်သည်။ ပေါ်ကာသည် သတ္တိရှိသလို လက်ယဉ်သည်။ လောင်းကစားဝိုင်းများတွင် ရန်ဖြစ်ပါက အထိုးအကြိတ်၊ အသတ်အပုတ် ကျွမ်းကျင်သလို မကြာခဏ ထောင်ကျလိုက် ပြန်ထွက်လိုက်နှင့် လူဆိုး လူမိုက် လူပေ လူတေတစ်ယောက် ဖြစ်သည်။ ယခုလည်း ရိုက်မှုတစ်ခုနှင့်ထောင်ကျခဲ့ရာမှ ထောင်မှထွက်လာခဲ့သည်မှာ မကြာသေးပေ။

ဖဲဝိုင်းတစ်ခုတွင် အနိုင်ရလာသောကြောင့် အရက်ဝင်သောက်ခြင်းဖြစ်သည်။

'မိတ်ဆွေတို့ပြောတဲ့ နှစ်ဆောင်ပြိုင်အိမ်က ဘယ်မှာရှိတာလဲ'

တစ်ဖက်ဝိုင်းမှ လူများအား စိတ်ဝင်စားစွာဖြင့် ပေါ်ကာ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မြို့စွန်နားမှာရှိတဲ့ သင်္ချိုင်းဘေးက အိမ်ကြီးပဲ'

'ကျုပ်နာမည် ပေါ်ကာလို့ခေါ်တယ်၊ ထောင်ကထွက်လာတာ မကြာသေးဘူး၊ လောင်းကစားဆိုရင် သိပ်ဝါသနာကြီးပေါ့ဗျာ၊ မိတ်ဆွေတို့က လောင်းကစားလုပ်တယ်ဆိုတော့ အဲဒီအိမ်ကြီးမှာ နေရဲရင် ဘယ်လောက်ပေးမလဲ'

'နောင်ကြီး တကယ်ပြောတာလား'

'ကျုပ် သတ္တိမရှိဘဲ မပြောဘူး၊ တစ္ဆေ သရဲဆိုတာ ပေါ်ကာနဲ့တွေ့ရင် လန့်ပြေးမယ့်ကောင်တွေပါဗျာ၊ ဘာမှ ကြောက်စရာမလိုပါဘူး'

'ဟီး… ဟီး… အဲဒီအိမ်ကြီးက အကုန်လုံးသေသွားတာ ကြာလှပြီ၊ ဘယ်သူမှ ဝယ်မယ့်သူမရှိဘူး၊ သင်္ချိုင်းကုန်းနားက အိမ်ပျက်ကြီးဖြစ်နေတာ ကြာပြီပဲ၊ ကျုပ်ဆို တစ်ညလုံး မပြောနဲ့၊ နေ့ခင်းဘက် မြင်မြင်ထင်ထင်ရှိတာတောင် ငါးမိနစ် မနေရဲဘူး၊ အမယ်လေး… ပြောရင်းဆိုရင်း ကြက်သီးမွေးညင်းတွေ ထလာပြီ၊ ကြောက်လိုက်တာဗျာ'

အရုပ်ဆိုးဆိုးနှင့် မှင်စာလေးက ရှုံ့မဲ့ပြောဆိုရင်း အရက်တစ်ခွက်ကို အမြန်မော့ချလိုက်သည်။





'စည်းကမ်းချက်တွေ ဘာတွေ ဘယ်လိုသတ်မှတ်မလဲ'

မှင်စာလေးဘေးမှ ပိန်ရှည်ရှည် ကလန်ကလားအရုပ်ကြီးနှင့် အရှည်ကြီးဟုခေါ်သောသူအား ပေါ်ကာ မေးလိုက်သည်။

အရှည်ကြီးက ရှင်းပြသည်။

'အရင်တစ်ခါ မိုးတော့နဲ့ လောင်းခဲ့သလိုပေါ့ဗျာ၊ ကျုပ်တို့က ဒီကမိတ်ဆွေ ကိုပေါ်ကာကို ဝါဆိုဖယောင်းတိုင်ကြီး တစ်တိုင် ပေးထားမယ်၊ ဒီဖယောင်းတိုင်ဟာ ဒီတစ်ညလုံး အတွက်ပဲ၊ ဆိုလိုတာက မီးခြစ်မဆောင်ရဘူး၊ တကယ်လို့ မီးငြိမ်းသွားရင် ပြန်မထွန်းရဘူး၊ အမှောင်ထဲမှာ တစ်ညလုံး နေရမယ်'

'မှောင်တာက အကြောင်းမဟုတ်ပါဘူး၊ ကျုပ် နေ့ရဲပါတယ်၊ ဘယ်လောက်ကြေး ထပ်မှာလဲ'

'လောင်းကြေးကတော့ ကိုပေါ်ကာ စိတ်ကြိုက်ခေါ်ပါ၊ ကျုပ်တို့ လိုက်နိုင်ပါတယ်၊ အဓိကက ကိုပေါ်ကာအနေနဲ့ အဲဒီအိမ်ကြီးရဲ့ အခန်းထဲမှာ ထွက်မသွားဘဲ မိုးလင်းပေါက်အထိ နေနိုင်ရင် ကျုပ်တို့လောင်းထားတာ ရှုံးပြီ၊ ဒါမှမဟုတ် တစ္ဆေသရဲအစ်မနဲ့တွေ့လို့ ကြောက်ပြီးထွက်ပြေးရင် ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီ၊ လောင်းကြေးငွေကိုတော့ ဟောဒီဆိုင်က ပေါက်ဖော်ကြီးဆီမှာ အပ်ထားမယ်၊ နိုင်တဲ့သူက မနက် လာယူရုံပဲ၊ ကျုပ်တို့ပြောတာ သဘောတူလား'

'ကြိုက်ပြီ… ဟောဒီမှာ ကျုပ် ဖဲဝိုင်းက နိုင်လာတာ ငွေတစ်သောင်းရှိတယ်၊ တစ်သောင်းကြေး ထပ်ကြတာပေါ့၊ ခင်ဗျားဘို့ပြောတဲ့အတိုင်း ခင်ဗျားတို့လည်း ငွေထုတ်၊ ပေါက်ဖော်ကြီးဆီမှာ အပ်ထားမယ်၊ ဟုတ်ပြီလား'

အရှည်ကြီးဆိုသူက ပေါ်ကာမသိအောင် မျက်နှာတစ်ဖက်လှည့်၍ အမဲတစ်ကောင်တော့ တွေ့ပြန်ပြီဆိုသည့် သဘောနှင့် မင်စာလေးအား မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

'ကဲ… ဒါဖြင့်လည်း လက်စသတ်လိုက်ကြရအောင်၊ တစ္ဆေသီအစ်မရှိတဲ့ ဆရာမနိုင် နှစ်ဆောင်ပြိုင်အိမ်ကြီးကို ကျုပ်တို့ လိုက်ပို့မယ်'

ဤသို့ဖြင့် ပေါ်ကာ၊ အရှည်ကြီးနှင့် မင်စာလေးတို့သည် အရက်ပုန်းဆိုင်မှ ထွက်လာခဲ့ကြပြီး မြို့စွန်ဘက်သို့ လျှောက်လာခဲ့ကြသည်။

● ● ●





အချိန်ကား ညဆယ့်တစ်နာရီကျော်ပြီ ဖြစ်သည်။ မြို့စွန်ဘက်သို့ ရောက်လာသည်နှင့် သစ်ပင်တောအုပ်များအောက်ရှိ အုတ်ဂူဖွေးဖွေးများကို ရေးရေးလှမ်းမြင်ရသည်။

'ရှေ့နားဆို ရောက်ပြီ'

အရှည်ကြီးက ပြောလိုက်ခြင်းဖြစ်သည်။ ဆရာမနိုင် နှစ်ဆောင်ပြိုင် တစ္ဆေသီအစ်များခြောက်သော အိမ်ကြီးကား လူမနေသည်မှာ ကြာပြီဖြစ်သည်။ အနီးပတ်ဝန်းကျင်တွင်လည်း မြို့စွန်သချိုင်းသာရှိသည်။ ခြံဝန်းကြီးထဲတွင်လည်း ကြီးမားသော သရက်ပင်၊ ကုက္ကိုပင်ကြီးများ၊ ချုံနွယ်များ တောထပေါက်ရောက်နေကြသည်။ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် ဆောက်လုပ်ထားသော ရှေးဟောင်း နှစ်ဆောင်ပြိုင်အိမ်အိုကြီးဖြစ်သည့်အလျောက် ညအမှောင်ထဲတွင် မကောင်းဆိုးဝါးကြီးတစ်ယောက် စောင့်ဆိုင်းနေသကဲ့သို့ရှိနေသည်။

'ကိုပေါ်ကာ… ဒီအိမ်ကြီးနဲ့ ပတ်သက်ပြီး ကျုပ်တို့နှစ်ယောက်က အလောင်းအစားလုပ်တာ ကြာပြီ၊ တစ်ခါမှ ရှုံးတယ်ဆိုတာ မရှိဘူး၊ တကယ်တော့ ကိုပေါ်ကာ အသ[illegible] အလောင်းအစားလုပ်ရတာဆိုတော့ ခုချိန်မှာ မလောင်းတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လည်း ရတယ်၊ ပြန်ဖျက်မယ်ဆိုင်လည်း အချိန်မီသေးတယ်၊ ကျုပ်တို့က ကိုပေါ်ကာအတွက် စိုးရိမ်ပြီးပြောတာ၊ တစ္ဆေသီအစ်မခြောက်တာက အရမ်းကြောက်ဖို့ကောင်းတယ်'

မှင်စာလေးလက်ထဲတွင် ဝါဆိုဖယောင်းတိုင်ကြီးအား မီးမငြိမ်းရန် လက်နှင့်ကာပြီး တကျွိကျွိမြည်နေသော ကျွန်းလှေကားကြီးအတိုင်း အိမ်အပေါ်ထပ်သို့ တက်လာကြသည်။

'ဟား… ဟား… ကိုပေါ်ကာကို ဒီလိုလာစမ်းလို့ ဘယ်ရမလဲဗျာ၊ ပေါ်ကာဆိုတဲ့ကောင်ကလည်း အမေမွေးတည်းက ဖဲပိုင်းမှာမွေးပြီး နယ်ပေါင်းစုံလှည့် တစ်သက်လုံး လောင်းကစားလုပ်လာခဲ့သူပါ၊ ဒီအိမ်ကြီးရဲ့ အခန်းထဲမှာ တစ်ညလေး နေရုံလောက်နဲ့ ငွေတစ်သောင်းရမယ်ဆိုတော့ ဒီလောက်လွယ်တဲ့ လောင်းကစားနည်းမျိုး တစ်ခါမှ မကြုံသေးဘူး၊ စားရက်ကြုံလို့ မုတ်ဆိတ်ပျားစွဲတာပဲ'

'ဟောဒီအခန်းပဲ၊ ဒီအခန်းမှာ ကိုပေါ်ကာ မိုးလင်းထိနေရမှာ၊ နေရဲတယ် မဟုတ်လား'

အရှည်ကြီးက အခန်းတံခါးကိုဖွင့်ပြီး ပြလိုက်သည်။ အခန်းထဲတွင် ပွတ်လုံးတိုင်များနှင့် နှစ်ယောက်အိပ် ရှေးဟောင်း





ခုတင်ကြီးကို တွေ့ရသည်။ ခုတင်အောက်ခြေ ခြေထောက်များတွင် လည်ဆံမွေးဖားဖား ခြင်္သေ့များ ထိုင်နေဟန် ထွင်းထုထားသည်။ ခုတင်အိုကြီးဘေးတွင် ကနုတ်ဘောင်များနှင့် ကွပ်ထားသော ရှေးဟောင်းမှန်တင်ခုံစားပွဲတစ်ခု ရှိသည်။

'ကဲ… ကျွန်တော်တို့ ပြန်မယ် ကိုပေါ်ကာ၊ ဒီည ကံကောင်းပါစေ၊ သိပ်မကြာခင်တုန်းကတော့ ခင်ဗျားလိုပဲ ဖဲသမားဖိုးတေကတော့ တစ်နာရီမပြည့်ခင် အခန်းထဲက ကြောက်လန့်ပြီး ထွက်ပြေးသွားတာ၊ ခုထိ ဆေးကုနေရတုန်းပဲ'

'အပိုတွေ ပြောမနေပါနဲ့ဗျာ၊ မနက်ဖြန်ကျရင် ကျုပ်နိုင်တဲ့ငွေနဲ့ ပေါက်ဖော်ကြီးဆိုင်မှာ ခင်ဗျားတို့နှစ်ယောက်ကို ကောင်းကောင်းကြီး ပြုစုပါ့မယ်'

'ဒါဖြင့်လည်း ကျုပ်တို့သွားပြီ'

'ကောင်းပြီလေ'

အရှည်ကြီးနှင့် မှင်စာလေးတို့သည် ညအမှောင်ထဲရှိ သစ်ရိပ်ညို့ညို့မှိုင်းမှိုင်းများကြားတွင် ပျောက်ကွယ်သွားသည်။ ပေါ်ကာသည် ခါးတွင်ထိုးထားသော အမြဲတမ်း ဆောင်နေကျ အသွားရှည်ဓားမြှောင်တစ်လက်ကို အသာအယာစမ်းကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့်တတ်သည့် တစ္ဆေသီအစ်မနှစ်ဦးအား အန္တရာယ်ပြု လာလျှင် တိုက်ခိုက်ရန် အဆင်သင့်ပြင်ဆင်ထားသည်။

မှင်စာလေး ပေးထားခဲ့သော ဝါဆိုဖယောင်းတိုင်အား ခုတင်အိုကြီးဘေးရှိ မှန်တင်ခုံပေါ်တွင် မြဲမြံစွာ စိုက်ထူထား လိုက်သည်။ ဖယောင်းတိုင်မီးရောင်သည် ကြည့်မှန်ချပ်ထဲတွင် အလင်းပြန်ဟပ်သောကြောင့် ပိုမိုလင်းလက်လာသည်ဟု ထင်ရ သည်။ ပေါ်ကာသည် အခန်းအား သေချာစွာလှည့်လည်စစ်ဆေး ကြည့်ရှုသည်။ ကာထားသော သစ်သားနံရံများအား စေ့စပ် သေချာစွာ ဓားမြှောင်ရိုးနှင့် ခေါက်ကြည့်သည်။ လျှို့ဝှက်တံခါး များ ထောင်ချောက်များ ရှိမရှိ၊ မျက်နှာကြက် ကြမ်းပြင်နံရံ များကို သေချာစွာစစ်ဆေးကြည့်သည်။ အခန်းမှာ သာမန် ဖွဲ့ရိုးဖွဲ့စဉ် တည်ဆောက်ထားပြီး ထူးခြားသော မသင်္ကာဖွယ် အကြောင်းအရာများ မတွေ့ရပေ။

'ဘာမှ ကြောက်စရာမလိုပါဘူး၊ အလကား တစ္ဆေမ တွေ'

သူ့ကိုယ်သူ အားပေးရင်း ပေါ်ကာသည် နှစ်ယောက် အိပ် ခုတင်ကြီးပေါ်တွင် ခါးဥဘောင်းဆန့်ရင်း လဲလျောင်းလိုက်





သည်။ စားပွဲပေါ်ရှိ ဝါဆိုဖယောင်းတိုင်မှာ မီးစာအပူရှိန်ကြောင့် ဖယောင်းရည်များ စီးကျလာပြီး ဖယောင်းတိုင်ဘေးတွင် တွဲလွဲ ခိုနေကြသည်။ ဖယောင်းတိုင်မှ တဖျစ်ဖျစ်မြည်သံများ ထွက် ပေါ်လာသည်။ စားပွဲပေါ်တွင် စာအုပ်တစ်အုပ်ကို အမှတ်မထင် တွေ့လိုက်ရသောကြောင့် စိတ်ဝင်စားစွာ လှမ်းယူဖတ်ကြည့် လိုက်သည်။

စာအုပ်မျက်နှာဖုံးမှာ ကြောက်လန့်ဖွယ် မြင်ကွင်းတစ်ခု ကို မြင်တွေ့ရ၍ ထိတ်လန့်တကြားဖြစ်နေဟန်၊ မျက်လုံးပြူး ပြူး၊ အထိတ်တလန့် အော်ဟစ်လိုက်သော ပါးစပ်ကို လက်နှင့် ဝိတ်ကာထားသည့် မိန်းကလေးတစ်ဦး၏ အလန့်တကြားအဖုံး ဖြစ်သည်။ စာအုပ်အမည်မှာ 'အမှောင်ထဲက ခေါင်းပြတ်တစ္ဆေ' ဟု အမည်ပေးထားပြီး စာရေးသူမှာ နန်းကြေ့ာသျှင်ဖြစ်သည်။

'ဒါမျိုးနဲ့ လာခြောက်လို့ ဘယ်ရမလဲကွာ၊ ဟား... ဟား...'

ဟု ခြောက်ကပ်စွာရယ်မောလိုက်ပြီး 'အမှောင်ထဲက ခေါင်းပြတ်တစ္ဆေ' စာအုပ်ကို ဖတ်ရှုကြည့်မိသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်တွင် ဖော်ပြထားသည့် အဖြစ်အပျက်များသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်ကာလ၌ ယခု သင်ရောက်ရှိနေသော နှစ်ဆောင်ပြိုင်အိမ်ကြီးတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ ဖြစ်ခဲ့လေသည်။ ဤအိမ်ကြီး၏ ပိုင်ရှင်မှာ လွန်စွာမှချမ်းသာသော သူဌေးဦးကိုကြီးဖြစ်သည်။ ဤနယ်တစ်ဝိုက်ရှိ လယ်မြေများကို လက်ညှိုးထိုးလွဲအောင် ပိုင်ဆိုင်သည့် လယ်ပိုင်ရှင်ကြီးတစ်ဦးဖြစ်သည်။ ဦးကိုကြီးတွင် ခွဲမရအောင် ရုပ်ချင်းတူသည့် အမြွှာညီအစ်မနှစ်ဦး ရှိသည်။ သူတို့အမည်များမှာ တင်မမနှင့် ခင်ခခတို့ ဖြစ်ကြသည်။ သူမတို့မိခင်ဖြစ်သူ ဒေါ်မိမိကြီးမှာ အမြွှာညီအစ်မကို မွေးဖွားပြီးနောက် ကွယ်လွန်သွားသည်။ မုဆိုးဖို ဦးကိုကြီးမှာ သမီးနှစ်ယောက်အား လွန်စွာမှ ချစ်ခင်မြတ်နိုးသောကြောင့် နောက်ထပ် အိမ်ထောင်ပြုခြင်း မရှိပေ။

ဦးကိုကြီးမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသည့် အလျောက် ဖောက်မာလှသည်။ သီးစားခချထားသော လယ်သမားများအပေါ်တွင် အနိုင်ကျင့် ကုတ်သွေးစုပ်ပြီး ရက်စက်စွာ ပြုကျင့်မှုများကြောင့် လူအများက မုန်းတီးခြင်းခံရသူဖြစ်သည်။





တစ်နေ့တွင် ဦးကိုကြီးသည် အလုပ်ကိစ္စတစ်ခုရှိ၍ ရပ်ဝေးသို့ ရက်အတန်ကြာအောင် ခရီးထွက်သွားရာ ဤအိမ်ကြီးတွင် အမြွှာညီအစ်မနှစ်ဦးတည်းသာ ကျန်ရစ်ခဲ့သည်။

အစ်မကြီးဖြစ်သူ တင်မမမှာ စိတ်သဘောထားခက်ထန်ပြီး သတ္တိရှိသူဖြစ်သည်။ အငယ်မဖြစ်သူ ခင်ခခမှာ နူးညံ့သိမ်မွေ့ပြီး လွန်စွာမှ အသည်းငယ် ကြောက်ရွံ့တတ်သူဖြစ်သည်။ ဖခင် ခရီးထွက်သွား၍ ညီမဖြစ်သူအား ဘာမှ မကြောက်ရန် အားပေးစကားပြောပြသည်။ ညဘက်ရောက်ချိန်တွင် ခင်ခခမှာ တစ်ယောက်တည်း မသွားရဲ၊ မလာရဲ၊ မအိပ်ရဲသောကြောင့် ဤခုတင်ကြီးပေါ်တွင် ညီအစ်မနှစ်ယောက် အတူ အိပ်စက်ကြသည်။

ညသန်းခေါင်ချိန်ရောက်လျှင် အောက်ထပ်မှ တံခါးကို ရိုက်ချိုးဖွင့်သံများ ကြားရ၍ ခင်ခခမှာ လန့်ဖျပ်ပြီး ဈောင်ကို ခေါင်းမြီးခြုံ၍ တစ်ကိုယ်လုံး တုန်လှုပ်လျက်ရှိသည်။

"ညီမကလည်း ကြောက်စရာမလိုပါဘူး၊ မမ ဆင်းကြည့်လိုက်ဦးမယ်"

"မဆင်းပါနဲ့ မမရယ်၊ ညီမလေး ကြောက်တယ်၊ ညီမ



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်တည်း မနေရဲဘူး'

'မနေရဲရင်လည်း မမနဲ့လိုက်ခဲ့လေ'

'အို… မလိုက်ရဲပါဘူး'

'ကဲ… ဒါဖြင့်လည်း ဒီမှာပဲနေခဲ့၊ တံခါးကို သော့ပိတ်ထားခဲ့မယ်၊ မမ ဆင်းကြည့်ပြီး ချက်ချင်းပြန်လာခဲ့မယ်'

တင်မမသည် အခန်းတံခါးကိုသော့ခတ်ပြီး အောက်ထပ်သို့ဆင်းသွားသည်။ တင်မမ လှေကားမှ ဆင်းသွားသည့် ခြေသံများကို တိတ်ဆိတ်သောညတွင် ကြားနေရသည်။ ခင်ခမှာ ကုတင်ကြီးပေါ်တွင် စောင်ကို ခေါင်းမြီးခြုံ၍ တထိတ်ထိတ်တလန့်လန့် ကျန်ရစ်ခဲ့သည်။ ထိုညအဖို့ အိမ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး မှောင်မည်းနေပေသည်။ တစ်ယောက်တည်း ကျန်ခဲ့သော ခင်ခမှာ ပို၍ပင် ကြောက်ရွံ့ထိတ်လန့်လာမိသည်။

အောက်ထပ်မှ တစ်စုံတစ်ခုအား ဝင်တိုက်လိုက်သော ကြောင့် ဝုန်းခနဲအသံကို ကြားလိုက်ရသည်။ ခင်ခမှာ လန့်၍ အော်ဟစ်လိုက်သော်လည်း လုံးဝမလှုပ်ရဲပေ။ နောက်ထပ် ဘာသံမျှ မကြားရတော့ဘဲ တိတ်ဆိတ်သွားပြန်သည်။ မကြာမီ အပေါ်ထပ်သို့ တက်လာသော လှေကားမှ ခြေသံများကို ကြား





ရသည်။ တင်မမ ပြန်မလာတာဘဲ ဖြစ်ရမည်ဟု ခင်ခတွေးပြီး စိတ်သက်သာရာ ရသွားသည်။

အမှောင်ထဲမှ ခြေသံများသည် ဤအခန်းဝအနီးသို့ ရောက်လာသည်။ တံခါးဖွင့်သံ ကြားလိုက်ရ၍ ခင်ခမှာ ခေါင်းမြီးခြုံထားသော စောင်ကို ဖွင့်လိုက်သည်။ မှောင်နေ၍ ဘာမှမမြင်ရပေ။ ဤအခန်းတွင်းသို့ ဝင်လာသူမှာ တင်မမမှ ဟုတ်ပါလေစ။ တင်မမ မဟုတ်ဘဲ တခြားသူတစ်ယောက် ဖြစ်နေလျှင် ဘယ်လိုလုပ်ရပါ့မလဲ၊ ခင်ခသည် ထိုသို့ တွေးမိလိုက်ပြီး ကြောက်လန့်လာမိသည်။ စိုးရိမ်ထိတ်လန့်စွာဖြင့် လှမ်းမေးလိုက်သည်။

'ဘယ်သူလဲဟင်၊ မမလား'

ခြေသံကြားရာဘက်မှ ဘာမျှပြန်ထူးသံ မကြားရပေ။ ခြေသံသည် သူမရှိနေသည့် ဤခုတင်ကြီးအနီးသို့ တဖြည်းဖြည်း နီးကပ်လာသည်။ ခုတင်ဘေးတွင်ရပ်နေသော မည်းမည်းသဏ္ဌာန်တစ်ခုကို လှမ်းမြင်ရသည်။ စိတ်ထဲတွင် မမဟုသာ ဆင်နေမိသည်။ ခင်ခတစ်ကိုယ်လုံး တုန်လှုပ်စွာ ကြောက်နေ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမ ညီမလေး ခေါ်နေတယ်လေ၊ ဘာပြုလို့ ပြန်မထူးတာလဲ၊ ညီမလေးကို လာမခြောက်နဲ့နော်၊ ညီမလေး ကြောက်တယ်'

ခင်ခခသည် လှမ်းမြင်ရသော မည်းမည်းသဏ္ဍာန်အောက်ပိုင်းကို မိမိလက်ဖြင့် စမ်းလိုက်သည်။ မမ ဝတ်ထားသော ချိတ်ထဘီဖြစ်၍ စိတ်သက်သာရာ ရသွားသည်။ ဒါ မမ တင်မမ၊ ခင်ခခသည် အောက်ပိုင်းကို စမ်းသပ်ရင်းမှ တဖြည်းဖြည်း အပေါ်ဘက်သို့ လျှောက်စမ်းနေမိသည်။ လည်ပင်းနားသို့ ရောက်သွားသောအခါ သူမလက်များ ရပ်တန့်သွားသည်။ သူမလက်များတွင် သွေးစီးများ ပေကျံလာသည်ကို သတိပြုမိသည်။ ခင်ခခသည် တင်မမ၏ လည်ပင်းတစ်ဝိုက်ကို စမ်းသပ်မိပြီး တင်မမမှာ ခေါင်းပိုင်းမရှိတော့ပေ။

'အောင်မယ်လေး… ကယ်တော်မူကြပါ'

ခင်ခခ၏ ငယ်သံပါအောင် အော်ဟစ်လိုက်သည့်အသံကို ကြားလိုက်ရသည်။

• • •





နောက်တစ်နေ့တွင် ခရီးဝေးသွားရာမှ ဦးကိုကြီး ပြန်ရောက်လာသည်။ လှေကားရင်းတွင် သွေးအိုင်ကြီးကိုတွေ့ရပြီး ထိတ်လန့်သွားသည်။ အိမ်ပေါ်သို့ အမြန်ပြေးတက်သွားပြီး အခန်းထဲသို့ ဝင်လိုက်သောအခါ ဤခုတင်ကြီးပေါ်တွင် ထိတ်လန့်တုန်လှုပ်သော မျက်နှာနှင့် သေဆုံးနေသော ခင်ခခနှင့် ခုတင်ဘေး ကြမ်းပြင်ပေါ်တွင် လည်ပင်းဒဏ်ရာများနှင့် သေဆုံးနေသော ခင်မမကို စိတ်မချမ်းမြေ့စွာ တွေ့ရှိလိုက်ရသည်။

ဦးကိုကြီး ကိုယ်တိုင်မှာလည်း သမီးနှစ်ယောက်၏ အဖြစ်ဆိုးစွာ သေဆုံးနေသည့် မြင်ကွင်းကိုကြည့်ပြီး နှလုံးသွေးရပ်ကာ ဤနေရာမှာပင် သေဆုံးသွားခဲ့သည်။ ဤအခန်းတွင်းဝယ် သုံးလောင်းပြိုင်အလောင်းများကား ရက်အတော်ကြာအောင် ရှိနေခဲ့သည်။

ရက်အတန်ကြာပြီးနောက် အပုပ်နံ့များ ထွက်လာခဲ့ရာမှ ရွာသူ ရွာသားများ လာရောက်ကြည့်ရှုကြပြီး သိရှိသွားကြသည်။ ထိုသို့ ကြေကွဲဖွယ်ရာ ဖြစ်ပျက်ခဲ့ရသော အဖြစ်အပျက်များအား ပုလိပ်တပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်ရာတွင် ထိုညက လူဆိုးတစ်ဦးသည် ဦးကိုကြီးမရှိခိုက် ဓားပြတိုက်ရန် ဤအိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ဝင်ရောက်ခဲ့သည်။ အောက်ထပ်သို့ ဆင်းလာသော ခင်ခနှင့် လှေကားရင်းတွင်တွေ့ပြီး ဓားနှင့်ခုတ်လိုက်ရာ လည်ပင်း၌ ဒဏ်ရာရခဲ့သည်။

ဓားဒဏ်ရာနှင့် အပေါ်ထပ်ရှိ ညီမဖြစ်သူ ခင်ခရှိရာသို့ အားတင်းပြန်လာခဲ့ရာ ခုတင်ဘေးသို့အရောက်တွင် ခင်ခမှာ လက်နှင့် စမ်းသပ်လိုက်သည်ကို သိရှိသော်လည်း လည်ပင်းမှ ဒဏ်ရာကြောင့် မည်သည့်စကားမှ မပြောနိုင်ခဲ့ပေ။

ခင်ခသည် လည်ပင်းမှသွေးများကို စမ်းသပ်ထိမိရင်း ထိတ်လန့်စွာ နှလုံးသွေးရပ်၍ သေဆုံးသွားရခြင်း ဖြစ်ပေတော့သည်။

ဤတွင် ဤအိမ်ကြီး၌ ဤအခန်းမှ အမြွာညီအစ်မနှင့် မဆိုးဖိုကြီးတို့ အသေဆိုးနှင့် သေရသော သုံးလောင်းပြိုင် ဇာတ်လမ်းကြီး ပြီးပါပြီ။

*ဦး သုရဿတီမယ်တော်ကြီး နှိုင်းမပါစေ။*

*ကျွန်ုပ် စိတ်နယ်လွန် စာရေးဆရာကြီး*

*နန်းကြော့သျှင်*





'သွားစမ်း… အလကား ပေါက်တတ်ကရတွေ ရေးထားတဲ့စာအုပ်ပဲ'

ပေါ်ကာသည် စာအုပ်ကို ဖြန်းခနဲပိတ်လိုက်ပြီး စားပွဲပေါ်သို့ ပစ်ပေါက်လိုက်သည်။ ဒေါသကြောင့် အမှတ်မထင် ပစ်ပေါက်လိုက်သော စာအုပ်မှာ ဝါဆိုဖယောင်းတိုင်ကြီးအားတိုက်မိပြီး မီးများငြိမ်းသွားသည်။ တစ်ခန်းလုံး မှောင်ကျသွားသည်။ ပေါ်ကာ၏ တက်ခေါက်သံသည် အမှောင်ထဲတွင် ပေါ်ထွက်လာသည်။ သူ လဲလျောင်းနေသည့် ခုတင်အနီးသို့ အရိပ်မည်းမည်းတစ်ခု ကပ်လာသည်ဟု ထင်မိသည်။ ပေါ်ကာသည် ဓားအိမ်ထဲမှ အသွားထက်မြသော ဓားမြှောင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။ ဆတ်ခနဲ ထလိုက်ပြီး မည်းမည်းသဏ္ဌာန်ရှိရာ တစ်ဟုန်ထိုးပြေးဝင်ပြီး ဓားနှင့်ဝှေ့ယမ်းထိုးလိုက်သည်။ လေထဲတွင်သာ ဖွစ်ခနဲ အသံမြည်သွားသည်။ မည်းမည်းသဏ္ဌာန်၏ လှုပ်ရှားပုံများမှာလည်း လျင်မြန်လှသည်။ အတန်ကြာသော် ပျောက်ကွယ်သွားပြန်သည်။

'တင်မမပဲဖြစ်ဖြစ်၊ ခင်ခပဲဖြစ်ဖြစ် အမိပွာယ်မရှိတဲ့ တစ္ဆေမတွေ လာခဲ့၊ နင်တို့ ကုတ်ကို ပြန်ချိုးပစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ပေါကာသည် လုံးဝကြောက်ရွံ့သူမဟုတ်ပေ။ အတန်ကြာအောင် တိတ်ဆိတ်သွားပြန်သည်။ အမှောင်ထဲတွင် စူးစိုက်ကြည့်ရင်း ကျင့်သားရလာသည်။ ခုတင်ခြေရင်းတွင် မည်းမည်းအရိပ်သဏ္ဍာန်တစ်ခုက ရှိနေသည်။ ခုတင်ကွယ်နေသဖြင့် အောက်ပိုင်းကို မမြင်ရပေ။ ခါးအထက်ပိုင်းကိုသာ မြင်ရသည်။ သို့သော် ခေါင်းမရှိပေ။ ခေါင်းပြတ်တစ္ဆေမတွေ ခြောက်လှန့်နေပြီလား။

'ဟား… ဟား… ဒါ တစ္ဆေခြောက်တာလား၊ တော်တော်သနားစရာကောင်းတဲ့ တစ္ဆေမပဲ၊ ကိုယ့်မှာလည်း အင်္ကျီမရှိ၊ ခေါင်းလည်း မရှိ၊ တွေ့ကြသေးတာပေါ့ တစ္ဆေမရာ'

ပြောပြောဆိုဆို ပေါကာသည် မည်းမည်းသဏ္ဍာန်ရှိရာသို့ ဓားမြှောင်နှင့်ထိုးစိုက်ရန် အပြေးဝင်လိုက်သည်။ ထိုစဉ်မှာပင် သူ့ခေါင်းပေါ်သို့ အမိုးပေါ်မှ ထုပ်တန်းကြီး ပြိုကျလာသည်ဟု ထင်မိလိုက်သည်။ ပြင်းထန်သော ရိုက်ချက်တစ်ခုသည် ခွပ်ခနဲ ကြားလိုက်ရပြီး ပေါကာ နောက်စေ့မှ သွေးများဖြာထွက်လာပြီး အသံကုန်အော်ဟစ်သံနှင့်အတူ ခုတင်အိုကြီးပေါ်သို့ လဲကျသွားလေတော့သည်။





အဆိုပါအဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီးနောက် (၁၀)နှစ်ခန့်ကြာသောအခါ ညဈေးတန်းထောင့်နားရှိ မှိန်တုတ်တုတ်အလင်းရောင်များ ပေါ်ထွက်လျက်ရှိသော အရက်ပုန်းရောင်းသည့် တိုက်အိုကြီးအတွင်းသို့ ဗလကောင်းကောင်း တုတ်တုတ်ခိုင်ခိုင် လူတစ်ယောက် ဝင်ရောက်လာသည်။ ဆိုင်အတွင်းတွင် အရပ်ရှည်ရှည် လူတစ်ယောက်နှင့် မျက်နှာတွင် ကျောက်ပေါက်ရာများရှိသော အရပ်ဆိုးဆိုး၊ ဂင်တိုတိုပုပုနှစ်ယောက်မှာ အရက်သောက်လျက်ရှိသည်။ ဝင်ရောက်လာသော ဗလကောင်းကောင်းနှင့် လူမှာ သူတို့နှစ်ဦးရှိရာဝိုင်းသို့ တန်းတန်းမတ်မတ်ဝင်ရောက်လာပြီး ကုလားထိုင်ကို ခပ်ကြမ်းကြမ်းဆွဲထုတ်လျက်ဒုန်းခနဲ ထိုင်ချလိုက်သည်။

အရပ်ရှည်ရှည်နှင့် လူမှာ လှည့်ကြည့်လိုက်ရင်း မျက်နှာပျက်သွားသည်။ ကျောက်ပေါက်ရာနှင့် အရပ်ဆိုးဆိုးနှင့်လူကအလန့်တကြားဖြစ်လျက် ဝင်ရောက်လာသူအား မှတ်မိသွားပုံရသည်။

'ခင်ဗျား ကိုပေါကာ ဟုတ်ပါတယ်နော်၊ ကိုပေါကာ'

'အင်း… ကျုပ်တို့ မတွေ့တာတောင် ကြာသွားပြီပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တစ္ဆေမတွေရှိတဲ့ နှစ်ဆောင်ပြိုင်အိမ်ကြီးက အဖြစ်အပျက်တွေကို မနေ့တစ်နေ့ကလိုပဲ ပူပူနွေးနွေးရှိနေတုန်းပဲ'

အရှည်ကြီးဟုခေါ်သော အရပ်ရှည်ရှည်နှင့်လူသည် လက်နှစ်ဖက်ကို ပူးလိုက်ပြီး ရှိခိုးကန်တော့ဟန်နှင့် တောင်းပန်လိုက်သည်။

'ကျွန်တော်တို့ တောင်းပန်ပါတယ် ကိုပေါ်ကာ၊ အဲဒီညက ခင်ဗျားကို ကျွန်တော်တို့ ခြောက်လှန့်ရုံပဲ ရည်ရွယ်ထားတာပါ၊ ခင်ဗျားက ဓားနဲ့ထိုးမယ်လုပ်တော့ မင်စာလေးက နောက်ကနေ တုတ်နဲ့ဝင်ရိုက်လိုက်တာပဲ၊ ခုတင်ပေးကို လဲကျသွားတော့ သေပြီထင်ပြီး ကြောက်ကြောက်နဲ့ ထွက်ပြေးခဲ့ကြတာပါ၊ လောင်းကြေးငွေတွေကို လိုချင်လို့ ဒီလိုလုပ်ရတာပါ၊ တောင်းပန်ပါတယ်'

'အေးဗျာ… ခင်ဗျားတို့နှစ်ယောက်လုပ်ရပ်က ပိုင်ပါတယ်၊ အဲဒီလို အကွက်ဆင်ခြောက်လှန့်ပြီး လောင်းကြေးတွေထပ်၊ ခင်ဗျားတို့ လုပ်စားနေတာ ကြာပြီပဲ၊ ကျုပ်ခေါင်းကို နောက်ကနေ ချောင်းအရိုက်မခံရရင် အဲဒီညက ခင်ဗျားတို့နှစ်ယောက်စလုံး အသေပဲ၊ ခုလည်း မထူးပါဘူးဗျာ၊ တစ်ပွဲတစ်





လမ်း အကဲစမ်းကြသေးတာပေါ့၊ ကျုပ်ညီမတွေကို သတ်တဲ့ ခင်ဗျားတို့နှစ်ယောက်ကို လှလှပပ လက်စားချေရမယ်၊ မကြာခင်မှာ တစ္ဆေဘဝကို ရောက်ရစေမယ်'

ပေါ်ကာသည် ခါးကြားမှ ဓားမြှောင်ကို လှစ်ခနဲ ဆွဲထုတ်လိုက်ပြီး မင်စာလေး ရင်ဝသို့ ထိုးစိုက်လိုက်သည်။ မင်စာလေးမှာ နောက်သို့ လှန်ချလိုက်ရာ သီသီကလေး လွတ်သွားသည်။ စားပွဲ ကုလားထိုင်များ ဝရုန်းသုန်းကားဖြစ်သွားလျက် ဆိုင်ရှင်ပေါက်ဖော်ကြီး၏ အထိတ်တလန့် အော်သံများကို ကြားလိုက်ရသည်။

'လာကြပါဦးဗျို့၊ လူသတ်ကုန်ပြီ'

ထိုစဉ်မှာပင် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များသည် အပြေးအလွှား ဝင်ရောက်လာကြပြီး ပေါ်ကာအား ဖမ်းချုပ်လျက် လက်ထိပ်ခတ်လိုက်သည်။

'တော်သေးတာပေါ့ဗျာ၊ ကျွန်တော်တို့ အချိန်မှီ ရောက်လာပေလို့ပဲ၊ သူ့နောက်ကို နောက်ယောင်ခံလိုက်နေတာ၊ ဒီလူဟာ ဒီနေ့ပဲ စိတ်ကျန်းမာရေးဆေးရုံက ထွက်ပြေးသွားတဲ့သူပေါ့၊ သူ့ညီမလေးတွေဖြစ်တဲ့ တင်မမနဲ့ ခင်ခခကို သတ်တဲ့သူကို



www.burmeseclassic.com

www.burmeseclassic.com



လက်စားချေရမယ်ဆိုပြီး နေ့စဉ် ကြုံးဝါးနေတဲ့ စိတ်ဝေဒနာရှင် တစ်ယောက်ပဲ"

ပေါ်ကာ၏ ကြောက်မက်ဖွယ်ရာ ရယ်သံကြီးသည် အရက်ပုန်းဆိုင်လေးတွင် ကျယ်လောင်စွာ မြည်ဟိန်းသွားပေတော့သည်။

နန်းကြော့သျှင်

✡ ✡ ✡



ခရာဆူး

## အိုယွန်းယုဉ်

ငယ်ရွယ်စဉ် ကလေးဘဝကို ဖြတ်သန်းခဲ့စဉ်က ပျော်ရွှင်ကြည်နူးဖွယ် ဖြစ်ရပ်များနှင့် တွေ့ကြုံကာ အပျော်ကြီး ပျော်ခဲ့ဖူးသလို စိုးရိမ်ထိတ်လန့်ဖွယ်ရာများနှင့် တွေ့ကြုံရသောအခါ တဆတ်ဆတ်တုန်အောင် ကြောက်လန့်ခဲ့ဖူးပါသည်။ အထူးသဖြင့် အမှတ်တမဲ့ ကြုံဆုံခဲ့ရသော အကြောင်းအရာများအနက် အမှတ်တရဖြစ်စေခဲ့သော ဖြစ်ရပ်များလည်း ရှိခဲ့ပါသည်။ ပျော်ရွှင်ဖွယ်အကြောင်းများထက် ထိတ်လန့်စိုးရွံ့ဖွယ်ဖြစ်ရပ်များ



www.burmeseclassic.com

www.burmeseclassic.com



ကို ပို၍မှတ်မိသည်မှာ လူသားများအတွက် သဘာဝတရားက ပေးသည့် မှတ်ဉာဏ်ပန်းပင် ဆိုရပေမည်။

စာရေးသူဘဝတွင် စိုးထိတ်ကြောက်လန့်သော ဖြစ်ရပ်တစ်ခုနှင့် ရင်ဆိုင်ခဲ့ဖူးပါသည်။ ထိုဖြစ်ရပ်နှင့်အတူ တိုက်ဆိုင်စွာပါလာသည့် အရာမှာ 'ခရာဆူး' ပင် ဖြစ်ပါသည်။ ခရာဆူးသည် စာရေးသူဘဝတွင် မမေ့နိုင်ဖွယ်ကောင်းသည့် ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ပါသည်။ ဂမ္ဘီရဆန်သော ခရာဆူးနှင့် တွေ့ကြုံရသည့် စာရေးသူ၏ဖြစ်ရပ်မှာ...

ခရာဆူးအကြောင်းကို ပြောရလျှင် ခရာပွင့်အကြောင်းမှစ၍ ပြောရပေမည်။ ခရာပွင့်ကား စာရေးသူနှစ်သက်လှသော ခရမ်းရောင်ရင့်ရင့်ကလေးများနှင့် အလှဆင်ထားသော ပန်းကလေးပင်ဖြစ်ပါသည်။ ခရာပင်သည် ရေချို ရေငန်ရောစပ်သည့်နေရာမျိုးတွင် ပေါက်သည့်အပင်ဖြစ်ပြီး ချောင်းစပ်၊ မြစ်စပ်ရှိ လတာပြင်တွင် ပေါက်တတ်ပါသည်။

လတာပြင်ရှိ တောအတွင်းတွင်ပေါက်သော်လည်း ခရမ်းရောင် အပွင့်ကလေးများပွင့်လျှင် ရေဇလားတွင် မျောနေသည့် ဗေဒါပွင့်နှင့်အပြိုင် လှသည့်ခရာပွင့်ကလေးများဖြစ်ပြီး ခွေးသွား





စိတ်နှင့်တူသော အရွက်များရှိပါသည်။ ထိုအရွက်များ၏ထိပ်၌ အဆူးများစွာ ရှိသဖြင့် ၄င်းကို ခရာဆူးဟု ခေါ်ကြပါသည်။

ခရာပန်းကား လွယ်လွယ်နှင့် ခူးမရပေ။ ခရာပန်းကို ခူးချင်သော်လည်း ခရာဆူးများနှင့် ပြည့်နှက်နေသော အရွက်များ ဝိုင်းရံနေသည်ကတစ်ကြောင်း၊ ရွှံ့ညွှန်ထဲတွင် ဆင်း၍ခူးရသည်ကတစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ခရာပွင့်ကို တော်ရုံလူများ မခူးနိုင်ပေ။

စာရေးသူတို့ငယ်စဉ်က ကမ်းနား၌ ခရာဆူးချုံကြီးရှိသဖြင့် ထိုခရာပန်းများကို လိုချင်သောအခါ လှေသမားများကို ခူးခိုင်းခဲ့ပါသည်။ လှေသမားများကလည်း စာရေးသူတို့ကလေးအုပ်စုနှင့် ခင်မင်နေသဖြင့် စာရေးသူတို့ ကလေးတစ်သိုက် ကစားရန် ခရာပင်များကို ခုတ်ယူပေးခဲ့ပါသည်။

စာရေးသူတို့တစ်သိုက်လည်း ထိုခရာပင်များကို ဓားနှင့်ထိုးပြီး ကစားရာ ခရာဆူးများစူးသဖြင့် လက်ချောင်းကလေးများတွင် သွေးများနီရဲကာ အလွန်နာသည့်အတွက် ခရာများကို လွန်စွာမုန်းခဲ့ပါသည်။ သို့သော် အမှတ်တမဲ့ မုန်းခဲ့မိသော ခရာဆူးသည် စာရေးသူဘဝ တစ်ဆစ်ချိုးတွင် မမေ့နိုင်ဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်တစ်ခုအဖြစ် တိုက်ဆိုင်စွာ ကြုံတွေ့ခဲ့ရပါသည်။

စာရေးသူသည် မြစ်ဝကျွန်းပေါ်ရှိ ဒေးဒရဲမြို့၌ မွေးဖွားခဲ့ပါသည်။ ဒေးဒရဲမြို့ကလေးသည် ထိုမြစ်ကမ်း၌ တည်ရှိပါသည်။

စာရေးသူအိမ်မှာ မြစ်ဆိပ်နှင့် နှစ်ဖာလုံခန့်ဝေးသော ဗိုလ်ချုပ်လမ်းမပေါ်၌ ရှိပါသည်။ မြစ်ဆိပ်ကမ်းသည် အိမ်နှင့် အလှမ်းဝေးသည်ကတစ်ကြောင်း၊ မိဘများမှာ ရေအန္တရာယ် စိုးရိမ်သည်ကတစ်ကြောင်း အကြောင်းအမျိုးမျိုးကြောင့် မြစ်ထဲသို့ ရေဆင်းမချိုးရပေ။

အသက် (၁၅)နှစ်ခန့်ရောက်သောအခါ ဤမြစ်ထဲသို့ ဆင်းကာ အများသူငါ ရေကူးသလို စာရေးသူလည်း ကူးချင်မိပါသည်။

သို့သော်လည်း စည်းကမ်းကြီးသည့် မိသားစုများဖြစ်၍ မြစ်ရေထဲသို့ ဆင်းခွင့်မရ၊ ကူးခွင့်မရှိပေ။

စာရေးသူ၏စိတ်တွင် အင်မတန်ရေကူးချင်သည့်စိတ်များ ပေါ်ပေါက်နေချိန်တွင် စာရေးသူ၏အစ်ကို တစ်ဝမ်းကွဲတော်သူ ကိုဘိုကျော် ရောက်ရှိလာခဲ့ပါသည်။





၄င်းမှာ ဒေးဒရဲမြို့နှင့် နှစ်မိုင်ကျော်ခန့်ဝေးသည့် 'ချောင်းဖျားရွာ' တွင် ကျောင်းဆရာ အလုပ်ကို လုပ်ကိုင်နေသူဖြစ်ပါသည်။

'အစ်ကို… ဘယ်တုန်းက ရောက်လာတာလဲ'

'အခုပဲရောက်တယ်၊ ဈေးထဲကို ဈေးသွားဝယ်လိုက်ဦးမယ်'

ချောင်းဖျားမှာ ရွာဖြစ်သဖြင့် လိုအပ်သောပစ္စည်းများကို ဒေးဒရဲမြို့ပေါ်တွင် လာရောက်ဝယ်ယူကြရပါသည်။ ၄င်းသည် လိုအပ်သော ပစ္စည်းများကို ဝယ်ယူပြီးသောအခါ စာရေးသူတို့အိမ်သို့ ပြန်ဝင်လာပါသည်။

'ညီမရေ… အစ်ကို 'ချောင်းဖျားပြန်မယ်၊ လိုက်ခဲ့မလား'

စာရေးသူသည် ငယ်စဥ်ကပင် ခရီးသွားခြင်းကို ဝါသနာပါသဖြင့် အစ်ကို၏ရွာသို့ လိုက်လံလည်ပတ်လိုစိတ်များဖြစ်လာပါသည်။

'လိုက်တော့ လိုက်ချင်တယ်၊ အမေ့ကို ပြောလိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အေး'

'အမေ… သမီး အစ်ကိုတို့ရွာကို လိုက်သွားချင်လို့'

စာရေးသူက မိခင်ကြီးအား ခွင့်တောင်းရာ မိခင်ကြီးကလည်း လိုလိုလားလား ခွင့်ပြုခဲ့ပါသည်။

'သမီး လိုက်ရင်လိုက်သွား၊ မနက်ဖြန်မှ အမေလာခေါ်မယ်'

'ဟုတ်ကဲ့ အမေ'

စာရေးသူ တကယ်ပင် ပျော်ရွှင်သွားခဲ့ပါသည်။ မိမိသွားလိုသည့်အရပ်ကို သွားခွင့်ပြုသဖြင့် အစ်ကို့စက်ဘီး၏ကယ်ရီယာပေါ်တွင် ပျော်ရွှင်စွာ လိုက်ပါသွားခဲ့ပါသည်။ ထိုစဉ်က ကားလမ်းမရှိသေးပါ။ မြေနီလမ်းသာ ဖြစ်ပါသည်။

အစ်ကို၏ စက်ဘီးကလေးသည် ကုလားတန်းကို ဖြတ်ကျော်ကာ ဆန္ဒင်းမကင်းတံတားသို့ ရောက်လာခဲ့ပါသည်။ ဆန္ဒင်းမကင်း တံတားဟုခေါ်သည်မှာလည်း အကြောင်းရှိပါသည်။

တံတားမှာ ရိုးရိုးတံတားမဟုတ်ဘဲ ဆန္ဒင်းမကင်းလိုးထားသကဲ့သို့ ရွှေစောင်းစောင်းပုံ တည်ဆောက်ထားသည့်





အတွက် ဆန္ဒင်းမကင်းတံတားဟု ခေါ်ပါသည်။

ထိုနေရာ၏ ကြမ်းခင်းများမှာ မညီညာသဖြင့် စက်ဘီးပေါ်မှ ဆင်းခဲ့ရပါသည်။ အစ်ကိုကိုယ်တိုင်လည်း စက်ဘီးပေါ်မှ ဆင်းကာ စက်ဘီးကိုတွန်းရင်း တံတားကိုကျော်ဖြတ်ခဲ့ပါသည်။

ထိုတံတားမှအလွန်တွင် လယ်ကွင်းများကို တွေ့ရှိရပါသည်။ စာရေးသူတို့မောင်နှမသည် စက်ဘီးကလေးကို ဆက်စီးသွားရာ မကြာမီ ချောင်းဖျားရွာသို့ ရောက်ရှိခဲ့ပါသည်။

အစ်ကို၏ ဇနီးနှင့် သားသမီးများမှာ စာရေးသူပါလာသဖြင့် ပျော်ရွှင်စွာဆီးကြိုခဲ့ကြပါသည်။

'မမငွေး… ပါလာတယ်၊ လာပါ… လာပါ'

'အေး… ဟုတ်တယ်၊ မတွေ့တာကြာပြီလို့ လိုက်လာတာ'

'လာ… လာ… အိမ်ထဲဝင်'

မရိုးဖြစ်သူ၏ ဖိတ်ခေါ်မှုကြောင့် ၎င်းတို့၏ အိမ်ထဲသို့ သွားရောက်ခဲ့ပါသည်။ ၎င်းတို့၏အိမ်ကလေးမှာ ချောင်းနံဘေးကို အနောက်ဘက်ထား၍ ဆောက်ထားသည့် အိမ်ကလေးဖြစ်ပြီး အိမ်၏နောက်ဘက်တွင် ချောင်းထဲသို့ဆင်းရန် ခပ်လျှော



www.burmeseclassic.com

www.burmeseclassic.com



လျှော တံတားတစ်ခု ပြုလုပ်ထားပါသည်။

ထိုတံတားမှာ ချောင်းအတွင်း ဒီရေတက်လာလျှင် တံတားထိပ်အထိ ရေများရောက်လာပြီး ထိုတံတားမှ ချောင်းအတွင်းသို့ဆင်းကာ ရေချိုးသော ရေချိုးဆိပ်တံတားတစ်ခုလည်း ဖြစ်ပါသည်။

အစ်ကို၏အိမ်၌ ထမင်းစားပြီးသောအခါ နောက်ဖေးရှိ ရေချိုး ဆိပ်တံတားထိပ်တွင် သွားရောက်ထိုင်နေခဲ့ပါသည်။

ဒီရေသည် တဖြည်းဖြည်းတက်လာရာ တံတား၏ တစ်ဝက်ခန့်သို့ ရောက်လာပါသည်။ အစ်ကို၏ သားသမီးများကား ထိုတံတားမှ ရေထဲသို့ ဒိုင်ဗင်ထိုးကာ ရေကူးနေပါတော့သည်။

'မမငွေး ရေကူးမလား'

'ဟင့်အင်း… ရေမကူးတတ်ဘူး'

'ရေမကူးတတ်လည်း တံတားတစ်ဝက်လောက်မှာ ထိုင်ချိုးပေါ့'

စာရေးသူမှာ နဂိုကပင် ရေထဲဆင်းချင်ချင်။ သူတို့ ကလေးများက ရေကူးနေသည့်အတွက် ပိုပြီး ရေကူးချင်ပါ





သည်။ ရေမကူးတတ်၍ အနိုင်နိုင် စိတ်ကိုထိန်းထားနေသည့် အချိန်တွင် ၄င်းအုပ်စုက ဖိတ်ခေါ်လိုက်သောအခါ ငိုချက်လျက် လက်တို့ဆိုသည့်နှယ်။ ဒေးဒရဲမြို့တွင် ရေမချိုးရသမျှ ချောင်းများရောက်မှ အတိုးချရေချိုးမည်ဟု စိတ်ကူးကာ…

'အေး… ငါလည်း ရေချိုးမယ်'

ထိုသို့ပြောကာ ရေချိုးရန် ဆင်းလာခဲ့ပါသည်။

အစဦးတွင် ရေကြောက်သဖြင့် တံတားတစ်ဝက်ခန့်တွင် ထိုင်ကာ ရေခွက်ဖြင့် ချောင်းရေကို ခပ်ချိုးနေပါသည်။ ဤတွင် အစ်ကို၏ ကလေးအုပ်စုက…

'မမငွေး… ရေထဲဆင်းခဲ့ပါ၊ ရေက တိမ်တိမ်ကလေး ပါ'

ဤသို့ပြောရာ စာရေးသူလည်း ရူးစမ်းလိုသောစိတ်ဖြင့် ရေထဲသို့ ဆင်းခဲ့ပါသည်။ မှန်ပါသည်။ ၄င်းတို့ပြောသကဲ့သို့ ရေမှာ ရင်ညွန့်ခန့်သာရှိပါသည်။

စာရေးသူသည် ရေကူးချင်သဖြင့် ၄င်းတို့ကဲ့သို့ တံတား တိုင်ကိုကိုင်ကာ ရေထဲတွင် ခြေထောက်နှစ်ဖက်ကို ခပ်ကာ ခပ်ကာ ရေချိုးခဲ့ပါသည်။



www.burmeseclassic.com

အမေတို့နှင့်အတူ ဒေးဒရဲမြို့၌နေစဉ် ရေမကူးရသည့်အတွက် အတိုးချကာ ရေထဲတွင် ဆော့ကစားခဲ့ပါသည်။ ရေထဲတွင် ဆော့ကစားရသည့် အတွေ့အကြုံသစ်ကြောင့် စိတ်ထဲတွင် လွန်စွာပျော်ရွှင်လာပါသည်။

ကလေးဘဝ ငယ်စဉ်အရွယ်သည် အန္တရာယ်ကိုလည်း မမြင်ပါ၊ ဆော့ကစားရသည်ကိုသာ ကျေနပ်ပျော်ရွှင်တတ်ပါသည်။ ဤတွင် အန္တရာယ်မှာ တဖြည်းဖြည်း နီးကပ်လာချေပြီ။ ဤသည်မှာ ချောင်းအတွင်း ဒီရေများ အဆမတန်တက်လာရာ တံတားတိုင်ပင် မြုပ်လုလုအခြေအနေ ဖြစ်လာပါသည်။

'ဒီရေတွေ တက်လာပြီ၊ ငါ တံတားပေါ်ပြန်တက်တော့မယ်'

'မမဌေး တက်လေ၊ ကျွန်တော်တို့တော့ ဆက်ပြီး ရေကူးဦးမယ်'

'အေး… အေး'

ထိုသို့ပြောအပြီး စာရေးသူသည် တံတားပေါ်သို့ လှမ်းတက်လိုက်ရာ ခြေချော်ပြီး…

'အမယ်လေး…'





ဟူသော အော်သံနှင့်အတူ ရေထဲသို့ ဗွမ်းခနဲကျသွားပါတော့သည်။ တံတားပေါ်မှ နောက်ပြန်ကျသည့်အရှိန်ကြောင့် တံတား၏ နိမ့်လျှောအတိုင်း ရေထဲသို့ ပက်လက်အနေအထားဖြင့် နစ်မြုပ်သွားပါတော့သည်။

'လုပ်ကြပါဦး၊ မမဌေး ရေနစ်နေပြီ'

ကလေးများက အော်ကြသော်လည်း စာရေးသူမှာ နိမ့်လျှော ကျသွားသည့်အရှိန်ကြောင့် ချောင်းမကြီးအလယ်သို့ တစ်ရှိန်ထိုး ရောက်ရှိသွားပါသည်။ နဂိုကပင် ရေမကူးတတ်သည့်အထဲ၌ ပက်လက်အနေအထားဖြင့် ရေလယ်သို့ ရောက်သွားသောအခါ စာရေးသူ၏ မျက်လုံးထဲတွင် ပြာဝေကာ မိုက်ခနဲဖြစ်သွားပါတော့သည်။

ချောင်းဟုသာဆိုသော်လည်း ဒီရေတက်ချိန်တွင် ရေစီးသန်သဖြင့် ငုပ်လိုက်ပေါ်လိုက်ဖြင့် အရှိန်ပြင်းစွာ မျောပါသွားရာ ကလေးများလည်း စာရေးသူအား မကယ်နိုင်တော့ပါ။ ချောင်းအကျယ်မှာလည်း ပေ (၅၈)ကျော်ခန့်ရှိပြီး အရှိန်ပြင်းစွာ စီးဆင်းသွားသော ချောင်းသည် မြစ်မကြီးနှင့်ပေါင်းစပ်ကာ ဝဲကတော့ကြီးဖြစ်နေပါသည်။ ထိုဝဲကတော့ကြီးမှာ စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



စတင်ရေကူးသောချောင်းနှင့် တစ်ဖာလုံခန့်သာ ဝေးပါသည်။

စာရေးသူသည် ဒလိမ့်ခေါက်ကွေး မျှောပါသွားရာ ဝဲကတော့ကြီးအနီးသို့ ရောက်လာခဲ့ပါသည်။ ဝဲကတော့ဆိုသည့် အရာသည် ဆွဲငင်အား (သို့မဟုတ်) စုတ်အားများသည့်အတွက် ထိုနေရာအနီးသို့ရောက်လေ ရေစီးသန်လေ ဖြစ်နေပါသည်။

ထိုစဉ် မည်သည့်နေရာက မျှောပါလာမှန်းမသိသော ငှက်ပျောတုံးကြီးတစ်တုံးသည် အရှိန်နှင့်မျှောပါလာပြီး စာရေးသူအား တိုက်လိုက်ရာ ရေ၏အရှိန်ကြောင့် ကမ်းစပ်အနီးရှိ လတာပြင် ခရာဆူးချုံအနီးသို့ ရောက်ရှိသွားပါသည်။

ရေနစ်သူသည် ကောက်ရိုးတစ်မျှင်ကိုပင် အားကိုးကာ ဆွဲကိုင်သကဲ့သို့ စာရေးသူလည်း ဆွဲမိဆွဲရာ ဆွဲလိုက်ရာ ခရာပင်များကို ဆွဲမိပါတော့သည်။ ရေစီးသန်ကာ ရိုက်ခတ်လေလေ မျှောပါသွားမည်စိုးသဖြင့် တင်းကျပ်စွာ ဆွဲထားရသည့်အတွက် စာရေးသူ၏လက်တွင် ခရာဆူးများ စူးထားသည်မှာ ရစရာမရှိအောင်ပင်။ သို့သော်လည်း ဆက်မျှောသွားပါက အရှေ့တွင် ဝဲကတော့ကြီးရှိသဖြင့် ခရာဆူးစူးကာမှ စူးစေတော့ဟူသော အတွေးဖြင့် တင်းကျပ်စွာ ကိုင်ထားမိပါသည်။ ခရာဆူးချုံရှိ





ခရာဆူးများက ပိုက်ထားသည့်သဖွယ် ဖြစ်နေသဖြင့် ပို၍မြဲမြံနေပါသည်။

ဤတွင် ကလေးများ အော်ဟစ်အကူအညီတောင်းမှုကြောင့် အစ်ကိုအပါအဝင် လူကြီးများ ရောက်လာခဲ့ပါသည်။ ခရာဆူးချုံနှင့်ကွယ်နေသဖြင့်...

'မငွေးရေ... မငွေးရေ'

ခရာပင်အနီးသို့ ၄င်းတို့အုပ်စု ရောက်လာပြီး အော်ဟစ်ခေါ်နေကြသည့်အတွက်...

'အစ်ကိုရေ... ကျွန်မ ဒီမှာ'

ဟု အော်လိုက်ပါသည်။

အစ်ကိုတို့အုပ်စုလည်း စာရေးသူကို ကယ်တင်သွားခဲ့ပါသည်။ စာရေးသူ၏ လက်ဖဝါးနှစ်ခုလုံးမှာ ခရာဆူးကြောင့် သွေးချင်းချင်းနီနေပါသည်။

'တော်သေးတယ်၊ ငါ့ညီမတော့ ရေရဲ့အရှိန်နဲ့ ပါသွားတာ အရမ်းမြန်တော့ ဝဲကတော့ထဲ ရောက်သွားမှာစိုးလို့ ပူလိုက်ရတာ'

'ဟုတ်တယ်၊ အစ်ကိုတို့နောက်က ရေကူးပြီး အမြန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာတောင် ညီမကို မမီဘူး၊ ရေစီးနဲ့မျောသွားတာ မြန်လိုက်တာ'

'ငှက်ပျောတုံးက တိုက်လိုက်ပေလို့ ခရာဆူးချုံထဲရောက်သွားသလို ခရာဆူးက ငြိတတ်တဲ့သဘောရှိလို့ ရေထဲမျောပါမသွားတာ၊ ငါ့ညီမက ငှက်ပျောတုံးနဲ့ ခရာဆူးကိုကျေးဇူးတင်ရမယ်၊ နို့မို့ရင် မတွေးတောင် မတွေးရဲဘူး'

အစ်ကိုအပါအဝင် ဆွေမျိုးများက ဝိုင်းပြောကြပါသည်။

အစ်ကို၏ အမေကမူ…

'ကံကြီးပေလို့ပေါ့၊ ခရာဆူးချုံနဲ့ ငှက်ပျောတုံးကိုထိုင်ရှိခိုး ရမယ်'

အစ်ကို၏အမေက ရှေးလူကြီးပီပီ ကျေးဇူးတင်စကားအကြောင်း ပြောနေပါသည်။

ထိုအချိန်မှစ၍ ခရာဆူးကို စာရေးသူ မမုန်းတော့ပါ။ ခရာ ဆူးစူးသည်ဟုဆိုသော်လည်း တွယ်ငြိတတ်သည့် စွမ်းရည်သည် လူတစ်ဦး၏အသက်ကို ကယ်တင်နိုင်ခဲ့ပါသည်။ ရေ၌အန္တရာယ်ရှိသော်လည်း ထိုအန္တရာယ်ကို ကာကွယ်ရန် ခရာဆူး





ချုံကလေးများ ကမ်းစပ်အနီးတွင် ပေါက်နေမှန်း စာရေးသူသိလာရပါသည်။

စာရေးသူ၏ မိခင်ကြီးမှာ ဤအကြောင်းသိသွားသည့်အချိန်ကစပြီး မည်သည့်အရပ်သို့မျှ မလွှတ်တော့ပေ။

သို့သော် ဂမ္ဘီရဆန်သည့် အကြောင်းကလေးများနှင့်ဆက်နွယ်နေသော 'ခရာဆူး'အကြောင်းမှာ ဤမျှနှင့် ရပ်သွားပါ။

မိုးဦးကျ လေဦးကျအချိန် မိုးကလေး တဖွဲဖွဲရွာနေပါသည်။ စာရေးသူ၏ အတန်းထဲမှ ယောကျ်ားလေးသူငယ်ချင်းသုံးယောက်သည် တိုးမြစ်ထဲ၌ ရေဆင်းကူးနေပါသည်။ မိုးရွာချိန် ရေကူးရသည်မှာ ပို၍ကောင်းပါသည်။

မိုးစက်ရေအေးအေးကလေး ကိုယ်ပေါ်သို့ကျ၍ အေးသွင် မြစ်ရေနွေးနွေးထဲ စိမ် လိုက်ကြပါသည်။ ခံစားရသည့်အရသာမှာ အအေးနှင့် အနွေးဖြစ်၍ လွန်စွာနေ၍ကောင်းသဖြင့်နီးဇော်တို့အုပ်စု ရေဆင်းကူး နေခြင်းဖြစ်ပါသည်။

ထိုစဉ် ဖိုးဇော်၏ ဝဲဘက်ခြေချင်းဝတ်၌ 'ဆတ်ခနဲ'ဆွဲလိုက်သလို ခံစားရသဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး… ဘာကောင်လဲမသိဘူး၊ ခြေထောက်ကို ကိုက်တယ်'

'ဟော့ကောင်ရေ… ကြည့်လုပ်ဦး၊ 'ဂျပ်'ဖြစ်နေဦးမယ်'

မြန်မာနိုင်ငံအောက်ပိုင်း ရေချိုရေငန် စပ်သည့်ဒေသ၌ 'ဂျပ်'ခေါ် ရေမြွေပွေးဟုခေါ်သော ရေပျော်မြွေတစ်မျိုး ရှိပါသည်။ မိုးဦးကျအချိန်တွင် ၎င်းတို့လည်း ရေတွင် မြူးတူးကြပါသည်။

ထို့ကြောင့် ဖိုးဇော်လည်း ရေထဲမှ ကုန်းပေါ်သို့တက်လာကာ ၎င်း၏ခြေထောက်ကို ကြည့်လိုက်သောအခါ သွေးအနည်းငယ်စို့နေသည်ကို တွေ့လိုက်ရပါသည်။ ထို့နောက်…

'သူငယ်ချင်း… ငါ့မျက်လုံးတွေ လေးလာသလိုပဲ'

'ဒါဆို ဂျပ်ကိုက်ပြီထင်ပါရဲ့၊ ဂျပ်ကိုက်ရင် ဆေးမမီဘူးလို့ ပြောတယ်၊ ဖိုးဇော်ကို အိမ်ရောက်အောင် အမြန်ပြန်ပို့မှ ဖြစ်မယ်'

ကျန်သူငယ်ချင်းနှစ်ယောက်မှာ ဖိုးဇော်အားထမ်း၍ အိမ်သို့ ပို့ဆောင်ပေးခဲ့ပါသည်။ ဖိုးဇော်သည် ဂျပ်၏အစွယ်ဖြင့်





တိုက်ခဲ့ခြင်းခံရသည့်အတွက် အလွန်အမင်း အိပ်ချင်နေပါတော့သည်။

ထိုစဉ်က စာရေးသူ၏ ဘကြီးဖြစ်သူ မြန်မာတိုင်းရင်းဆေး ဆေးဆရာကြီး ဦးမောင်လှမှာ ဒေးဒရဲမြို့၌ ရောက်ရှိနေထိုက်နှင့်ကြသဖြင့် ဖိုးဇော်အား ဆေးကုပေးရန် လိုက်သွားခဲ့ပါသည်။

ဖိုးဇော်ကား ခန္ဓာကိုယ်သည် အလွန်ပင် လေးလံနေသဖြင့် ဆရာကြီးမှ ရေတ်သီးစိမ်းအချို့ကိုယူကာ…

'ကဲ… ကဲ… လူလေး ဒါလေးကို ဝါးကြည့်စမ်း'ဟု ပြောပြီး ရေတ်သီးစိမ်း ဝါးနိုင်းခဲ့ပါသည်။

'လူလေး… ဘယ်လိုနေလဲ၊ စပ်သလား'

'မစပ်ဘူး အဘ'

ဖိုးဇော်ကား ရေတ်သီးစိမ်းပင် မစပ်တော့ပြီ။ ဖိုးဆေးဆရာကြီး ဦးမောင်လှသည် ရေတ်သီးစိမ်းမစပ်ကတည်းက အဆိပ်ပြင်းနေသည်ကို သိလိုက်ပါသည်။

'ကဲ… ကျန်တဲ့တစ်ယောက်က ခရာပင် သုံးလေးပင် ခူးခဲ့ပြီးရောက် သွားနှုတ်ခဲ့ပါ'



www.burmeseclassic.com

www.burmeseclassic.com



ဖိုးဇော်တို့အိမ်သည် မြစ်ဆိပ်ကမ်းနှင့် များစွာမဝေး သဖြင့် ငှင်းသူငယ်ချင်းကာစ်ယောက်က ခရာပင် သုံးလေးပင်ခန့် နှုတ်လာပါသည်။

ဆရာဦးမောင်လှသည် ခရာပင်၏အမြစ်ကို ရေစင် အောင်ဆေးပြီး ကျောက်ပျဉ်တွင် သွေးပါတော့သည်။

ချွဲပျစ်ပျစ် ဆေးရည် ရလာသောအခါ ဖိုးဇော်ကို တိုက် လိုက်ပါသည်။

'လူလေး… ဒီဆေးလေးသောက်လိုက်၊ ဟုတ်ပြီ ဟုတ်ပြီ'

လူနာမှာ လွန်စွာအိပ်ချင်သဖြင့် ဆေးကို ချော့တိုက်ရ ပါသည်။ ခရာဆူးပါသည့် ခရာရွက်များကို ထုထောင်းကာ အနာ၌ အုံပေးရင်း…

'ဆေးဝင်သွားပြီဆိုတော့ မကြာခင် ပြန်ကောင်းသွား မှာ၊ ဂျပ်မြွေရဲ့အဆိပ်ဟာ အခြားမြွေတွေရဲ့အဆိပ်နဲ့ မတူဘူး အအေးဆိပ်ဖြစ်တဲ့အတွက် ရေခရာကလွဲလို့ အခြား ဘာနဲ့မှ မပျောက်ဘူး၊ ရေခရာဟာ အဆိပ်ကို အမြန်ဆုံးပြေစေပါတယ်'

ဆရာကြီးက ဤသို့ပြောပြီး မကြာမီ ဖိုးဇော်မှာ အိပ်





ချင်ပြေသွားပြီး ထထိုင်လိုက်ပါသည်။

'အမေ… သွားမအိပ်ချင်တော့ဘူး' ဟု ပြောရာ ဆရာ ကြီးမှ…

'ဒါဆိုရင် လူလေးရောဂါ ပျောက်ပါပြီ'

ဆရာကြီးဦးမောင်လှ ကုလိုက်သည်မှာ နာရီဝက်ခန့်ပင် မကြာပါ။ လူနာဖိုးဇော် ကောင်းစွာ ရောဂါပျောက်ကင်းသွားခဲ့ ပါသည်။ ယခင်ကဆိုလျှင် ဂျပ်ကိုက်ပြီဆိုသည်နှင့် အသက်ရှင် သမ်း မရှိတော့ပေ။ ထိုသူသည် လွန်စွာအိပ်ချင်လာပြီး မနိုး သောအိပ်ခြင်းဖြင့် တမလွန်သို့ ရောက်သွားကြပါသည်။

ယခုမူ ရေထဲမှ ရေမြွေပွေး၏အဆိပ်ကို ရေစပ်တွင် ပေါက်သည့် ခရာပင်က ကောင်းစွာစုပ်ယူကာ အဆိပ်ပြေခဲ့လေ ပြီ။ လောကကြီးတွင် ဆန်းကြယ်သောအကြောင်းများ ရှိပါ သည်။

ရေမြွေပွေး၏ အအေးဆိပ်ကို လူတကာ အရေးမထား သည့် ခရာပင်က စုပ်ယူနိုင်စွမ်းရှိအောင် ဂမ္ဘီရဆန်စွာ ဆက်စပ်မှု ရှိသည်ကို စာရေးသူကိုယ်တွေ့ကြုံ၍ ယုံလိုက်ရပါသည်။

ယခင်တစ်ခါက ကမ်းစပ်၌ပေါက်နေသော တန်ဖိုးမရှိ



www.burmeseclassic.com

www.burmeseclassic.com



ဟု ယူဆခဲ့သည့် ခရာဆူးများသည် စာရေးသူနှင့် စာရေးသူ၏ သူငယ်ချင်း ဖိုးဇော်၏အသက်ကို ကယ်ခဲ့သည့်အတွက် စာရေးသူ ငယ်ဘဝ၏ အမှတ်တရမှတ်တိုင်တစ်ခုဟုဆိုပါမှ မှားလိမ့်မည်မဟုတ်ချေ။

**အိုယွန်းယှဉ်**

✡ ✡ ✡



www.burmeseclassic.com